ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့၊ (20-10-2014) (၇၉၉၉)

**အာရတီ တော်မင်္ဂလ မုတ္တမံ**

**မကောင်းမှုမဖြစ်အောင် စိတ်ဖြင့် ရှောင်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။**

**မိုးရွာသွန်းမှု**

၁၉-၁၀-၂၀၁၄

| | |
|---|---|
| မိုးမိတ် | ၃ ဒသမ ၃၁ လက်မ |
| စဉ့်ကူး | ၂ ဒသမ ၇၆ လက်မ |
| မိုးကုတ် | ၂ ဒသမ ၆၄ လက်မ |
| ပန်းမော် | ၂ ဒသမ ၀၄ လက်မ |
| ရွှေဘို | ၁ ဒသမ ၈၁ လက်မ |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရင်မြို့ရှိ အကြီးစားစက်မှုလုပ်ငန်းများအား ကြည့်ရှုလေ့လာ

**တူရင် အောက်တိုဘာ ၁၉**

အီတလီနိုင်ငံ မီလန်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် တူရင်မြို့တော်ဝန် မစ္စတာပရီရိုဖက်ဆီနို၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် မီလန်မြို့မှ တူရင်မြို့သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိကြပြီး တူရင်မြို့ရှိ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့် အကြီးစားစက်မှုလုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့သည်။

တူရင်မြို့သည် အီတလီနိုင်ငံမြောက်ပိုင်းရှိ ပြဲမောင့်တေးပြည်နယ်၏ မြို့တော်ဖြစ်ပြီး အီတလီမြို့ကြီးများအနက် တတိယအကြီးဆုံးမြို့ဖြစ်သည်။ တူရင်မြို့သည် စက်မှုလုပ်ငန်းများ အဓိကထွန်းကားသည့်အပြင် ရှေးဟောင်းပြတိုက်များနှင့် နှစ်ပေါင်း ၆၀၀ ကျော် သက်တမ်းရှိသည့် University of Turin နှင့် Turin Polytechnic တို့သည် ထင်ရှားကျော်ကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် တူရင်မြို့ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့် IREN ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေမှုနှင့် လုပ်ငန်းများကို လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် တူရင်မြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် မစ္စတာအန်ဒရီရာ ဂါနီလိုင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ညနေပိုင်းတွင် တူရင်မြို့ရှိ ဖီးယက်ကုမ္ပဏီ၏ Maserati အဆင့်မြင့်မော်တော်ယာဉ် စက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက စက်ရုံ၏သမိုင်းကြောင်းနှင့် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းတို့ကို လိုက်လံရှင်းလင်း ပြသကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရင်မြို့ရှိ ဖီးယက်ကုမ္ပဏီ၏ Maserati အဆင့်မြင့်မော်တော်ယာဉ်စက်ရုံ၌ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများအား ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

**နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်**

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဆွစ်ဇာလန်ဖောင်ဒေးရှင်းတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဆွစ်ဇာလန်ဖောင်ဒေးရှင်း (Swiss Foundation for Development Cooperation-SWISSAID) တို့အကြား ကချင်နှင့်ရှမ်းပြည်နယ်တို့၌ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနှင့်သဘာဝ အရင်းအမြစ်များဖြင့် ကျေးလက်ဒေသ ဘက်ပေါင်းစုံ ဖွံ့ဖြိုးရေးစီမံချက်ကို SWISSAID ၏ထည့်ဝင်ငွေ အမေရိကန် ဒေါ်လာ ၃၀၃၀၄၀၀ ဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ သုံးနှစ်ကြာ ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding-MoU)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့(၃၈/၂၀၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ခွင့်ပြုချက်ဖြင့် (၃-၁-၂၀၁၃)ရက်တွင် လက်မှတ်ရေးထိုး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ်များဖြင့် ကျေးလက်ဒေသ ဘက်ပေါင်းစုံ ဖွံ့ဖြိုးရေးစီမံချက်အနေဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ မိုးကောင်း၊ မိုးမောက်၊ မန်စီ၊ ရွှေကူနှင့် နောင်မွန်းမြို့နယ်များနှင့် ရှမ်းပြည်နယ် တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်းတယ၊ ကျိုင်းတုံ၊ လားရှိုး၊ ကွတ်ခိုင်မြို့နယ်တို့တွင် စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝအရင်းအမြစ် ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ဂျင်ဒါနှင့် အမျိုးသမီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စီမံကိန်းစတင် အကောင်အထည်ဖော်သည့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၄ ခုနှစ် ဇွန်လအထိ အမေရိကန်ဒေါ်လာ ၁၉၇၀၉၅၃ သုံးစွဲ၍ အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်- (က)စားနပ်ရိက္ခာဖူလုံရေးကဏ္ဍ၊ (ခ)လူထုအခြေပြုအသေးစား

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖



အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့် ၂၀-၁၀-၂၀၁၄၊ တနင်္လာနေ့**

## လူမှုအကျိုးပြုကြသူများ

တစ်ဦးနှင့်တစ်ဦးအချင်းချင်းကြား ရိုင်းပင်းကူညီဖေးဖေးမမနှင့် နွေးထွေးမှုပေးတတ်ခြင်းသည် လူ့နယ်ပယ်၏ လူသားပီသမှုသင်္ကေတ လက္ခဏာတစ်ခုဖြစ်သည်။ ဤအမူအကျင့်ကောင်းမျိုး လူတိုင်းမှာမရှိပါ။ လက်ညှိုးလက်မ မညီမျှလောကသဘာဝမို့ မိမိတို့ဖြေလျှော့လက်ခံပေးနိုင်ကြရမည်သာ။ သို့သော် စန္ဒကူးသည် တောတိုင်းမှာမပေါက်ရောက်တတ်။ ပေါက်သည့်တောမှာကား စုပြုံအုံနှင့်ကျင်းနှင့် တစ်တောလုံးလွှမ်းခြုံပေါက်ရောက်တတ်စမြဲသာတည်း။

မိမိတို့နိုင်ငံတွင်လည်း လူတစ်ဦး၊ လူတစ်စုမှသည် အဖွဲ့အစည်းတစ်ခုစသဖြင့် တူရာတူရာစုစည်းကာ ကူညီပံ့ပိုး၍ လောကအကျိုးသယ်ပိုးနေကြသူများ၊ အဖွဲ့အစည်းများ အများအပြားရှိနေသည်။ နာရေး၊ သာရေး၊ လူမှုရေး၊ တိရစ္ဆာန်များ စောင့်ရှောက်ကာကွယ်ရေး၊ ဥပမာအားဖြင့် ခွေးလေခွေးလွင့်များကို တစ်နိုင်တစ်ပိုင်စောင့်ရှောက်ကာကွယ် ကျွေးမွေးမပျက်ရှိနေကြသော ခွေးချစ်သူများ၊ ကျေးဇူးရှင် ကျွဲ၊ နွားများကို ရက်စက်နေကြသူများအန္တရာယ်မှ ကာကွယ်ပေးဖို့ကြိုးစားနေကြသော ရဟန်းရှင်လူပြည်သူများ။ မေတ္တာကို အခြေခံသည့် ဘာသာတရားအဆုံးအမကောင်းအောက်မှ မြန်မာ့လူ့အဖွဲ့အစည်း၏ ရိုင်းပင်းကူညီလူမှုဝန်ထမ်းစိတ်ဓာတ်ကောင်းများကို မျက်ဝါးထင်ထင်မြင်တွေ့နိုင်ပါသည်။

မိမိတို့နိုင်ငံတွင် ဤကဲ့သို့ လူမှုကူညီရေးအဖွဲ့အစည်းများရှိသကဲ့သို့၊ ဤကဲ့သို့သောစိတ်ဓာတ်မျိုးကိုအခြေခံသည့် ဝန်ကြီးဌာနတစ်ခုလည်းရှိပါသည်။ နေ့စားအလုပ်သမားမှသည် အမြဲတမ်းတာဝန်ထမ်းဆောင်နေကြသည့် ကုမ္ပဏီဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ နစ်နာမှုမရှိစေရေး ဖေးမကူညီစောင့်ရှောက်ကာကွယ်ပေးလျက်ရှိနေသည့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနပင်ဖြစ်ပါသည်။

နိုင်ငံတော်မှပြဋ္ဌာန်းပေးခဲ့သည့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ မဝင်မနေရပြဋ္ဌာန်းချက်နှင့်သက်ဆိုင်သည့် အလုပ်ရှင်များမှ မိမိတို့၏လုပ်သားများအတွက် လူမှုဖူလုံရေးထည့်ဝင်ကြေးပေးသွင်းရန်ပျက်ကွက်ပါက လူမှုဖူလုံရေးဌာနမှ အဆိုပါလုပ်ငန်းရှင်ကိုခေါ်ယူသတိပေးခြင်း၊ မလိုက်နာပါက လူမှုဖူလုံရေးဥပဒေအတိုင်း ထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်အပြစ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိနေသည်။ အားငယ်သူအားပေးတတ်ကြသော မြန်မာ့လူ့အဖွဲ့အစည်း၏ ကရုဏာတရားလွှမ်းခြုံထားမှု နမူနာတစ်ခုဟု ဆိုရပါမည်။

လူမှုဖူလုံရေးထည့်ဝင်ကြေးပေးသွင်းရာတွင် ဥပဒေပါအကျိုးခံစားခွင့်များဖြစ်သည့် အလုပ်ရှင်နှင့်အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်တို့အတွက် အလုပ်သမား လစဉ်ဝင်ငွေအပေါ်မူတည်၍ အလုပ်ရှင်ဘက်မှ နှစ်ရာခိုင်နှုန်း၊ အလုပ်သမား၏လစာမှ နှစ်ရာခိုင်နှုန်းပေးသွင်းရမည်ဖြစ်သကဲ့သို့ အလုပ်တွင်ထိခိုက်မှုအာမခံစနစ်အတွက် အဆိုပါအလုပ်သမားလစဉ်ဝင်ငွေမှ တစ်ရာခိုင်နှုန်းကိုလည်း လစဉ်ပုံမှန်ပေးသွင်းလျက် ကျန်းမာရေးအာမခံချက်ကို ကြိုတင်ထားကြသည်။ သို့သော် အလုပ်သမားများဘက်မှ ပုံမှန်ရှိပါလျက် အလုပ်ရှင်များဘက်မှ ထည့်ဝင်ကူပေးရမည့် သတ်မှတ်ချက်တွင် တချို့လုပ်ငန်းရှင်များဘက်မှ လိုက်နာမှုမရှိ ပျက်ကွက်လာနေကြရာ ဥပဒေအရအသိပေး အရေးယူ၊ အများပြည်သူဘက်မှရပ်တည်ပေးနေသော နိုင်ငံတော်၏လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များအနက် တချို့၏အားနည်းချက်များရှိနေသည်မှာလည်း လောဘသားတို့၏သဘာဝဟုဆိုရလိမ့်မည်။ ထိုနည်းတူ အလုပ်သမားပြည်သူများအကျိုးကို သယ်ပိုးရွက်ဆောင်တာဝန်ယူ၊ တာဝန်ကျေပွန်လျက်ရှိနေသော အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ မြေပြင်ကွင်းဆင်း အောက်ခြေဝန်ထမ်းတချို့၏ အလုပ်သမားများအပေါ် ပမာမခန့်နှင့် မောက်မာမှုတချို့ကိုတွေ့နေရခြင်းမှာလည်း စရိုက်နှင့်ဆိုင်သည့် လူ့မနောသဘာဝတစ်ခုသာဖြစ်ပါလိမ့်မည်။

မည်သို့ဆိုစေ လူ့အရေးအရာ၊ လူမှုဘဝအခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီဝန်ဆောင်မှုပေးလျက်ရှိနေသော ဤဌာနသည် အာမခံလုပ်သား ခုနစ်သိန်းကျော်၏ ကျန်းမာရေးနှင့်လူမှုစောင့်ရှောက်မှုအာမခံ၊ ၎င်းအလုပ်သမားများနှင့် ဆက်နွယ်သည့်မိသားစု ထောက်ပံ့မှုအာမခံနှင့် လုပ်ငန်းခွင်ထိခိုက်မှုအာမခံစနစ်များကို ဥပဒေမူဘောင်အတွင်းမှ တရားမျှတ၊ စနစ်တကျနှင့် အကျိုးဆောင်ပေးနေသော မိမိတို့နိုင်ငံ၏ဂုဏ်ယူစရာ လူမှုဘဝအဖုံဖုံကို မြှင့်တင်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း။ ။

## အင်းလေးဒေသပတ်ဝန်းကျင်ရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၇ ရက် နံနက် ၆ နာရီတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်အနောက်ဘက်ကမ်းရှိ ကျေးပေါခုံကျေးရွာရှိ ရေပြန်းရေထွက်မှ ကျေးပေါခုံ၊ သာလေး၊ အင်းပေါခုံနှင့် မိုင်းပျိုးကျေးရွာအုပ်စုများသို့ သန့်ရှင်းသောသောက်သုံးရေ သွယ်တန်းပေးပို့နေသည့် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီဖြင့် Terra People Association နှင့် အင်းလေးဒေသခံပြည်သူများ စုပေါင်း၍ဆောက်လုပ်ထားသည့် ရေစု ရေစစ်ကန်နှင့် ရေပိုက်သွယ်တန်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းတိန်-ကျေးပေါခုံ ကျေးရွာချင်းဆက် မြေသားလမ်း တစ်လျှောက် မြေသားလမ်းနှင့် တံတားများအားကြည့်ရှုစစ်ဆေးပြီး ကျေးပေါခုံ(မြောက်) ကျေးရွာသို့ ရောက်ရှိကာ ဒေသခံအင်းသူ အင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းတိန်ကျေးရွာသို့ ရောက်ရှိပြီး ကျေးပေါခုံ-အင်းတိန်ကျေးရွာအုပ်စုများရှိ ကျေးရွာ ၂၀ မှ ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များနှင့်တွေ့ဆုံပြီး ကျန်းမာရေးလိုအပ်ချက်များ၊ လျှပ်စစ်မီးရရှိရေးနည်းလမ်းများ၊ နားတောင်းကျကျေးရွာသောက်သုံးရေလှောင်ကန်ရရှိရေး၊ အင်းတိုင်-မြေဖြူကျေးရွာချင်းဆက်လမ်းဖောက်လုပ်နိုင်ရေး၊ နားတောင်းကျ-ကျေးပေါခုံ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နိုင်ရေး၊ တောင်ပို့ကြီးကျေးရွာအဝင်လမ်း ဖောက်လုပ်နိုင်ရေး၊ တောင်ခမောက်ကျေးရွာ မိုးရေလှောင်ကန်ပြုလုပ်နိုင်ရေး ဖြည့်ဆည်းဆောက်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းလေးအနောက်ဘက်ကမ်းဒေသ ပေါင်းပိုင်းကျေးရွာသို့ရောက်ရှိပြီး ရေပယ်ဘောက်၊ ညောင်ပင်သာ၊ ရွှေတောင်ဦး၊ ဈေးမြောက်၊ ဈေးတောင်၊ ပေါင်းပိုင်းရွာမ၊ ပျားပင် ကျေးရွာများမှ အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ခေါင်တိုင်ကျေးရွာအုပ်စုတွင် လျှပ်စစ်မီးများ ရရှိနေပြီဖြစ်၍ မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ကျေးရွာများ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းလေးကန်အတွင်းရှိ ကေလာကျေးရွာသို့ ရောက်ရှိပြီး ကေလာ၊ ငဖယ်ချောင်းနှင့် ရွာမ ကျေးရွာအုပ်စုများမှ ကျေးရွာ ၂၇ ရွာရှိ ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ သောက်သုံးရေလှောင်ကန်ရရှိရေး ကွင်းဆင်းတိုင်းတာ ဆောင်ရွက်သွားနိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့်အတူ ညနေ ၃ နာရီခွဲတွင် ညောင်ရွှေမြို့နယ် အင်းလေးကန် အရှေ့ဘက်ကမ်းဒေသရှိ နောင်ကျင်ကျေးရွာသို့ ရောက်ရှိပြီး မဟာစည်သာသနာ့ရိပ်သာ၌ နန်းပန်၊ အင်းပေါခုံ၊ ကျောက်ထိုင်၊ အင်းယား၊ တောင်တို၊ နောင်တော၊ မိုင်းပျိုး၊ သလဲဦးနှင့် နန်းသဲကျေးရွာအုပ်စုများမှ အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**



## ညောင်ဦး၌ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၁၉**

ညောင်ဦးမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား မိုးရာသီအားကစားပြိုင်ပွဲ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ရွှေစည်းခုံဘုရား တောင်ဘက်မုခ်အနီး ကွင်းပြင်၌ အောက်တိုဘာ ၄ ရက်မှ စတင်ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲသို့ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အားကစားအသင်းများ လာရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ဘော်လီဘောပြိုင်ပွဲဝင် ၂၇ သင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲဝင် အသင်း ၃၀ တို့ပါဝင်၍ အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲကာလမှာ ၂၅ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အသင်းများအား ဒိုင်းဆုနှင့် အားကစားသမားတစ်ဦးချင်းစီအတွက် ရွှေ၊ ငွေ၊ ကြေးဆွဲပြားများအပြင် ဘော်လီဘောပြိုင်ပွဲတွင် ပထမဆု ငါးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယဆု နှစ်သိန်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆု သုံးသိန်း၊ ဒုတိယဆု နှစ်သိန်း၊ တတိယဆု တစ်သိန်း၊ ပြိုင်ပွဲနှစ်ရပ်တွင် နှစ်သိမ့်ဆုရအသင်း ငါးသင်းအား ကျပ်ငါးသောင်းစီဖြင့် ထိုက်တန်စွာချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲများကျင်းပရခြင်းမှာ မြို့နယ်အတွက် အားထားရမည့် ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာရေးရည်ရွယ်ကြောင်း၊ ထူးချွန်သည့်အားကစားသမားများ ရွေးချယ်ပြီးပါက တိုင်းဒေသကြီးမှ ကျင်းပသော အားကစားပြိုင်ပွဲများတွင် ခရိုင်ကိုယ်စားပြုအဖြစ် စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**






ပြည်တွင်းရေးရာ

☆ **ရွှေဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတသည် CNH စက်မှုလုပ်ငန်းစုသို့ သွားရောက်လေ့လာခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တူရင်မြို့ မြို့တော်ဝန် မစ္စတာ ပရီရိုဖက်ဆီနိုနှင့် မြို့တော်ဝန်ရုံးခန်း၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား တူရင်မြို့တော်ဝန်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နိုင်ငံတော်သမ္မတသည် စက်ရုံများသို့လှည့်လည်ကြည့်ရှုစဉ်နှင့် တူရင်မြို့တော်ဝန်နှင့် တွေ့ဆုံစဉ်တို့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် အီတလီနိုင်ငံ တူရင်မြို့တို့အကြား ညီအစ်မမြို့များ တည်ထောင်ရေး၊ တူရင်တက္ကသိုလ်နှင့် မြန်မာနိုင်ငံစက်မှုတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်ရေး၊ ထူးချွန်ကျောင်းသားများကို ပညာတော်သင်အဖြစ်လက်ခံရေး၊ တူရင်အခြေစိုက်နည်းပညာကောလိပ်များ၊ သက်မွေးပညာကျောင်းများသို့ မြန်မာပညာတော်သင်များစေလွှတ်ရေး၊ တူရင်အခြေစိုက် CNH စက်မှုလုပ်ငန်းစုအနေဖြင့် မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသည့် New Holland အမျိုးအစား လယ်ယာသုံးစက်ကိရိယာများ၊ IVECO အမျိုးအစား ဆောက်လုပ်ရေးနှင့် သတ္တုလုပ်ငန်းသုံးစက်ယန္တရားများ ကိုင်တွယ်အသုံးပြုခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ သင်တန်းများ ဖွင့်လှစ်ပို့ချရေး၊ တူရင်အခြေစိုက် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့လာရောက်ပြီး ရင်းနှီးမြှုပ်နှံမှုအလားအလာများ လေ့လာဆွေးနွေးရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများနှင့် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်နိုင်မည့်နည်းပညာများဖလှယ်ရေး၊ ရှေးဟောင်းအမွေအနှစ်နှင့် ယဉ်ကျေးမှုအနုပညာများ ထိန်းသိမ်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတို့ကို ပြောကြားခဲ့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တူရင်မြို့ မြို့တော်ဝန် မစ္စတာ ပရီရိုဖက်ဆီနိုတို့ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထုတ်လုပ်သည့် IREN ကုမ္ပဏီတွင် ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် CNH စက်မှုလုပ်ငန်းစုတွင် ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

❖ **နယ်စပ်ဒေသမှ**

ငွေစုငွေချေးလုပ်ငန်း၊ (ဂ)လူထုအခြေပြုအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ (ဃ)အိမ်ထောင်စုဝင်ငွေတိုးလုပ်ငန်းများ၊ (င) သဘာဝအရင်းအမြစ်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲခြင်းကဏ္ဍ၊ (စ)စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍနှင့် (ဆ)ကျင်ဒါနှင့်အမျိုးသမီးဖွံ့ဖြိုးမှုကဏ္ဍတို့ဖြစ်သည်။

အထက်ပါ အဓိကလုပ်ငန်းကြီး (၄)ရပ်ကို စီမံကိန်းဒေသများတွင် စီမံကိန်းနှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိရာ ကျေးရွာလူထုအား စွမ်းဆောင်ရည်မြှင့်သင်တန်းပေးခြင်း၊ ကိုယ့်အားကိုယ်ကိုးအဖွဲ့များဖွဲ့စည်းထူထောင်ပေးခြင်းနှင့် ယင်းအဖွဲ့များမှ လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ဝင်ငွေတိုးပွားရရှိရေးလုပ်ငန်းများအတွက် လိုအပ်သည့်မတည်ငွေအား ထည့်ဝင်ပေးခြင်းဖြင့် လူထုအခြေပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဒေသခံလူထုတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေပါရမီ သွေးလှူဒါန်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၉**

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့် ဒါယကာ ဒါယိကာမများဦးဆောင်ကာ (၂၉) ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲအထိမ်းအမှတ်အဖြစ် ယနေ့ နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာန၌ ဆရာတော်နှင့်အတူ ရဟန်းသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး ဆရာလေးများ၊ လူပုဂ္ဂိုလ်များ အပါအဝင် စုစုပေါင်း ၈၈၅ ဦးတို့က စုပေါင်း သွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ကိုချစ်)**

# လစ်ဗျား၌ တိုက်ခိုက်မှုများ ရပ်ဆိုင်းကြရန် အမေရိကန်နှင့် ဥရောပမဟာမိတ်နိုင်ငံများ တိုက်တွန်း

**ဝါရှင်တန် အောက်တိုဘာ ၁၉**

လစ်ဗျားနိုင်ငံ၌ ဖြစ်ပွားနေသည့် လက်နက်ကိုင်တိုက်ခိုက်မှုများအား ချက်ချင်း ရပ်ဆိုင်းရန် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်ဥရောပလေးနိုင်ငံဖြစ်သည့် ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနှင့် အီတလီနိုင်ငံတို့က တိုက်တွန်းကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံ၌ လက်ရှိကြုံတွေ့နေရသော အကျပ်အတည်းကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်း၍မရကြောင်း အဆိုပါနိုင်ငံများ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံအရှေ့ပိုင်း ဘင်ဂါဇီမြို့တွင် လစ်ဗျားအစိုးရတပ်ဖွဲ့များနှင့် စစ်သွေးကြွသူပုန်အဖွဲ့များ တိုက်ခိုက်မှုကြောင့် မကြာသေးမီကပင် ပြည်သူဒါဇင်များစွာ သေဆုံးခဲ့ရသည်။

၂၀၁၁ ခုနှစ်တွင် လစ်ဗျားခေါင်းဆောင်ဗိုလ်မှူးကြီး မွမ်မာကဒါဖီအား ရာထူးမှ ဖယ်ရှားခဲ့ပြီးကတည်းကပင် လစ်ဗျားနိုင်ငံမှာ တည်ငြိမ်မှုကင်းမဲ့နေသည်။

လစ်ဗျားနိုင်ငံ၌ အကြိတ်အနယ်တိုက်ခိုက်မှုများ မြင့်တက်လာပါက ၎င်းနိုင်ငံသည် လစ်ဗျားနှင့် နိုင်ငံတကာ အကြမ်းဖက်အုပ်စုများအတွက် လုံခြုံစိတ်ချရသော ကွန်းခိုရာအဖြစ် ဆက်လက်တည်ရှိနေမည်ဟု ၎င်းကြေညာချက် တွင်ဖော်ပြသည်။

အငြိမ်းစားလစ်ဗျားဗိုလ်ချုပ်ကြီး ခါလီဖာ ဟက်ဖ်တာက အောက်တိုဘာ ၁၅ ရက်တွင် အစ္စလာမ္မစ်သူပုန် တပ်ဖွဲ့များအား တိုက်ခိုက်မှု စတင်ပြုလုပ်ခဲ့ပြီးနောက်တွင် အနောက်အုပ်စုက ၎င်းတို့၏ စိုးရိမ်ပူပန်မှုကို ဖော်ပြခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**



အစိုးရနှင့် စစ်သွေးကြွများအကြား တိုက်ခိုက်မှုများဖြစ်ပွားနေသည့် လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့၌ စစ်သွေးကြွများအား တွေ့ရစဉ်။



အစ္စလာမ္မစ်နိုင်ငံ(အိုင်အက်စ်)အား ထောက်ပံ့ပေးနေသူတစ်ဦးကို ဂျာမန်ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်လာစဉ်။

# အိုင်အက်စ်ထောက်ပံ့သူနှစ်ဦး ဂျာမန်ရဲတပ်ဖွဲ့ ဖမ်းဆီး

**ဘာလင် အောက်တိုဘာ ၁၉**

ဂျာမန်ရဲတပ်ဖွဲ့သည် အစ္စလာမ္မစ်နိုင်ငံ(အိုင်အက်စ်)ကို ထောက်ပံ့လျက်ရှိသည်ဟု သံသယရှိသော အမျိုးသားနှစ်ဦးကို ဖမ်းဆီးခဲ့ပြီး စစ်သွေးကြွ အစ္စလာမ္မစ်အုပ်စုများကို ထောက်ပံ့သူများဟု မသင်္ကာရသူ ၁၃ ဦး၏ နေအိမ်များကိုလည်း ဝင်ရောက်စီးနင်းခဲ့ကြောင်း အစိုးရရှေ့နေများက စနေနေ့တွင် ပြောသည်။

အာချင်မြို့အနောက်ပိုင်း၌ ဖမ်းဆီးခဲ့သော အမျိုးသားနှစ်ဦးအနက် တစ်ဦးမှာ တူနီးရှားနိုင်ငံသား အသက် ၃၈ နှစ်ရှိ ကာဖဲလ်ဘင်ယာဟီယာအက်စ်ဆိုသူဖြစ်ပြီး ကျန်တစ်ဦးမှာ အသက် ၂၈ နှစ်ရှိ ရုရှားနိုင်ငံသား ယူဆွတ်ဂျီ ဖြစ်ကြောင်း အစိုးရရှေ့နေများ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

တူနီးရှားနိုင်ငံသားသည် ၂၀၁၃ ခုနှစ် ဇူလိုင်မှစ၍ အိုင်အက်စ်ကို ငွေသား ယူရို ၃၄၀၀နှင့် ယူရို ၁၁၀၀တန်ဖိုးရှိသည့် အဝတ်အထည်များ ထောက်ပံ့ခဲ့သည်ဟု သံသယရှိသည်။ ယင်းအပြင် ဂျာမနီနိုင်ငံမှ အသက် ၁၇ နှစ်အရွယ် လူငယ်တစ်ဦးကို တူရကီနိုင်ငံမှတစ်ဆင့် ဆီးရီးယားနိုင်ငံသို့ စစ်သွေးကြွအုပ်စုများနှင့် ပူးပေါင်းရန် တရားမဝင်လမ်းကြောင်းဖြင့် ပို့ပေးခဲ့သည်ဟုလည်း သံသယရှိသည်။

ရုရှားနိုင်ငံသားသည် လူငယ်ကို တရားမဝင် ဆီးရီးယားသို့ပို့ရာ၌ အကူအညီပေးခဲ့သည်ဟုလည်းကောင်း၊ နိုင်ငံခြား အကြမ်းဖက်အုပ်စုဝင်တစ်ဦးဖြစ်သည်ဟုလည်းကောင်း သံသယရှိသည်။ အခြားသံသယရှိသူများသည် အိုင်အက်စ် သို့မဟုတ် အခြားဆီးရီးယားစစ်သွေးကြွအုပ်စု အာရာအဲလ်-ရှန်ကို ထောင်နှင့်ချီသော စစ်ဖိနပ်များနှင့် စစ်ဝတ်စုံများကို ထောက်ပံ့ပေးခဲ့သည်ဟု အာဏာပိုင်များက ယုံကြည်သည်။

အနောက်ပိုင်းပြည်နယ်များဖြစ်သော မြောက်-ဝက်စ်ဖာလီယာ၊ အက်စ်ဆီ၊ ဘာဒင်း-ဝူယာတင်းဘတ်၊ မန်းဘတ်၊ ဇိုင်းလင်း-ပါလာတီနိတ်၊ ဆက်လီစ်ဝစ်အိုးစတိန်းနှင့် အရှေ့ပိုင်းပြည်နယ် ဆာဇိုနီတို့တွင် ရဲတပ်ဖွဲ့က ဝင်စီးခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**

# အာဖဂန်နစ္စတန်တွင် ရဲတပ်ဖွဲ့က ချုံခိုတိုက်ခိုက် စစ်သွေးကြွ ၁၂ ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရ

**ကန်ဒုဇ် အောက်တိုဘာ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးမြောက်ဘက် ကီလိုမီတာ ၂၅၀ ခန့် ကွာဝေးသော ကန်နက် ပြည်နယ်၊ ကန်ဒုဇ်မြို့ ဒါရှတ်-အီး-အချီဒေသ၌ အောက်တိုဘာ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်တွင် ရဲတပ်ဖွဲ့က ချုံခိုတိုက်ခိုက်ရာ စစ်သွေးကြွ ၁၂ ဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး နာဆာရှူဒင်ဆာဒီက ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။

စစ်သွေးကြွများက တံတားတစ်စင်းကို ဖြတ်သန်းသွားလာနေစဉ် ရဲတပ်ဖွဲ့က ချုံခိုတိုက်ခိုက်ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များဘက်မှ သေကြေဒဏ်ရာရမှုမရှိချေ။

ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ စစ်သွေးကြွများဘက်မှ ထင်မြင်ချက်တစ်စုံတစ်ရာ မပေးဟုဆိုသည်။ **ဆင်ဟွာ။**

# အီရတ်အစိုးရအဖွဲ့ ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးခန့်အပ်

**ဘဂ္ဂဒက် အောက်တိုဘာ ၁၉**

ကာကွယ်ရေးဝန်ကြီးအသစ်နှင့် ပြည်ထဲရေးဝန်ကြီးအသစ် ခန့်အပ်ခြင်းကို အီရတ်ပါလီမန်က အတည်ပြုလိုက်ပြီဖြစ်သည့်အတွက် သီတင်းပတ်နှင့်ချီ၍ နှောင့်နှေးကြန့်ကြာနေသော အီရတ်အစိုးရအဖွဲ့မှာ ပြီးပြည့်စုံသွားပြီဖြစ်သည်။

### ခန့်အပ်

ရှီးယိုက်ဖြစ်သော မိုဟာမက်စလင်းအဲလ်-ဂါဗန်ကို ပြည်ထဲရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဆွန်နီခါလက်အဲလ်-အိုဗီဒီကို ကာကွယ်ရေးဝန်ကြီးအဖြစ် လည်းကောင်း ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံ၏နယ်မြေအများအပြားကို သိမ်းယူထားသည့် အစ္စလာမ္မစ်နိုင်ငံ (အိုင်အက်စ်) စစ်သွေးကြွများကို တိုက်ထုတ်ရန် အီရတ်တပ်မတော်က ကြိုးစားနေစဉ် ဤသို့ခန့်အပ်မှုပေါ်ပေါက်လာခြင်းဖြစ်သည်။

### စိတ်သက်သာရစေ

အီရတ်လွှတ်တော်အမတ်များ၏ မဲပေးဆုံးဖြတ်မှုသည် အီရတ်နိုင်ငံ ပြည်တွင်း၊ ပြည်ပကို စိတ်သက်သာရစေမည်ဖြစ်သည်ဟု ဆိုကြသည်။ **ဘီဘီစီ။**

# ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် စစ်သွေးကြွများက လူအစုလိုက်အပြုံလိုက် သတ်ဖြတ်

**ဘီနီ အောက်တိုဘာ ၁၉**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်း ဘီနီမြို့အနီး၌ အောက်တိုဘာ ၁၉ရက်တွင် အမျိုးသမီးနှင့် ကလေးငယ်များ အများစုပါဝင်သော လူ ၂၀ ထက်မနည်းကို စစ်သွေးကြွများက သတ်ဖြတ်ခဲ့ကြောင်း၊ ယင်းမှာ နှစ်ရက်အတွင်း ဒုတိယအကြိမ် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီရင်ဂီတီကျေးရွာ၌ ဖြစ်ပွားသော လူသတ်မှုတွင် စစ်သွေးကြွများက သေနတ်များ၊ တောခုတ်ဓားများ၊ ပုဆိန်များဖြင့် သတ်ဖြတ်ခဲ့ကြောင်း ဒေသခံသင်းအုပ်ဆရာတစ်ဦးက ဘီဘီစီသို့ ပြောကြားသည်။

ယင်းလူသတ်မှုကျူးလွန်သည့် စစ်သွေးကြွများသည် ကွန်ဂိုနိုင်ငံ၏ အိမ်နီးချင်း ယူဂန္ဓာနိုင်ငံမှ လာခြင်းဖြစ်သည်ဟုဒေသခံလူ့အခွင့်အရေးအုပ်စုကပြောကြားသည်။

သို့သော်လည်း ကွန်ဂိုနိုင်ငံမှ ဒေသဆိုင်ရာ တာဝန်ရှိသူများက ယင်းစွပ်စွဲချက်ကို အတည်ပြုခြင်း မရှိခဲ့ပေ။ အောက်တိုဘာ ၁၆ရက်ကလည်း ဘီနီမြို့အနီးတွင် လူ ၂၆ဦး အသတ်ခံရပြီး ယင်းတို့ထဲ၌ အမျိုးသမီးများနှင့် ကလေးငယ်များ အများစုပါဝင်သည်။

ယူဂန္ဓာနိုင်ငံမှ စစ်သွေးကြွအုပ်စုတစ်စုဖြစ်သည့် ဒီမိုကရက်တစ်မဟာမိတ်များတပ်ဖွဲ့ (အေဒီအက်ဖ်)က ယင်းသတ်ဖြတ်မှုကို ပြုလုပ်ခဲ့ကြောင်း ဘီနီမြို့တော်ဝန်က စွပ်စွဲပြောကြားခဲ့သည်။

ဘီနီမြို့မှ ၅၅ကီလိုမီတာ (၃၄မိုင်) အကွာတွင် ရှိသည့် ဟီရင်ဂီကီရွာတွင် ကွန်ဂိုအစိုးရတပ်ဖွဲ့ဝင်များနှင့် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ တပ်စွဲထားသည်။ **ဘီဘီစီ။**



ရေဘေးသင့်ပြည်သူများအား ဖြန့်ဝေပေးရန် နီကာရာဂွါတပ်ဖွဲ့ဝင်များက ထောက်ပံ့ရေးပစ္စည်းများ ကားပေါ် တင်ဆောင်ကြစဉ်။

# နီကာရာဂွါနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း ၂၂ ဦးသေဆုံးပြီး ၃၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်

**မနာဂွါ အောက်တိုဘာ ၁၉**

နီကာရာဂွါနိုင်ငံတွင် မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းရာ လူ ၂၂ ဦးသေဆုံးကြောင်း၊ နေအိမ်များ ပျက်စီးသွားသဖြင့် ပြည်သူ ၃၂၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်သွားရကြောင်း သတင်းတွင် ဖော်ပြသည်။

မြို့တော် မနာဂွါအနီးရှိ ရေထိန်းနံရံပြိုကျရာတွင် တဲကုပ်လေးလုံးကို ပိမိသဖြင့် ပြားချပ်သွားရာ လူကိုးဦး သေဆုံးကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

မိုးသည်းထန်ပြီး ရေလွှမ်းမိုးမှုကြောင့် လူနေအိမ် ၄၅၄၄ လုံး ပျက်စီးသွားကြောင်း သတင်းတွင်ဖော်ပြသည်။ နီကာရာဂွါနိုင်ငံရှိ ဒေသ ၁၇ ခုမှ ရေလွှမ်းမိုးမှုဒဏ်ခံရသည့် ပြည်သူ ၅၆၃၀ကို ယာယီနေထိုင်စရာများနှင့် အစားအသောက်များ ထောက်ပံ့ထားရကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ပီတီအိုင်။

# ခလုတ်သင်ဖြူး၊ ဆူးကိုမွေ့ရာ ဟိမဝန္တာ

■ ကိုရင်ညြ



နီပေါနိုင်ငံအလယ်ပိုင်းရှိ အင်နာပူရ်နာ တောင်စဉ်တောင်တန်းရှိ တောင်တက်လမ်းသည် နိုင်ငံတကာမှ ခြေလျင်နှင့် တောင်တက်ခရီးကြမ်းသွားလာသူများအတွင်း ရေပန်းစားလှသည်။ အင်နာပူရ်နာ တောင်တက်လမ်း အဖြစ် သိရှိကြသော ယင်းလမ်းမှာ ကီလိုမီတာ ၂၃၀ (၁၄၅ မိုင်) ရှည်လျားပြီး သို့ရွန်လာတောင်ကြားဒေသ သည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၄၁၆ မီတာ အမြင့်ရှိပြီး တိဘက်ကုန်းမြင့်ဒေသ၏ အစွန်အဖျား နေရာတွင် တည်ရှိသည်။

အင်နာပူရ်နာ တောင်တက်လမ်းအတိုင်း ခရီးနှင်မည်ဆိုလျှင် ပုံမှန်အားဖြင့် ၁၅ ရက်မှ ရက် ၂၀ အထိ အချိန်ယူရသည်။ ခြေလျင်နှင့် တောင်တက် ခရီးကြမ်းနှင်သူများသည် မြို့တော် ခတ္တမန္ဒူ၏ အနောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ ပိုခါဟာရာမြို့၌ ခရီးတစ်ထောက်ရပ်နားကာ တောင်ပေါ်လမ်းသို့ တက်လှမ်းကြလေ့ရှိသည်။

ကမ္ဘာပေါ်ရှိ အမြင့်ဆုံးတောင်ကြီး ၁၀ လုံးအနက် သုံးလုံးမှာ ပိုခါဟာရာမြို့မှ မိုင် ၃၀ အကွာအဝေး အတွင်း တည်ရှိနေပြီး အင်နာပူရ်နာတောင်ပါဝင်သည်။ အမြင့် ၈၀၉၁ မီတာ (၂၆၅၄၅ ပေ) ရှိ ယင်းတောင်သည် ဟိမဝန္တာတောင်စဉ်တောင်တန်းတွင် ပါဝင်သည်။

လူဦးရေ နှစ်သိန်းခွဲကျော်နေထိုင်ရာ ပိုခါဟာရာမြို့သည် တောင်တက်သမားများအတွက် အခြေစိုက်စခန်းမြို့ဖြစ်သည်။ ဂေါ်ရခါးစစ်သားအများအပြား နေထိုင်ရာ ယင်းမြို့သည် အင်နာပူရ်နာတောင်စဉ်တောင်တန်းနှင့် နီးနီးကပ်ကပ်တည်ရှိသည်။

အင်နာပူရ်နာ တောင်တက်လမ်းကို ၁၉၇၇ ခုနှစ်တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်ခဲ့ပြီးနောက် ဟိမဝန္တာတောင်တက်လမ်းများအနက် ရေပန်းအစားဆုံး လမ်းတစ်လမ်းဖြစ်လာခဲ့သည်။

သာယာလှပသည့် ရှုမျှော်ခင်းများကို ရင်သပ်ရှုမောဖွယ်ရာ တွေ့မြင်ခွင့်ရရှိခြင်းကြောင့် တောင်တက်သမားများမှာ ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှအပများကို စွဲလန်းချစ်ခင်မြတ်နိုးစိတ်ဖြစ်ကြရသည်။

အင်နာပူရ်နာတောင်တက်လမ်းသည် မတူကွဲပြားသော အလှအပများတည်ရာ ဒေသလေးခုကို ဖြတ်သန်းသွားသည်။ တောင်တက်လမ်း၏ အောက်ပိုင်းရှိ လမ်းဂျွမ်းနှင့် မယာဂဒီဒေသတို့သည် စိမ်းလန်းစိုပြည်သော ကမ္ဘာ့အပူပိုင်းဒေသခွဲရာသီဥတုရှိ တောင်ကြားများနှင့် ပန်ရသည်။ ဟိန္ဒူကျေးရွာများနှင့် လှေကားထစ်စိုက်ခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်နိုင်သည်။

မာနန်းနှင့် မူစတန်းဒေသတို့မှာမူ အထက်ပိုင်းတောင်တက်လမ်းတစ်လျှောက်တည်ရှိပြီး တိဘက်ဗုဒ္ဓဘာသာဝင်တို့ အဓိကနေထိုင်ရာ အရပ်များလည်း ဖြစ်ကြသည်။

အင်နာပူရ်နာ တောင်တက်လမ်းတွင် ဂျစ်ကား၊ သို့မဟုတ် တောင်တက်စက်ဘီးဖြင့် ခရီးနှင်နိုင်သော လမ်းပိုင်းများလည်း တည်ရှိသည်။

မြင်းခွာပုံသဏ္ဌာန် သွယ်တန်းနေသော အင်နာပူရ်နာတောင်တက် လမ်းအတိုင်း တောင်တက်ကြမည့် ခရီးသည်များသည် ဘီစီဆာဟာမြို့ငယ်ကို တာထွက်သည့်မြို့အဖြစ် သတ်မှတ်ကြသည်။ မြို့တော်ခတ္တမန္ဒူမှ ကားစီးလျှင် ခြောက်နာရီကြာမျှ ခရီးနှင်ပြီးနောက် ဘီစီဆာဟာမြို့ သို့ ရောက်သည်။ ခြေလျင်နှင့် တောင်တက်ခရီးကြမ်း သွားလာသူများသည် ပိုခါဟာရာမြို့မှ ကားစီးလျှင် သုံးနာရီအကြာတွင် ဘီစီဆာဟာမြို့သို့ ရောက်သည်။

နီပေါနိုင်ငံသို့ လာရောက်ကြသည့် နိုင်ငံခြားသားအများစုမှာ ဟိမဝန္တာတောင်စဉ်တောင်တန်းပေါ် တက်ရောက်ကြမည့် စွန့်စားသွားလာရန် ဝါသနာထုံသော ခရီးသည်များဖြစ်ကြသည်။

နှစ်စဉ် အောက်တိုဘာလရောက်တိုင်း ကမ္ဘာအရပ်ရပ်မှ နိုင်ငံခြားသားဧည့်သည်များ တောင်အာရှဒေသရှိ ကုန်းတွင်းပိတ်နိုင်ငံငယ်လေး ဖြစ်သော နီပေါနိုင်ငံသို့ လာရောက်ကြခြင်း၏ တစ်ခု တည်းသော ဦးတည်ချက်မှာ ဟိမဝန္တာတောင်တန်းဒေသ၌ စွန့်စွန့်စားစား ခရီးသွားလာကြရန်ဖြစ်သည်။

ခြေလျင်နှင့် တောင်တက်ခရီးကြမ်းနှင်ကာ ခရီးသွားလာသူများသည် သဘာဝ၏ စိန်ခေါ်သံကို မကြောက်မရွံ့ နောက်မတွန့်ဘဲ ရင်ဆိုင်သူများဖြစ်ကြသည်။

သမိုင်းမှတ်တမ်းများအရ ၁၆ ရာစုခန့်မှစ၍ တောင်တက်ခြင်း အလေ့အထစတင်ခဲ့သည်ဟု သိရသည်။

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်းမှ ခြေလျင်နှင့် တောင်တက်သမားများသည် ဟိမဝန္တာတောင်တန်းရှိ ဧဝရက်တောင်ထိပ် (အမြင့်ပေပေါင်း ၂၉၀၂၉) ပေါ်သို့ တက်ရောက်နိုင်ရန် ကျားကုတ်ကျားခဲ ကြိုးပမ်းနေကြဆဲဖြစ်သည်။ ၁၉၅၃ ခုနှစ် မေ ၂၉ ရက်က နယူးဇီလန်ကျွန်းသား အက်ဒမန်ဟစ်လာရီနှင့် နီပေါနယ်သား တန်ဇင်းနော်ဂေးတို့ ဧဝရက်တောင်ပေါ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည်။

ကျောက်တောင်တက်ခြင်းနှင့် နှင်းခဲဖုံးလွှမ်းသော တောင်တက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။

ကျောက်တောင်တက် ကျွမ်းကျင်သူသည် ဆီးနှင်းဖုံးအုပ်သော တောင်တက်ကျွမ်းကျင်သည်ဟု မဆိုနိုင်။ ကျောက်တောင်ကို တက်ရာ၌ မြင့်မားမတ်စောက်သော ကမ်းပါးကြီးများ၊ ကျောက်တုံးစွန်းကြီးများကို ခက်ခဲစွာ တွယ်ကပ်၍ တက်ရသည်။ ခိုင်ခံ့သော ကြိုးများကို အားပြု၍ တက်ရာတွင်လည်း တစ်စုံတစ်ရာ ချွတ်ချော်ခဲ့သော် လိမ့်ကျ၍ သေကျေပျက်စီးဖွယ်ရာသာ ရှိသောကြောင့် အထူးဂရုစိုက်ရသည်။ ခြေလက်မြဲရန်မှာ တောင်တက်သမားများအဖို့ အလိုအပ်ဆုံးသော အရည်အချင်းဖြစ်၏။ ရံဖန်ရံခါ တောင်တက်သမားများသည် ထိတ်လန့်စိုးရိမ်ဖွယ်ကောင်းလောက်အောင် သက်စွန့်ဆံဖျား စွန့်စားကြရသည်။

ကျောက်တောင်ကို တက်သူများသည် ကျောက်ဆောင်ကျောက်စွန်းများသို့ သက်စွန့်ဆံဖျား တက်ကြရသကဲ့သို့ ရေခဲနှင်းခဲတောင်ထိပ်များသို့ တက်သူတို့သည်လည်း အမျိုးမျိုးသော ဘေးအန္တရာယ် အခက်အခဲများကို ကျော်လွန်အောင် ကြိုးစား၍ တက်ကြရသည်။ ရေခဲတောင်များပေါ်၌ တွေ့ရတတ်သော အန္တရာယ်နှင့် အခက်အခဲများမှာ ကျောက်တောင်များတက်ရာ၌ တွေ့ရသော အန္တရာယ် အခက်အခဲများနှင့် အလားတူပင်ဖြစ်၏။ ရုတ်တရက် နှင်းထူထပ်စွာ ကျလာတတ်ခြင်း၊ တောင်ပေါ်မှ အရည်ပျော်၍ အရှိန်ပြင်းစွာ ကျဆင်းလာတတ်သော နှင်းလျှောများနှင့် မရှောင်သာမတိမ်းသာ တွေ့ရခြင်းတို့မှာ ရေခဲနှင်းခဲတောင်များသို့ တက်ကြသူတို့ တွေ့ကြုံရသော ကြောက်မက်ဖွယ်ကောင်းသည့် အန္တရာယ်များပင်ဖြစ်၏။ တစ်ခါတစ်ရံ ထိုဘေးအန္တရာယ်တို့နှင့် တွေ့သည့်အခါ အသက်ပင် သေကျေပျက်စီးတတ်လေသည်။

အောက်တိုဘာ ၁၄ ရက်က ဟိမဝန္တာတောင်တန်း အင်နာပူရ်နာတောင်တက်လမ်းတွင် နှင်းမုန်တိုင်း တိုက်ခတ်ပြီး ဆီးနှင်းခဲပြိုကျမှုဖြစ်ပွားခဲ့ရာ ၃၉ ဦးထက် မနည်းသေဆုံးခဲ့ရပြီး လူအများအပြား ပျောက်ဆုံးနေဆဲဖြစ်သည်။ အောက်တိုဘာ ၁၈ ရက်သတင်းအရ ကယ်ဆယ်ရေးအဖွဲ့များက လူပေါင်း ၂၈၉ ဦးကို ကယ်တင်ပေးနိုင်ခဲ့ပြီး အလောင်းကိုးလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က အိန္ဒိယနိုင်ငံတစ်ဝန်းတွင် တိုက်ခတ်ခဲ့သော ဟွဒ်ဟွဒ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း အဖျားခတ်သည့်အနေဖြင့် နှင်းမုန်တိုင်း တိုက်ခတ်ခဲ့သည်ဟုဆိုသည်။

တောင်တက်အားကစားသည် အသက်အန္တရာယ်ရှိသည့်တိုင် မိမိ၏ သတ္တိဗျတ္တိကို ယုံကြည်လျက် အရာရာကို ရင်ဆိုင်မည်ဟူသော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ရပေရာ ခလုတ်သင်ဖြူး၊ ဆူးကိုမွေ့ရာ သဘောထားနိုင်သည့် ရဲရင့်သူတို့၏ အားမာန်နှင့် ဇွဲနပဲတို့ကို ဖော်ကျူးသည်။ မမျှော်လင့်ဘဲ ကြုံတွေ့ရလေ့ရှိသည့် ကံကြမ္မာအဖြစ်ဆိုးများရှိနေလင့်ကစား ခြေလျင်နှင့် တောင်တက် အားကစားနည်းမှာ ကမ္ဘာပေါ်မှ ကွယ်ပျောက်သွားလိမ့်မည် မဟုတ်ပေ။ ။

# မျက်နှာဖုံးတပ်ပြေးခဲ့ရသည့် ပေကျင်းမာရသွန်




**ပေကျင်း၊ အောက်တိုဘာ ၁၉**

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ လေထုညစ်ညမ်းမှုကြောင့် မီးခိုးမြူများ ရစ်ဆိုင်းနေသော်လည်း တနင်္ဂနွေနေ့တွင် နိုင်ငံတကာ မာရသွန်ပြိုင်ပွဲတစ်ခုကျင်းပခဲ့ပြီး ပါဝင်ယှဉ်ပြိုင်သူများသည် မျက်နှာဖုံးများတပ်ဆင်ကာ ယှဉ်ပြိုင်ခဲ့ကြရသည်။

(၃၄) ကြိမ်မြောက်ပေကျင်းနိုင်ငံတကာ မာရသွန်ပြိုင်ပွဲကို တီယန်မင်ရင်ပြင်မှ စတင်တာလွှတ်ပြီး မျက်နှာဖုံးများတပ်ဆင်ကာ ပါဝင်ယှဉ်ပြိုင်သူ လူထောင်ပေါင်းများစွာရှိခဲ့သည်။ ၂၆ မိုင်ရှည်လျားသည့် မာရသွန်ခရီးရှည်ကို ပေကျင်းမြို့တော်၏ အိုလံပစ်ပန်းခြံတွင် ပန်းဝင်စေခဲ့သည်။

တရုတ်ပြေးခုန်ပစ်အားကစားအဖွဲ့ချုပ်နှင့် ပေကျင်းမြို့အားကစားအဖွဲ့ချုပ်တို့က ၎င်းတို့၏ တရားဝင်ဝက်ဘ်ဆိုက်များတွင် မီးခိုးမြူပြဿနာကြီးကြီးမားမား သို့မဟုတ် အနည်းငယ်ရှိနိုင်ကြောင်း မာရသွန်ပြိုင်ပွဲနှင့်ပတ်သက်၍ စနေနေ့ ညကတည်းက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ အဖွဲ့ချုပ်တို့က မီးခိုးမြူအခြေအနေနှင့် ပတ်သက်၍ ပါဝင်ယှဉ်ပြိုင်မည့်သူများကို သတိပေးချက်ထုတ်ပြန်ခဲ့သလို ပါဝင်ယှဉ်ပြိုင်လိုသူများသည် မိမိ၏ ကျန်းမာရေးအခြေအနေ၊ အသက်အရွယ်ကြီးရင့်သူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများအနေဖြင့် ပါဝင်ယှဉ်ပြိုင်သင့်၊ မပြိုင်သင့် ဆင်ခြင်သုံးသပ်ရန်လည်း သတိပေးခဲ့သည်။

ယင်းမာရသွန်ပြိုင်ပွဲတွင် လူ ၃၀၀၀၀ ခန့်ပါဝင်ယှဉ်ပြိုင်ခဲ့သည်ဟု ခန့်မှန်းရသည်။ မာရသွန်ပြိုင်ပွဲကျင်းပရေးကော်မတီက မာရသွန် ပြေးလမ်းတစ်လျှောက်ရှိ အထောက်အကူပြုစခန်းများတွင် ယှဉ်ပြိုင်သူများခန္ဓာကိုယ်သန့်ရှင်းရေး ပြုလုပ်နိုင်ရန်အတွက် ရေဖက်ဝတ် ၁၄၀၀၀၀ ထားရှိပေးခဲ့သည်။

တနင်္ဂနွေနေ့က လေထုညစ်ညမ်းမှုမှာ အတော်ဆိုးရွားခဲ့ကြောင်း ပေကျင်းသဘာဝပတ်ဝန်းကျင် စောင့်ကြည့်လေ့လာရေးဗဟိုဌာန၏အဆိုအရ သိရသည်။ ယင်းမှာ တရုတ်နိုင်ငံ၏ လေထုအရည်အသွေး အညွှန်းကိန်းများတွင် အညစ်ညမ်းဆုံးဖြစ်ခဲ့ပြီး ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မကျန်းမမာသူများအနေဖြင့် အိမ်တွင်း၌သာနေထိုင်ရန် သတိပေးခဲ့သလို ပြည်သူအားလုံးကိုလည်း ပြင်ပတွင်လှုပ်ရှားသွားလာခြင်းများကို ရှောင်ကြဉ်ရန် သတိပေးခဲ့သည်။

တရုတ်နိုင်ငံ၏ လေထုညစ်ညမ်းမှုပြဿနာသည် အတော်ဆိုးရွားလာခဲ့ပြီး မီးခိုးမြူများကို ရှူရှိုက်နေရသည့် တရုတ်နိုင်ငံသားများ၏ ဖိအားပေးမှုကြောင့် တာဝန်ရှိသူများက အဓိကထား ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။

ပြိုင်ပွဲရက်ရွှေ့ပြောင်းလိုက်လျှင် အစီအစဉ်များအားလုံး ကမောက်ကမဖြစ်သွားမည်ဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် အခြေအနေကို နားလည်ပေးရန် မာရသွန်ပြိုင်ပွဲကျင်းပရေးကော်မတီက စနေနေ့ ညနေပိုင်းတွင် တောင်းဆိုခဲ့သည်။ ပါဝင်ယှဉ်ပြိုင်သူ ၄၆ ရာခိုင်နှုန်းမှာ နိုင်ငံခြားမှ လာရောက်သူများနှင့် တရုတ်နိုင်ငံအခြားဒေသများမှဖြစ်သည်။

**အေဝမ်းစိုး**

# ဟန်လင်းမှ ပျူယဉ်ကျေးမှု

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံမှ ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ သရေခေတ္တရာနှင့် ဗိဿနိုးမြို့တို့အား ယူနက်စ်ကိုအဖွဲ့က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသများအဖြစ် ၂၀၁၄ခုနှစ် ဇွန် ၁၈ ရက်က သတ်မှတ်ကြေညာပြီးသည့် နောက်ပိုင်း ပြည်တွင်း ပြည်ပမှ ခရီးသွားများ ဟန်လင်းသို့ ယခင်ကထက် များစွာသွားရောက်လည်ပတ်လျက်ရှိနေပါသည်။

ဟန်လင်းတွင်ရေပူစမ်းများ၊ ဆားချက်ကွင်းများ၊ ရှေးဟောင်းစေတီများအပါအဝင် လေ့လာဖွယ်ရာများ များပြားလှသည်ဖြစ်ရာ ယင်းတို့အနက်မှ ဟန်လင်းဒေသမှတူးဖော်တွေ့ရှိခဲ့သော ပျူယဉ်ကျေးမှုဆိုင်ရာ အထောက်အထားပစ္စည်းများကို ဟန်လင်းစံပြကျေးရွာ၌ ဖွင့်လှစ်ထားသော ပျူယဉ်ကျေးမှုပြတိုက်များတွင် လေ့လာနိုင်ကြပေသည်။

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဟန်လင်းဒေသတွင် ရှေးဟောင်းသုတေသနပြတိုက် သုံးခုရှိရာ ဟန်လင်းကျောက်စာတိုက်၊ ဦးနာဂပြတိုက်နှင့်ရှေးဟောင်းသုတေသနဌာနပြတိုက်တို့ဖြစ်ကြသည်။ဦးနာဂပြတိုက်မှလွဲ၍ ကျန်ပြတိုက်နှစ်ခုကို ရှေးဟောင်းသုတေသနဦးစီးဌာနက တာဝန်ယူဖွင့်လှစ်ပြသထားခြင်း ဖြစ်သည်။

ပျူလူမျိုးများ၏ သမိုင်းနှင့် ယဉ်ကျေးမှုကိုဖော်ထုတ်နိုင်ရန်အတွက် ရှေးဟောင်းမြန်မာ့ပျူမြို့တော်များ ဖြစ်ခဲ့သော ဗိဿနိုး၊ဟန်လင်းနှင့် သရေခေတ္တရာတို့ကို ၁၉၀၄ ခုနှစ်မှစတင်၍ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုများကို နိုင်ငံတော်အစိုးရအဆက်ဆက်တို့က ဆောင်ရွက်ခဲ့ကြပါသည်။တွေ့ရှိရသမျှကျောက်စာချပ်များကိုလည်း အစိုးရအစဉ်အဆက် စနစ်တကျထိန်းသိမ်းလာခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။ ထိုကျောက်စာချပ်များကို ပညာရှင်တို့ဖတ်ရှုသုံးသပ်ကာ ပျူလူမျိုးများ၏သမိုင်းပုံရိပ်ကို အတော်များများထုတ်ဖော်နိုင်ခဲ့ကြပြီးဖြစ်ပေသည်။ သို့တိုင်အောင် ယခုအချိန်အထိ ဖတ်ရှု အဖြေရှာ၍မရသေးသော ကျောက်စာချပ်များလည်း ရှိနေသေးပေသည်။

ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် ဟန်လင်းကို ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပဏာမစမ်းသပ်တူးဖော်မှုများ ပြုလုပ်ခဲ့ရာ အိန္ဒိယနိုင်ငံတောင်ပိုင်း အရေးအသားတစ်ခုဖြစ်သော ဗြာဟ္မီအက္ခရာများဖြင့် ရေးထိုးထားသည့် ပျူကျောက်စာတစ်ချပ်ကိုဦးစွာတူးဖော်ရရှိခဲ့သည်။ထိုကျောက်စာကို ပညာရှင်များက ဆန်းစစ်ကြရာတွင် အေဒီ ၄ ရာစုက အရေးအသားများဖြစ်ကြောင်းဖော်ထုတ်နိုင်ခဲ့ကြသည်။နောက်ပိုင်းတွင်လည်း ဟန်လင်းမြို့ဟောင်း တူးဖော်မှုများကို ခေတ်အဆက်ဆက် ဆက်လက်ဆောင်ရွက်ခဲ့ရာ ရှေးဟောင်းကျောက်စာချပ်များကို ထပ်မံတူးဖော် တွေ့ရှိခဲ့ရပေသည်။ ဟန်လင်းဒေသမှ တူးဖော်ရရှိခဲ့သောကျောက်စာချပ်များကို ပညာရှင်တို့သာမက သုတေသီများနှင့် စိတ်ပါဝင်စားသည့်အများပြည်သူများပါ လေ့လာမှုပြုနိုင်ရန်အတွက် ရှေးဟောင်းမြို့တော် ဟန်လင်းဒေသ ဟန်လင်းစံပြကျေးရွာမှာပင် ဟန်လင်းကျောက်စာရုံကို ၁၉၅၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ပြသထားခဲ့ပြီး ၁၉၆၃-၁၉၆၄ ခုနှစ်တွင် ထပ်မံတိုးချဲ့ခဲ့ပါသည်။

ယခုအခါတွင် ဟန်လင်းကျောက်စာရုံ၌ ပျူကျောက်စာချပ် သုံးချပ်အပါအဝင် ကျောက်စာချပ် ၂၁ ချပ်ကို ပြသထားပြီး ပျူကျောက်စာများကို လေ့လာဘာသာပြန်ဆိုဆဲဖြစ်ရာ ပျူမင်း 'ဗး ဝိ ဋ္ဌေါဿိကြ္တ '၊ 'ဿိတြိဝိကြမ' နှင့် မိဖုရားများ ဖြစ်ကြသော 'မဟာဒေဝိ ဿိဇတြဇိ' နှင့် 'ဿိရဏံဂိ' အမည်တို့ကိုသာဖတ်ရှုနိုင်ကြပါသေးသည်။

၁၉၆၃ ခုနှစ် မတ်လတွင် ကုန်းအမှတ် ၂ မှ တူးဖော်ရရှိခဲ့သောကျောက်စာ (အမှတ် ၀၁) သည် အေဒီ ၈ ရာစုက ရေးထိုးခဲ့သော ပျူကျောက်စာချပ်ဖြစ်ပြီး စာကြောင်းရေ ၁၄ ကြောင်းသာပါရှိသည်။ စာကြောင်း ၂ နှင့် ၄ တွင် ရေးထိုးထားသော ပျူဘုရင် တြိဝိဂရမ ဟူသည့် အမည်မှလွဲ၍ ကျန်စာကြောင်းများ၏ အဓိပ္ပာယ်ကိုယနေ့တိုင် အပြည့်အစုံမဖတ်ရှုနိုင်သေးပါချေ။ ဟန်လင်းနဂါးရုံကန်ပေါင်အနောက်ဘက်မှ တွေ့ရှိခဲ့ရသည့် စာကြောင်းရေ ၂ ကြောင်းသာပါရှိသောကျောက်စာသည်လည်း အေဒီ ၄ ရာစုတွင် ပျူအက္ခရာများဖြင့် ရေးထွင်းထားခဲ့သော အစောဆုံး ပျူကျောက်စာချပ်တစ်ချပ်ဖြစ်ကြောင်း ပညာရှင်တို့သတ်မှတ်ထားကြပြီး ယင်းကျောက်စာချပ်ကို ပုဂံမြို့ရှိရှေးဟောင်းသုတေသနပြတိုက်သို့ပေးပို့ပြီး ယင်းပုဂံပြတိုက်မှာပင်ပြသထားပါသည်။

၁၉၂၉-၁၉၃၀ ခုနှစ်ခန့်က ကျောက်ဘီလူးထန်းတောမှ တူးဖော်တွေ့ရှိခဲ့ရသည့် ကျောက်စာအမှတ် (၀၉) တွင် ဗောဓိသတ္တဘုရားလောင်းပုံကို အပေါ်ပိုင်းတွင် ထွင်းထုထားပြီးအောက်ဘက်တွင်ဘုရားလောင်းကို လက်အုပ်ချီမိုးကာကြည်ညိုနေကြသူ ပျူလူမျိုးပရိတ်သတ် ၅၃ ယောက်ပုံကို ထွင်းထားလေရာ သမိုင်းတန်ဖိုး မဖြတ်နိုင်သည့် ကျောက်ရုပ်ကြွတစ်ချပ်အဖြစ် ထင်ရှားလှပေသည်။

ဟန်လင်းကျောက်စာရုံတွင် ပြသထားသောကျောက်စာများအနက် ရှေးဟောင်းမြန်မာကျောက်စာ ၁၇ ချပ် ခန့်ရှိရာ အများစုမှာကျောင်း၊စေတီ၊ ဂူဘုရားများတည်ဆောက်ပြီး ဥယျာဉ်၊ လယ်မြေ၊ ကျွန်၊ ကျွဲ၊ နွား၊ပစ္စည်းဥစ္စာ၊ ပိဋကအလှူတော်တို့ကို မှတ်တမ်းတင်ရေးထိုးထားသော အလှူကမ္ပည်းကျောက်စာများသာဖြစ်ကြသည်။ ယင်းတို့အနက် မြေပိုင်ဆိုင်မှု အဆုံးအဖြတ်ပေးသည့် စီရင်ချက်ချမှတ်သောအမိန့်တစ်ရပ်ကို ကျောက်စာချပ် (အမှတ် ၀၄)တွင် မြန်မာအက္ခရာစာလုံးများဖြင့်ရေးထွင်းထားသည်ကိုလည်း မြင်ကြရပေသည်။ အခြားထူးခြားသောကျောက်စာချပ် တစ်ချပ်ဖြစ်သည့် နွားနှင့်ကျွန်လဲလှယ်သည့်မှတ်တမ်းကျောက်စာချပ် (အမှတ် ၁၈) ကိုလည်း တွေ့မြင်နိုင်ကြပေသည်။

ကျောက်စာချပ်တို့ကိုအကောင်းပကတိအတိုင်း တူးဖော်ရရှိမှုများရှိသကဲ့သို့အကျိုးအပိုင်းအစများအဖြစ်ရရှိခြင်းများလည်းရှိသည်။အပိုင်းအစများအဖြစ်ရရှိခဲ့သောကျောက်စာများကို ပညာရှင်များက စနစ်တကျဆက်စပ်ကာ ထိန်းသိမ်းထားကြရပေသည်။ အချို့ကျောက်စာများမှာလည်း ထယ်ထိုး၊ ထွန်ယက်ကြရာမှထိခိုက်ပျက်စီးရသည်များလည်းရှိသည်။ ဒေသနေပြည်သူများ၏ သမိုင်းတန်ဖိုး သိနားလည်မှုနည်းပါးသေးသောကြောင့် ကျောက်စာတိုင်များပေါ်တွင် အဝတ်လျှော်ကြ၊ ဓားသွေးကြရာမှ ထွင်းထုထားသောစာများ ပျက်စီးနေသည့် ကျောက်စာတိုင်အချို့ကိုလည်း ပြတိုက်တွင် မြင်တွေ့ကြရပေမည်။

ဟန်လင်းရွာအတွင်း ထန်းကိုးပင်ကျောင်းတိုက်ရှိ ဦးနာဂယဉ်ကျေးမှုပြတိုက်သို့လည်းသွားရောက် လေ့လာသင့်ကြပါသည်။



ဟန်လင်းကျောက်စာ

ဦးနာဂရှေးဟောင်းပြတိုက်ကို 'ဆရာတော်ဦးနာဂအထိမ်းအမှတ် ဟံလင်းပျူယဉ်ကျေးမှုပြတိုက်'ဟု ဆိုင်းဘုတ်တင်ထားပါသည်။

ထန်းကိုးပင်ကျောင်းတိုက်တွင် လက်ရှိသီတင်းသုံးနေသောဆရာတော် ဦးတေဇနိယက မူလဆရာတော် ဦးနာဂစုဆောင်းခဲ့သည့် ပျူယဉ်ကျေးမှုအထောက်အထားပစ္စည်းများကို ဆက်လက်ထိန်းသိမ်းကာ 'ဆရာတော်ဦးနာဂအထိမ်းအမှတ် ဟံလင်းပျူယဉ်ကျေးမှုပြတိုက်'ကို ဖွင့်လှစ်ပြသထားခြင်းဖြစ်သည်။

ဟန်လင်းရွာ ထန်းကိုးပင်ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်ခဲ့သော ပျံလွန်တော်မူသွားသည့် ဆရာတော် ဦးနာဂက ဟန်လင်းဒေသမှတွေ့ရှိရသော ပစ္စည်းများကို စုဆောင်းထားခဲ့ခြင်းဖြစ်သည်။ အိုးခြမ်းကွဲများမှသည် လူဦးခေါင်းခွံများအထိ တွေ့ရှိရသမျှ ပျူယဉ်ကျေးမှုဆိုင်ရာပစ္စည်းများကို ဆရာတော်က စုဆောင်းသိမ်းဆည်းထားခဲ့ရာ အလွန်ပင်သမိုင်းတန်ဖိုး၊ ရှေးဟောင်းသုတေသနတန်ဖိုးကြီးမားလှပေသည်။ နောက်ပိုင်းတွင် ကျောင်းတိုက်ဝင်းအတွင်းမှာပင် ပြတိုက်တစ်ခုဖွင့်လှစ်ကာ လာရောက်လေ့လာသူများအားပြသပေးလျက် ရှိပေသည်။

ဦးနာဂပြတိုက်တွင်လည်း အမျိုးအစားစုံလင်စွာရှေးဟောင်း ပျူပစ္စည်းများကိုပြသထားရာ Stone Ring ဟု ခေါ်သည့် ကျောက်ကွင်းများမှာ အထူးစိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ကျောက်ကွင်းများသည် ကျောက်ပြားချပ်ကို အလယ်မှလူတစ်ယောက် လက်စွပ်နိုင်ရန် အပေါက်ဖောက်ထားပြီး ချောမွတ်နေအောင် သွေးထားသည်။ အဆိုပါ ကျောက်ကွင်းများကို ပျူခေတ်က အုပ်စိုးသူအာဏာပိုင်တို့ ကွယ်လွန်ချိန်တွင် ယင်းတို့နှင့်အတူ မြှုပ်နှံသည့်ဓလေ့ရှိခဲ့ကြောင်းသိရှိရပေသည်။ကျောက်ကွင်းတို့သည် အရွယ်အစားမျိုးစုံရှိကြသည်ဖြစ်ရာ အချို့သောကျောက်ကွင်းများသည် ယင်းတို့၏ လေးလံသောအလေးချိန်ကြောင့် လူတစ်ယောက်အနေဖြင့် အမြဲတစေဝတ်ဆင်ထားရန် မဖြစ်နိုင်သည်ကိုလည်းတွေ့ကြရပါသည်။

ဦးနာဂပြတိုက်မှာပင် ကျောက်ပုတီးစေ့များ၊ ဒင်္ဂါးပြားများ၊လူဦးခွံများ၊ ကြေးပစ္စည်းများ၊ အိုးများ၊ ကျောက်လက်နက်များ၊ သံထည်ပစ္စည်းအတိုအစများ စသည်ဖြင့် ပျူတို့၏ အသုံးအဆောင်ဟောင်းများစွာကို လေ့လာနိုင်ကြပေသည်။

ဟန်လင်းကျေးရွာတွင် ရှေးဟောင်းသုတေသနပြတိုက်အသစ်ကို လွန်ခဲ့သော နှစ်နှစ်ခန့်က ဖွင့်လှစ်ခဲ့ပါသည်။ ပြတိုက်တွင် ဟန်လင်းဒေသမှ တူးဖော်ရရှိထားသည့် ပျူခေတ်လက်ရာရွှေ၊ငွေ၊ကြေးလက်ဝတ်တန်ဆာများ၊ ပျူပုတီးစေ့များ၊ ပျူဒင်္ဂါးများ၊အိုးခြမ်းကွဲများ၊ကျောက်လက်နက်များ၊ကျောက်ဖြစ်ရုပ်ကြွင်းများကိုဓာတ်ပုံ၊ကားချပ်၊မြေပုံများဖြင့် ဝေဝေဆာဆာပြသထားပါသည်။ သုတေသီများ အခိုင်အမာအထောက်အထားပြုနိုင်သည့် စာရင်းဇယားများကိုလည်း မြင်တွေ့ကြရပေသည်။

ပျူမြို့ဟောင်းများဖြစ်ကြသည့် ဟန်လင်း၊ သရေခေတ္တရာနှင့် ဗိဿနိုးတို့ကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် မသတ်မှတ်ရသေးမီက ယူနက်စ်ကိုမှ တာဝန်ရှိပုဂ္ဂိုလ်များက မြန်မာနိုင်ငံမှ အဆိုပါ ပျူမြို့ဟောင်းသုံးမြို့ကို ရှေးဟောင်းအမွေအနှစ်ဒေသအဖြစ်သတ်မှတ်နိုင်ရေးအတွက် ထိုဒေသသုံးခုသို့ လာရောက်စစ်ဆေးအကဲဖြတ်မှုများပြုလုပ်ခဲ့ပါသည်။ ယင်းပုဂ္ဂိုလ်များ ဟန်လင်းသို့ လာရောက်ကြည့်ရှုစစ်ဆေးသည့် ဓာတ်ပုံများကိုလည်း ပြသထားပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်မှ ခြောက်မိုင်အကွာတွင်ရှိသည့် ဟန်လင်းရှေးဟောင်းပျူယဉ်ကျေးမှုဒေသသို့ ရောက်ရှိကြသူတိုင်း ဟန်လင်းပြတိုက်များသို့ သွားရောက်လေ့လာသင့်ကြပါကြောင်း တိုက်တွန်းလိုပေသည်။

## မအူပင်၌ ပံတပွတ်တံတားပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပ

**မအူပင် အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ပံတပွတ်တံတားပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၉နာရီက အဆိုပါ တံတားတည်ဆောက်မည့်နေရာ၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ နေပြည်တော် ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး၊ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်းနှင့် အင်ဂျင်နီယာမှူးကြီး(တံတား) ဦးဇော်ဝင်းမြင့်တို့က ပန္နက်တော်များ တင်ပေးကြသည်။

ပံတပွတ်တံတားအကျယ်မှာ ပေ ၇၂၀ ရှည်လျားသော ဘိုးပိုင်တံတားအမျိုးအစားဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့်ပေ ၃၀ နှင့် ရေလယ်တံတားခန်းဖွင့် ပေ ၂၄၀ ရှိ Steel Truss တစ်ခုံးပါဝင်သော နှစ်လမ်းသွား တံတားဖြစ်သည်။ တံတားကြီးပြီးစီးသွားပါက သုံးခွကျွန်းအတွင်းတွင်ရှိသည့် ကျေးရွာအုပ်စု ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၇၁ ရွာ၊ အိမ်ခြေ ၁၀၆၅၈ အိမ်၊ အိမ်ထောင်စု ၁၀၈၅၉ ခုရှိ လူဦးရေ ၅၂၁၄၆ ဦးတို့မှာ မအူပင်မြို့သို့ အချိန်နာရီမရွေးသွားရောက်နိုင်ကြမည် ဖြစ်သည်။

အဆိုပါ တံတားကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးကိစ္စအားလုံးအတွက် အဆင်ပြေချောမွေ့စွာ သွား ရောက်နိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်း မှု မှန်ကန်မြန်ဆန်ရေးအတွက် အလွန်အသုံးဝင်သော တံတားကြီးဖြစ်ကြောင်း သိရသည်။

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

## ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်ဝင်ကြေးတိုးမြှင့်ကောက်ခံမည်

**နေပြည်တော် အောက်တိုဘာ ၁၉**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး၊ ဗိသုကာတန်ဖိုးများ မြင့်မားလှသည့် ရှေးဟောင်းအဆောက်အအုံစေတီပုထိုးများကို နေရာဒေသ တစ်ခုတည်း၌ တစုတဝေးတည်း လေ့လာနိုင်သည့် နေရာဖြစ်ခြင်း၊ ဤသို့ တန်ဖိုးမြင့်မားသည့် ရှေးဟောင်းအဆောက်အအုံများ ထောင်ချီ၍ တစုတဝေးတည်း တည်ရှိရာနေရာသည် ကမ္ဘာပေါ်တွင် ပုဂံဒေသ တစ်ခုတည်းသာရှိခြင်း၊ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းစေတီပုထိုးတစ်ခုချင်းစီသည် တစ်မူထူးခြားကွဲပြားသော ယဉ်ကျေးမှု အနုပညာ ဗိသုကာလက်ရာများ အသီးသီးရှိနေကြပြီး စေတီတစ်ဆူချင်းစီ၌ လေ့လာစရာ အနုပညာလက်ရာ များစွာရှိနေခြင်း၊ မကြာမီကာလတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသဖြစ်လာတော့မည်ဖြစ်ခြင်း စသည့် ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသည့်ဒေသတစ်ခုဖြစ်သည်။

ထိုသို့ထူးခြားသော ဂုဏ်အင်္ဂါများနှင့်ပြည့်စုံပြီး စိတ်ဝင်စားဖွယ်လေ့လာနိုင်သည့် ရှေးဟောင်းစေတီပုထိုးများရှိရာ ပုဂံဒေသအတွက် ကောက်ခံသည့် ဇုန်ဝင်ကြေးနှုန်းထားသည် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံ အချို့တွင် ကောက်ခံနေသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသ ဝင်ကြေးနှုန်းထားများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးလှသည်ကို တွေ့ရှိရသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် အမျိုးသားယဉ်ကျေးမှုဇုန်အဖြစ် သတ်မှတ်ထားခြင်းကြောင့် အခြားယဉ်ကျေးမှုအမွေအနှစ်ဒေသများ၏ ဇုန်ဝင်ကြေးများကို မြန်မာကျပ်ငွေဖြင့်သတ်မှတ်ရယူသော်လည်း ပုဂံဒေသတွင်မူ အမေရိကန်ဒေါ်လာဖြင့် ကောက်ခံကာ နိုင်ငံတော်ဘဏ္ဍာအဖြစ်ပေးသွင်းကြောင်း၊ ရှေးဟောင်းအမွေအနှစ်ဇုန်များကိုလည်း နိုင်ငံတော်က နှစ်စဉ်ငွေကျပ်သိန်းပေါင်းများစွာ အကုန်ကျခံ၍ ထိန်းသိမ်းလျက်ရှိကြောင်း၊ ပုဂံဒေသကို ပိုမိုတိုးတက်လှပရေး ဆောင်ရွက်ရန်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂံဒေသသို့ ပြည်ပဧည့်သည်များတစ်နှစ်ထက်တစ်နှစ် ပိုမိုရောက်ရှိရန် မျှော်မှန်းရကြောင်း၊ ပုဂံဇုန်ဝင်ကြေးကို ယခုလက်ရှိ နိုင်ငံခြားသားတစ်ဦးလျှင် ၁၅ ဒေါ်လာ ကောက်ခံနေရာမှ ၁-၁-၂၀၁၅ ရက်နေ့မှစ၍ နိုင်ငံခြားသားတစ်ဦးလျှင် ၂၀ ဒေါ်လာ ကောက်ခံပြီး ငါးရက်အထိ နေထိုင်လည်ပတ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များ၊ ဆက်စပ်ဝန်ကြီးဌာနများကလည်း ပုဂံဒေသတွင် ဇုန်ဝင်ကြေးတိုးမြှင့်ကောက်ခံခြင်းကို ကြိုတင်သိရှိနိုင်စေရန်နှင့် နိုင်ငံအကျိုးအတွက် ပူးပေါင်းကူညီဆောင်ရွက်ရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

ပြည်တွင်းရေးရာ

# မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံ၌ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ထားဝယ် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ Chiba ဒေသရှိ Mitsui Engineering & Shipbuilding (MES) သင်္ဘောကျင်းသို့ သွားရောက်၍ တန်ချိန် ၃၂၀၀၀၀ ရှိ Floating Production, Storage & Off-loading (FPSO) ရေယာဉ်ကြီး တည်ဆောက်နေမှုကို ကြည့်ရှုလေ့လာပြီး ဂျပန်-မြန်မာ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံကာ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် ဂျပန်နိုင်ငံဘက်မှ ပူးပေါင်းပါဝင်နိုင်မည့် အလားအလာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိသည့် ဂျပန်နိုင်ငံမှ စီးပွားရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး စီမံကိန်းလုပ်ငန်းများနှင့် ကနဦးစီမံကိန်းလုပ်ငန်းများစတင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်တို့က ရှင်းလင်းပြောကြားကာ ဂျပန်ကုမ္ပဏီများကလည်း ဆွေးနွေးကြသည်။

ထို့နောက် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီး H.E.Mr. Ishiguro နှင့် တွေ့ဆုံရာ ထားဝယ်အထူးစီးပွားရေးဇုန် ရေရှည်အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်သည့်သုတေသနလုပ်ငန်းသုံးခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထားဝယ် အထူးစီးပွားရေးဇုန် အောင်မြင်ရေးအတွက် ဂျပန်နိုင်ငံက ဆောင်ရွက်ပေးမည့် သုတေသနလုပ်ငန်းသုံးခုမှာ မြန်မာနိုင်ငံစက်မှုလုပ်ငန်းဆိုင်ရာစီမံကိန်းနှင့် မဲခေါင်-အိန္ဒိယတောင်ဘက် စီးပွားရေးစင်္ကြံဖွံ့ဖြိုးမှုတိုးမြှင့်စေရေး သုတေသနလုပ်ငန်း၊ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာဆိုင်ရာအထောက်အကူပြုနိုင်မည့် လေ့လာသုံးသပ်ရေးသုတေသနလုပ်ငန်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ငွေကြေးပူးပေါင်းဆောင်ရွက်ရေးသုတေသနလုပ်ငန်းတို့ဖြစ်၍ သုတေသနလုပ်ငန်းသုံးခုအတွက် အမေရိကန်ဒေါ်လာ ခုနစ်သိန်းခန့်သုံးစွဲရန် လျာထားပြီး ၂၀၁၅ ခုနှစ် ပထမသုံးလပတ်အပြီး ဆောင်ရွက်ရန်စီစဉ်ထားကြောင်း သိရသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၅ ရက်တွင် ကာရှီးမားပင်လယ်ဆိပ်ကမ်းစက်မှုနယ်မြေ (Kashima Maritime Industrial Estate) သို့ သွားရောက်ပြီး စက်မှုဇုန်များနှင့် ပင်လယ်ဆိပ်ကမ်းကြီးများ ပူးတွဲတည်ဆောက်နေမှုကို ကြည့်ရှုလေ့လာကြသည်။ ထို့နောက် NIPPON STEEL & SUMITOMO METAL CORPORATION ၌ သံမဏိကုန်ကြမ်းများ ဆိပ်ကမ်းများသို့ ဝင်ရောက်မှု၊ ကုန်ချောထုတ်လုပ်မှု၊ ဇန်နိုစိုက်ပျိုးရေးထွက်ကုန်များ သိုလှောင်ရေးကော်ပိုရေးရှင်း (Zenno Silo Corporation - Warehouse for agricultural products) ၌ စိုက်ပျိုးရေးထွက်ကုန်များ သိုလှောင်သိမ်းဆည်းထားရှိမှုနှင့် ကာရှီးမားရေနံကုမ္ပဏီ (Kashima Oil Co.,Ltd) ၌ စက်သုံးဆီထုတ်လုပ်ရန် ကုန်ကြမ်းများ တင်သွင်းခြင်း၊ ကုန်ချောများသန့်စင်ထုတ်လုပ်ခြင်း၊ သိုလှောင်ထားရှိခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်ထားမှုတို့ကို လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မျက်မမြင်များ ဟင်းချက်ပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ မြစ်ကြီးနားမျက်မမြင်ကျောင်းနှင့် မြစ်ကြီးနား (YMCA)တို့ ပူးပေါင်း၍ မျက်မမြင်များ ဟင်းချက်စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၁ နာရီက မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်ရှိ YMCA ခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ရန်ကုန်မြို့ မျက်မမြင်ကျောင်းမှ ဒုတိယကျောင်းအုပ် ဒေါ်မြသီတာလွင်က ပြိုင်ပွဲစည်းကမ်းများနှင့် အမှတ်ပေးစနစ်ကို ရှင်းလင်းပြောကြားပြီး ဒိုင်ချုပ်ဒေါ်ခွန်ဖန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ပြိုင်ပွဲတွင် မျက်မမြင်အမျိုးသားနှစ်ဦး၊ အမျိုးသမီး ၁၄ ဦးတို့၏ အဖွဲ့ရှစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်နေမှုများကို ဒိုင်ချုပ်နှင့်ဒိုင်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပထမရရှိသွားသည့် ခရေအသင်း၊ ဒုတိယရရှိသွားသည့် သစ္စာအသင်း၊ တတိယရရှိသွားသည့် သစ်ခွအသင်းနှင့် နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ အဆိုပါဆုချီးမြှင့်ငွေများကို DOUBLE CRANE FAMILY မှ ဦးပီတာဇော်မော် မိသားစုနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မိုယ်းကျ(မြစ်ကြီးနား)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၀-၁၀-၂၀၁၄ (တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ ရတနသုတ် | ၁၁း၀၅ | သွားမယ်စားမယ် (Harley' Fried Chicken) |
| ၅း၄၀ | "သောတာနုဂတသုတ္တန်" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသီရိ) | ၁၂း၄၀ | ဓလေ့ရိုးရာမမေ့သာ |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (SANCHAUNG GARDEN DEVELOPMENT GROUP) ကံစမ်းမဲအခမ်းအနား | ၄း၄၀ | ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ | ၁၀း၁၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၄၀ | အနုပညာမိုးကောင်းကင် | ၂း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သော ပျော်ရွှင်မှု" (အပိုင်း-၁၀၆) |
| | | ၂း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်" (အပိုင်း-၉၅) |



# နိုင်ငံသားများအကြား ဒီမိုကရေစီအလေ့အထ၊ ကျင့်စဉ်များထွန်းကားရန် အသိပညာပေးမှုများလိုအပ်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ Sule Shangri-La ဟိုတယ်၌ Friedrich Naumann Foundation က Southeast and East Asia's "Freedom Week" အထိမ်းအမှတ်အဖြစ် ကျင်းပသော SIM Democracy Board Game စတင်မိတ်ဆက်ခြင်း အခမ်းအနား၌ အမှာစကားပြောကြားရာတွင် SIM Democracy Board Game သည် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၊ လူ့အသိုက်အဝန်းတစ်ခုတွင် အစိုးရနှင့် နိုင်ငံသားများ၏ အခန်းကဏ္ဍများကို ပြည်သူလူထု သိနားလည်အောင် ရိုးရှင်းလွယ်ကူသော ဂိမ်းကစားနည်းမျိုးဖြင့် အသိပညာပေးသည့် အစီအစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ အထူးသဖြင့် လူငယ်များ၏ စိတ်ပါဝင်စားမှုကိုဆွဲဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ဒီမိုကရေစီသည် လူသားများ၏ အခွင့်အရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း စသည့် တန်ဖိုးများ၏ အခြေခံဖြစ်သည်ကို ကမ္ဘာကြီး၏ အခြေအနေများက သက်သေပြလျက်ရှိပါကြောင်း၊ သို့ရာတွင် တိုင်းတာသောပေတံ၊ စံနှုန်းများအပေါ်တွင်မူတည်ပြီး နိုင်ငံတစ်နိုင်ငံ၏ နောက်ခံ နိုင်ငံရေး ဓလေ့များအရ ကျင့်သုံးသည့် ဒီမိုကရေစီပုံစံအမျိုးမျိုး ရှိနိုင်ပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ လူသားများ၏ ပင်ကိုအသိဆင်ခြင်နိုင်စွမ်း၊ စည်းကမ်းလိုက်နာနိုင်မှု ကိုယ်ကျင့်တရား စသည့် တန်ဖိုးများနှင့် တည်ဆောက်ရယူခြင်းဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီသည် အဆိုပါနိုင်ငံအတွင်း၌နေထိုင်သော နိုင်ငံသားများ၏ ဒီမိုကရေစီရင့်ကျက်မှုအပေါ် လိုက်၍ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုများရှိပါကြောင်း၊ မိမိတို့နိုင်ငံသားများအကြားတွင် ဒီမိုကရေစီအလေ့အထများ၊ ကျင့်စဉ်များ ထွန်းကားရန်အတွက် ဒီမိုကရေစီနှင့် ပတ်သက်သော အသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောက်ရှိနိုင်ရန် လိုအပ်ပါကြောင်း၊ ယခု SIM ဒီမိုကရေစီကစားနည်းကဲ့သို့ အသိပညာပြန့်ပွားလွယ်သော အစီအစဉ်များကို လုပ်ဆောင်ပေးခြင်းသည် မြန်မာနိုင်ငံ၏ဒီမိုကရေစီ အပြောင်းအလဲတွင် ပြည်သူများ နိုးကြားစွာ ပါဝင်လာရန် များစွာအထောက်အကူ ဖြစ်ပါကြောင်း၊ ယခုအစီအစဉ်ကို ကမကထပြုလုပ်ပေးသော Friedrich Naumann Foundationကို များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဥရောပသမဂ္ဂ သံအမတ်ကြီး Mr.Roland Kobia နှင့် FNF အရှေ့တောင်နှင့်အရှေ့အာရှဆိုင်ရာ ဒါရိုက်တာ Mr.Siegfried Herzog တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယခုအစီအစဉ်ကို ပြုလုပ်ပေးရုံသာမက မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးမတိုင်မီ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ပါဝင်ကူညီခဲ့သော အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စု ဝန်ကြီးသည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မီးရထားခုံးကျော်တံတားသစ်တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှု၍ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်နှင့် ကွန်ကရစ်တံတားပေါင်ထုတ်လုပ်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တံတားသစ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကို ဇူလိုင်လတွင် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ် မေလတွင် တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**









# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီစီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

# မြန်မာနိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးခြင်းသည် မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်အောင်မြင်အောင် ကူညီပေးခြင်းပင်ဖြစ်

**တူရင် အောက်တိုဘာ ၁၉**

**အီတလီနိုင်ငံ တူရင်မြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၁၀ နာရီတွင် Circolo Union Industriate ကွန်ဗင်းရှင်းစင်တာ၌ အီတလီနိုင်ငံ၏ ထိပ်သီးစီးပွားရေးလုပ်ငန်းများမှ အမှုဆောင်အရာရှိချုပ်များနှင့် တွေ့ဆုံခဲ့သည်။(ယာပုံ)**



အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးရဲထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့် အီတလီနိုင်ငံမှ အကြီးစားစက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်းစသည့် ထိပ်တန်းစီးပွားရေးကုမ္ပဏီများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တူရင်မြို့တော်ဝန် Mr.Piero Fassino က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရသစ်အနေဖြင့် ၂၀၁၁ ခုနှစ်က နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ခဲ့ချိန်မှစ၍ စီးပွားရေးကဏ္ဍအပါအဝင် နိုင်ငံတော်၏အဓိကမဏ္ဍိုင်ကြီးများကို တောင့်တင်းခိုင်မာစေရန်အတွက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် စီးပွားရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများကို စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံတွင် စျေးကွက်ယန္တရားခိုင်မာအားကောင်းခြင်း မရှိသေးသော်လည်း လိုအပ်သည့် အင်စတီကျူးရှင်းများ ထူထောင်ခဲ့ပြီးဖြစ်ပါကြောင်း၊ စီးပွားရေးစနစ်အခြေခံများ ပြောင်းလဲသွားပြီဖြစ်ပါကြောင်း၊ နှစ်ပေါင်းများစွာပျောက်ဆုံးနေခဲ့သည့် စျေးကွက်နှင့် ပုဂ္ဂလိကအခန်းကဏ္ဍလည်း ပြန်လည်နိုးထလာပြီဖြစ်ပါကြောင်း။

> **မြန်မာနိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်အောင်မြင်အောင် ကူညီပေးခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။**

စျေးကွက်စီးပွားရေးကိုသွားနိုင်ရန် မက်ခရိုစီးပွားရေးတည်ငြိမ်မှုကို အခက်အခဲဖြစ်စေသည့် ကြွေးမြီဟောင်းများ၊ ပိတ်ဆို့မှုအဟန့်အတားများကို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့ဖြင့် မြီရှင်နိုင်ငံများကလက်ခံနိုင်သည့် လူမှုစီးပွားပြုပြင်ပြောင်းလဲရေးမူဘောင် (Framework of Economic Social Reform-FESR)ကို ရေးဆွဲခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလက နေပြည်တော်တွင်ကျင်းပခဲ့သည့် မြန်မာ့ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၌တင်ပြခဲ့ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံခြားအစိုးရအများစုက ထောက်ခံအားပေးခဲ့ကြပါကြောင်း။

ဥရောပသမဂ္ဂအနေဖြင့် ပိတ်ဆို့အရေးယူမှုများ အားလုံးနီးပါးဖယ်ရှားပေးခဲ့ပြီး အမေရိကန်ပြည်ထောင်စုကလည်း ပိတ်ဆို့အရေးယူမှုများကို ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားနိုင်ခဲ့ခြင်း၏အကျိုးဆက်အားဖြင့် ကုန်သွယ်မှုအထူးအခွင့်အရေး (Generalized System Preferences-GSP) များ ပြန်လည်ရရှိလာခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာပါကြောင်း၊ ခရီးသွားဧည့်သည်အရေအတွက် စံချိန်တင်မြင့်မားလာခဲ့ကာ ၂၀၁၃ ခုနှစ်တွင် (၂)သန်းအထိရောက်ရှိလာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွားလာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အသွားသင့်ဆုံးကမ္ဘာ့နေရာများထဲမှ ထိပ်ဆုံးအဆင့်တွင် သုံးနှစ်ဆက်တိုက် ပါရှိခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ခရီးသွား(၃)သန်းကျော်နှင့် ၂၀၁၅ ခုနှစ်တွင် (၅)သန်းအထိ ဝင်လာမည်ဟု မျှော်မှန်းထားပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရန်အတွက် အခွင့်အလမ်းနှင့်ဆွဲဆောင်မှုရှိစေမည့်ဥပဒေများကိုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ကာကွယ်စောင့်ရှောက်နိုင်မည့် နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့် ညီညွတ်အောင်လည်း အဆင့်ဆင့်ဆောင်ရွက်ထားပါကြောင်း။

မြန်မာနိုင်ငံတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုအချိုးအစား ပြောင်းလဲလာခဲ့ပြီဖြစ်ပါကြောင်း၊ သယံဇာတထုတ်ယူရေးနယ်ပယ်၌ပင် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ခဲ့သည့်အနေအထားမှ ဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်စက်မှုလုပ်ငန်းများတွင်ပါ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာပြီဖြစ်ပါကြောင်း။

ဘဏ်လုပ်ငန်းများ၊ အခွန်အကောက်စနစ်များ၊ အနိမ့်ဆုံးလုပ်ခသတ်မှတ်မည့်အခြေအနေများ၊ အခြေခံအဆောက်အအုံများ အစရှိသော ယုံကြည်စိတ်ချရသည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ဖြစ်ရန် လုပ်ဆောင်ပေးလျက်ရှိပါကြောင်း။

မိမိတို့၏ သုံးနှစ်ခွဲခရီးတွင် မမျှော်လင့်သည့် စိန်ခေါ်မှုများ၊ အခက်အခဲများ၊ အကျပ်အတည်းများကို ရင်ဆိုင်ခဲ့ရသည်မှာ မှန်ပါကြောင်း၊ သို့သော် မိမိတို့လမ်းကြောင်းပေါ်မှ ချော်ထွက်မသွားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့သို့ဆက်လျှောက်မည်ဟူသည့် သန္နိဋ္ဌာန်စိတ်ဖြင့် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်းကို အခိုင်အမာပြောကြားလိုပါကြောင်း။

ထို့ကြောင့် အီတလီလုပ်ငန်းရှင်ကြီးများအနေဖြင့် မြန်မာနိုင်ငံတွင် ယုံယုံကြည်ကြည်ဖြင့် လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် ဖိတ်ခေါ်လိုက်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ အီတလီစီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Vincenzo Ilotte က မြန်မာ-အီတလီ စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း၊ UNIDO မှ Mr. Michele Boario Gerardo Patacconi က အီတလီနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရမည့် လုပ်ငန်းနယ်ပယ်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် နည်းလမ်းများကိုလည်းကောင်း၊ IERN ကုမ္ပဏီမှ ဥက္ကဋ္ဌ Mr.Francesco Profumo က မြန်မာနိုင်ငံတွင် ပါဝင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်မည့်အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုသည် အဓိကအခန်းကဏ္ဍ၌ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုသည် အာရပ်နွေဦးနှင့် တစ်ချိန်တည်းနီးပါးစတင်ခဲ့သော်လည်း အာရပ်နွေဦးကဲ့သို့ သွေးထွက်သံယိုမှုများ၊ မင်းမဲ့အခြေအနေများဖြစ်ပေါ်ခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ထူးခြားသောအခြေအနေဖြစ်ပါကြောင်း။

စိန်ခေါ်မှုအချို့ရှိသော်လည်း နိုင်ငံတကာမိတ်ဆွေများ၏အကူအညီဖြင့် အောင်မြင်စွာကျော်လွှားနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ စီးပွားရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများရှိသကဲ့သို့ အတူလက်တွဲဖြေရှင်းရမည့် စိန်ခေါ်မှုများလည်းရှိပါကြောင်း၊ ယခုဆွေးနွေးချက်များကို လက်တွေ့ဆက်လက်အကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း၊ လာမည့်နှစ်တွင် တူရင်မြို့တော်ဝန် ဦးဆောင်သည့်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ချိန်တွင် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ရန်လိုအပ်ပါကြောင်း။

**မြန်မာနိုင်ငံ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးခြင်းသည် မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ် အောင်မြင်အောင် ကူညီပေးခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း**ဖြင့် ပြောကြားခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား အီတလီစီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

## ပရိသတ်အချို့၏ မလိုလားအပ်သောအပြုအမူများကြောင့် ဒဏ်ငွေနှင့် ကွင်းပိတ်ပြစ်ဒဏ် အာရှဘောလုံးအဖွဲ့ချုပ်မှ ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသော AFC U19 Championship Myanmar 2014 ဘောလုံးပြိုင်ပွဲတွင် ပရိသတ်အချို့၏ မလိုလားအပ်သော အပြုအမူများကြောင့် အာရှဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ဒဏ်ကြေးငွေ ဒေါ်လာ ၂၄၀၀၀ နှင့် နှစ်နှစ်အတွင်း အိမ်ရှင်အဖြစ်ကျင်းပမည့် နိုင်ငံတကာပြိုင်ပွဲများမှ ပွဲစဉ်(၁)ပွဲအား ပရိသတ်မပါဘဲ ကစားစေရန် အောက်တိုဘာ ၁၉ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

အောက်တိုဘာ ၂၀ ရက် ည ၇ နာရီတွင် ကစားမည့် ကာတာအသင်းနှင့် ဆီမီးဖိုင်နယ်တွင် မည်သည့်ရလဒ်ထွက်ပေါ်သည်ဖြစ်စေ ဘောလုံးချစ်ပရိသတ်များအနေဖြင့် မြန်မာအသင်း၏ ကြိုးစားအားထုတ်အောင်မြင်ခဲ့မှုကို ချီးကျူးအသိအမှတ်ပြု နားလည်သည့်အနေဖြင့် မလိုလားအပ်သော မည်သည့်အပြုအမူကိုမျှ မပြုလုပ်မိစေရန်၊ အချင်းချင်းဝိုင်းဝန်းထိန်းသိမ်းကူညီဆောင်ရွက်ပေးကြပါရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အထူးမေတ္တာရပ်ခံပန်ကြားထားသည်။

**(ဖိုးသော်ဇင်)**

**✻ ပြည်ထောင်စုမှ**

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်ဖက်အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေး၊ နှစ်ဖက် ဆက်ဆံရေးပိုမိုအားကောင်းလာစေရန် ဆက်ဆံရေးရုံးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး၊ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များအား နှစ်ဖက်တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်း ဆောင်ရွက်နိုင်ရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားလိုအပ်သည်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး တို့ကို အပြုသဘောဆောင်ပြီး နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် "နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့" အား နှစ်ဖက်သဘောတူညီသည့်နေရာတွင် ဖွဲ့စည်းဆောင် ရွက်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီတို့ တွေ့ဆုံ ဆွေးနွေးစဉ်။**

(သတင်းစဉ်)

# သတင်းမီဒီယာကို ဥပဒေပညာဖြင့် ပေါင်းစပ်မြှင့်တင်မည်

**ဇေယျာ(မိုင်ရာ)**

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဥပဒေသင်တန်း တစ်ရပ်ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ကမကထပြု ကာ အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်ထိ ငါးရက်တိုင် လေ့လာသင်ကြား ဆန်းစစ်မှုများ ပြုခဲ့ကြသည်။

အဆိုပါ သင်တန်း၏ ရည်ရွယ်ချက် များမှ အရေးပါသည့် ရည်ရွယ်ချက် တစ်ရပ်ကိုဖော်ပြရလျှင် ပြန်ကြားရေး ဝန်ကြီးဌာနအတွင်းရှိ ဥပဒေပညာရပ် ကျွမ်းကျင်သည့် ဝန်ထမ်းများဖြင့် ဌာန ခွဲတစ်ခုဖွဲ့စည်းကာ ဥပဒေနှင့်အညီ တာဝန်များ လုပ်ကိုင်ကြရေးအတွက်



**ဦးဟန်ညွန့်။**

သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအသီးသီး ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကြီးကြပ်ခြင်းတို့ပင်ဖြစ်သည်။ လွန်စွာ မှ တန်ဖိုးရှိသော သင်တန်းတစ်ခုဖြစ်ပြီး ဝန်ကြီးဌာနတိုင်း၌ ရှိသင့် ရှိအပ်သော ဌာနခွဲတစ်ခု ဖွဲ့စည်းမှုပင်ဖြစ်သည်။

နိုင်ငံ၏ အခြေခံအကျဆုံး ဥပဒေ ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်ဘဲ ပြဋ္ဌာန်းသင့်သည့် ဥပဒေ များကို လွှတ်တော်များက စိစစ်လေ့လာ ကာ ထုတ်ပြန်ပြဋ္ဌာန်းပေးလျက်ရှိသည်။ ဥပဒေပညာသည် နိုင်ငံသားတိုင်း အတွက် ရှိအပ်သောကြောင့် ဥပဒေ ပညာကို ဦးစားပေး လေ့လာရမည့် ခေတ်စနစ်၌ ဘာသာရပ်တိုင်းနှင့် ဆက်စပ်သည့် ဥပဒေများကို အထူး လေ့လာလိုက်စားဖို့ လိုအပ်နေချိန် ဖြစ်သည်။

ဤသို့ နိုင်ငံ၏ အချိန်ကိုက်လိုအပ် ချက်နှင့်အညီ ဝန်ကြီးဌာနအတွင်းရှိ ဥပဒေဘွဲ့ရဝန်ထမ်းများအား သတင်း မီဒီယာသမားတိုင်း သိရှိလိုက်နာ ကျင့်ကြံအပ်သည့် (က) စာနယ်ဇင်း ကျင့်ဝတ်၊ (ခ) သတင်းမီဒီယာကျင့်ဝတ်၊ (ဂ) သတင်းမီဒီယာဥပဒေ၊ (ဃ) ပုံနှိပ် ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေတို့ကို ဥပမာ၊ ဥပမေယျ စုံစုံလင်လင်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြား ရေးမှူးချုပ်(အငြိမ်းစား) ဦးဟန်ညွန့်နှင့်



**ဦးချမ်းမြေ့ဝင်း။**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်တို့က ဆွေးနွေး ပို့ချခဲ့ကြသည်။

ထို့အပြင် မီဒီယာနှင့်ဆက်စပ်ဥပဒေ များဖြစ်သည့် ရာဇသတ်ကြီးဥပဒေ၊ အစိုးရဆိုင်ရာလျှို့ဝှက်ချက်များဥပဒေ၊ ကလေးသူငယ်များ အက်ဥပဒေ၊ တရားရုံးကို မထီမဲ့မြင်ပြုခြင်း အက် ဥပဒေ၊ အရေးပေါ်စီမံမှုအက်ဥပဒေ၊ လက်နက်မှု၊ ပြည်သူပိုင်ပစ္စည်းကာကွယ် မှုဥပဒေ၊ မူးယစ်ဆေးဝါးဆိုင်ရာဥပဒေ စသည့် သိသင့်သိအပ်သောဥပဒေတို့ကို လည်း စီရင်ထုံးများဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်း တက်ရောက်သူ များမှ သင်တန်းအတွေ့အကြုံများကို ဦးချမ်းမြေ့ဝင်း (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)က "အကျိုးရလဒ်အနေ နဲ့ ယခုလိုစနစ်တကျဖွဲ့စည်းမယ့် ဥပဒေ ဌာနပေါ်လာတဲ့အတွက် ဝန်ကြီးဌာန အတွက် ကောင်းပါတယ်၊ ဂုဏ်သိက္ခာ လည်း ပိုမြင့်လာပါမယ်၊ ဒီဥပဒေ သင်တန်းကနေ အကျိုးရလဒ်များစွာ ရလိုက်ပါတယ်၊ ဒီသင်တန်းမျိုးကို ကျွန်တော်တို့လို ဥပဒေဘွဲ့ရဝန်ထမ်း များသာမက အခြားဝန်ထမ်းများလည်း ဥပဒေအကြောင်းသိအောင် ဖွင့်လှစ် ပေးစေချင်ပါတယ်"ဟုလည်းကောင်း၊



**ဦးအောင်ရဲချို။**

ဦးမြင့်ဇော်ထွန်း(ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေးလုပ်ငန်း)က "ဒီသင်တန်း တက်ဖို့ ရွေးချယ်ခံရတဲ့အတွက် စိတ်ဝင်စားတဲ့ဘာသာရပ်ကို ပြန်လည် သင်ကြားခဲ့ရပါတယ်၊ မီဒီယာနဲ့ ပတ်သက်တဲ့ ဥပဒေတွေကို သတင်းစာ မှာဖတ်ခဲ့ပေမယ့်လည်း အခုသင်တန်း ကျမှ ဥပဒေတွေကို ဂဃနဏသိခဲ့ရ တယ်၊ အထွေထွေဗဟုသုတတွေလည်း အများကြီးရခဲ့ပါတယ်၊ ဌာနအတွက် အကောင်းဆုံး တာဝန်ထမ်းဆောင်သွား ပါမယ်" ဟုလည်းကောင်း၊ ဒေါ်မြတ် မွန်ခင် (သတင်းနှင့်စာနယ်ဇင်းလုပ် ငန်း)က "ဒီသင်တန်းက ဝါသနာပါတာ နဲ့လည်းကိုက်ညီတယ်၊ အကျိုးရှိပါတယ်၊ သင်တန်းမတက်ခင်ကနဲ့ သင်တန်း တက်အပြီးမှာ ဥပဒေတွေသိလိုက်တဲ့ အတွက် တော်တော်ပြောင်းလဲသွားပါ တယ်၊ ဌာနအတွက် အကျိုးပြုမယ့် သတင်းမီဒီယာသမားကောင်းအဖြစ် ကြိုးစားသွားပါမယ်"ဟု လည်းကောင်း၊ ဦးအောင်ရဲချို (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန)က "သင်တန်းတက်ဖို့ ရွေးချယ်ခံရတုန်းက ဝမ်းသာခဲ့ပါတယ်၊ ဥပဒေပညာနဲ့ ကင်းကွာခဲ့တာလည်းကြာပြီဆိုတော့ အခုပြန်သင်ရတော့ အကျိုးရှိပါတယ်၊ ရှေ့ဆက်ပြီးတော့လည်း အကောင်းဆုံး လေ့လာသွားပါမယ်"ဟု လည်းကောင်း



**ဦးမြင့်ဇော်ထွန်း။**

အသီးသီးပြောပြခဲ့ကြသည်။

ပြည်ထောင်စု ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) သင်တန်းနည်းပြ ဆရာဦးဟန်ညွန့်က "ဒီသင်တန်းရဲ့ ရည်ရွယ်ချက်က ဥပဒေ ဘွဲ့ရဝန်ထမ်းတွေ ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို သိရမယ်၊ ပြန်ကြားရေးဝန်ကြီးဌာနက ဝန်ထမ်း တွေဖြစ်တဲ့အတွက် ပြန်ကြားရေးကဏ္ဍ ဆိုင်ရာ ဥပဒေတွေကိုလည်း သိရမယ်၊ အခုလို ဥပဒေတွေကို လေ့လာပြီးတော့ ရှေ့ကို တက်လှမ်းရမှာဖြစ်ပါတယ်၊ ဆက်လက်ပြီးတော့ ဥပဒေပညာကို လေ့လာလိုက်စားပြီး နိုင်ငံတော်နဲ့ လူမျိုးအကျိုး၊ ဝန်ကြီးဌာနအကျိုးကို ထမ်းဆောင်သွားစေဖို့ ရည်ရွယ်ပါ တယ်၊ သင်တန်းတက်ရောက်သူ အားလုံးဟာ တကယ်ပဲထူးချွန်တာ တွေ့ရပါတယ်၊ Position အနေနဲ့သာ ရှေ့နောက်ဖြစ်သွားပြီး ရမှတ်တွေက တော့ သိပ်မကွာခြားပါဘူး၊ အခြေခံ ဥပဒေသာမက ပြန်ကြားရေးဆိုင်ရာ ဥပဒေတွေကိုပါ တက်ညီလက်ညီ လေ့လာဖို့လိုပါတယ်၊ ဒီသင်တန်းက နေ ရှေ့ဖြစ်လာမယ့် အနာဂတ်ဟာ များစွာကောင်းကျိုးတွေရမှာပါ၊ ဝန်ကြီး ဌာနတိုင်းဟာမိမိတို့ ဌာနကို အကျိုးပြု ကာကွယ်မယ့် ဥပဒေဝန်ထမ်းတွေကို မွေးထုတ်ခြင်းဖြင့် များစွာကောင်းကျိုး



**ဒေါ်မြတ်မွန်ခင်။**

တွေရလာမှာပါ"ဟု ပြောပြသည်။

ဤသို့ဆိုလျှင် ဒီမိုကရေစီနိုင်ငံတိုင်း တွင် နိုင်ငံသားများသည် အမှီအခိုကင်း သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် နှင့် သတင်းအချက်အလက်သိရှိပြီးမှ စဉ်းစားရွေးချယ်မှုများ ပြုလုပ်နိုင်ရန် အတွက် အချက်အလက်များပါဝင်သည့် ယုံကြည်စိတ်ချလောက်သော သတင်း များကို သတင်းမီဒီယာဥပဒေနှင့်အညီ ပေးနိုင်ပါက နိုင်ငံအတွက် အားကိုး ရသည့်မီဒီယာ၊ ပြည်သူများအားထား ရသည့် မီဒီယာများဖြစ်လာမည်မှာ ဧကန်မလွဲပင်ဖြစ်ပေတော့သည်။ ။

■

**❖ ရေလုပ်ငန်းမှ**

စတင်တွေ့ရှိ၍ ကမ္ဘာကအသိအမှတ်ပြု ခံထားရသော ငါးမျိုးစိတ်သစ်ဖြစ်သည့် ငါးခူရှင်မဟုခေါ်သော ရှားပါးငါး တစ်မျိုးနှင့် ငါးသဖွဲ(ခေါ်)အရွယ် တစ်လက်မခန့်ရှိ ခေါင်းနှင့်အမြီးတွင် အဖြူစက် အမှတ်အသားပါရှိသော ငါးတစ်မျိုးမှာ ရှားပါးထူးခြားသော ငါးဖြစ်ကြောင်း အင်းလေးဒေသခံ တစ်ဦးထံမှ သိရသည်။

"အင်းလေးကန်အတွင်းမှာ ပြာလဲ့ ဘော်ဖြူအရောင်ရှိပြီးအကြေးခွံမပါတဲ့ စော်ဘွားငါးကြင်းလို့ခေါ်တဲ့ ငါးတစ်မျိုး လည်းရှိပါသေးတယ်။ ဒါ့အပြင် မျှော့အမျိုး ၄၀ ကျော်နဲ့အတူ တီလား ပီးယားငါး၊ မြက်စားငါးကြင်း၊ ငါးရစ်၊ ငါးတောင်နွယ်၊ ငါးခုံးမ၊ မြီးနီ၊ မြီးနီ ခေါင်းနီ၊ ငါးသားငယ်ကြယ်ပြောက်၊ မဲ့တစ်ပေါက်၊ ငါးပြားသရွတ်၊ ငါးပြေ စူး၊ ငါးမြွေထိုးစတဲ့ ငါးစိတ်တွေကို လည်း တွေ့ရပါတယ်"ဟု အင်းလေး ဒေသခံတစ်ဦးက ပြောပြသည်။

အင်းလေးကန်တွင် အင်းသားတို့ ဒေသသုံးအခေါ်အဝေါ်နှင့် ငါးဖမ်း ကိရိယာများရှိသကဲ့သို့ ဒေသအခြေ အနေ၊ ရေမြေအခြေအနေပေါ်မူတည် ၍ ငါးဖမ်းယူနည်းဖြင့် ဖမ်းယူကြလျက် ရှိရာ ငါးဖိန်းလိုက်ပိုက်၊ ဝိုင်းပိုက်၊ ပန်းစန့် ပေါင်း(ခေါ်)ငါးသဖွဲပိုက်၊ ကျွန်းမျော တိုင်ထူဖမ်းခြင်း၊ အင်းအိမ်ဖြင့် ဖမ်းခြင်း၊ ယက်သဲ့ဖြင့်ဖမ်းခြင်းတို့မှာ အသုံးများထင်ရှားသော ငါးဖမ်းယူ နည်းအချို့ဖြစ်ကြောင်း သိရသည်။ အင်းသားအတော်များများ တံငါ (ရေ) လုပ်ငန်းကိုလုပ်ကိုင်ရခြင်းမှာ အင်းလေး ကန်တည်ရှိနေသော သဘာဝကြောင့် လည်းကောင်း၊ အင်းရေပြင်တွင် မွေးပြီး အင်းရေပြင်တွင် ကြီးလာရ သော မိမိတို့ဇာတိနယ်၊ ပတ်ဝန်းကျင် အခြေအနေများကြောင့် လည်း ကောင်း၊ မိရိုးဖလာအသက်မွေးဝမ်း ကျောင်းအဖြစ် လုပ်ကိုင်လာကြသော ကြောင့်လည်းကောင်း တံငါ (ရေလုပ် ငန်း)ကိုလုပ်ကိုင်ကြခြင်း ဖြစ်ကြောင်း သိရသည်။ ရှေးအခါက ငါးဖမ်းခြင်း လုပ်ငန်းကို အင်းရွာတိုင်းလိုလိုပြုလုပ် ခဲ့ကြပြီး ငါးဖမ်းရန်အတွက် လိုအပ် သော ပိုက်ကွန်များ၊ ငါးခြင်းများ၊ ဝါးဖြင့်ပြုလုပ်သော ငါးထောင်ချောက် များ ၊ မြှုံးများ၊ မိုန်းများ၊ ငါးမျှားချိတ် များကို ရွာသားများကိုယ်တိုင် ပြုလုပ် ခဲ့ကြကြောင်း သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

■

**❍ အာရှယူ-၁၉ မှ**

ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ကစားသမားများကို မဖြစ် မနေ နိုင်ရမည်ဟု ဖိအားမပေးထားသော်လည်း အကောင်း ဆုံးပုံစံနှင့် အကောင်းဆုံးရလဒ်ရရှိရန် ကြိုးစားယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း၊ မြန်မာဘောလုံးပရိသတ်များအနေဖြင့် တစ်ခဲနက်လာရောက်အားပေးမည်ဟု ယုံကြည်ကြောင်း၊ သို့သော်ထွက်ပေါ်လာသည့် ရလဒ်ကို လက်ခံပေးစေလို ကြောင်း၊ ယခုပြိုင်ပွဲမှာ အာရှအဆင့်ပြိုင်ပွဲဖြစ်၍ ပြိုင်ပွဲ အဆင့်အတန်း၊ ပြိုင်ဘက်အနေအထားအပေါ်နားလည် ပေးစေလိုပါကြောင်း"ပြောကြားခဲ့သည်။

ကာတာအသင်းနည်းပြဆန်းချက်က ကမ္ဘာ့ဖလား ဝင်ခွင့်ရထားသော်လည်း မိမိတို့၏ ရည်မှန်းချက်များ မပြီး ဆုံးသေးကြောင်း၊ အသင်းကို ပြန်လည်ပြင်ဆင်ထား ကြောင်း၊ မြန်မာအသင်းမှာ ကစားသမားကောင်းများဖြင့် ဖွဲ့စည်းထားပြီး အိမ်ရှင်အသင်းဖြစ်သောကြောင့် ခက်ခက် ခဲခဲကစားရမည်ဖြစ်ကြောင်း၊ အိမ်ရှင်ပရိသတ်၏ ဖိအား မှာ အနည်းငယ်ရိုက်ခတ်မှုရှိနိုင်ကြောင်း ပြောကြားခဲ့ သည်။

## ငွေစာရင်းလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်း

**စစ်တွေ အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေစာရင်းလုပ်ငန်း ကျွမ်းကျင်မှု သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်းသူရိယ ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမင်းချစ်ဦး၊ သင်တန်းနည်းပြ များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**(ပြည်နယ်ပြန်/ဆက်)**

# ဆင်မလေးမိုမိုမွေးနေ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ စည်ကားစွာကျင်းပ



ဆင်မလေးမိုမို (၆၁)နှစ်ပြည့် မွေးနေ့ပွဲကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ကျင်းပစဉ်။

ကယားပြည်နယ် လွိုင်ကော်မြို့ကနေ ၁၉၆၁ ခုနှစ်မှာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ရောက်ရှိလာတဲ့ အသက် ခုနှစ် နှစ်အရွယ် ဆင်မလေးမိုမိုဟာ အခုဆိုရင် ဆင်မကြီး မိုမိုအဖြစ် (၆၁) နှစ်ပြည့် မွေးနေ့ကို ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။

သူမနဲ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဟာ ခွဲခြားလို့မရတဲ့ အရာတစ်ခုပါ။ မိုမိုရေလို့ ကလေးငယ်လေးများ ခေါ်လေတိုင်းမဆိုင်းမတွ "ဝူး" လို့ ပြန်ထူးတတ်တဲ့ ဆင်မလေးမိုမိုဟာ ပြည်သူတွေရဲ့ အချစ်တော်လေးဖြစ်ခဲ့ပါတယ်။

ဆင်မလေးမိုမိုဟာ ၁၉၉၂ ခုနှစ်မှာ ကျင်းပတဲ့ မြင်းခင်းသဘင်ပွဲတော်၊ လှေသဘင်ပွဲတော်၊ တရုတ်ပြည်မှ စွယ်တော်ပင့်ဆောင်ရာမှာလည်း နှစ်ကြိမ်တိုင်တိုင် ပါဝင်ခဲ့ပါတယ်။ ရွှေတိဂုံစေတီ မြောက်ဘက်စောင်းတန်းတော်ကြီးဖွင့်ပွဲစတဲ့ နိုင်ငံတော်နဲ့ သက်ဆိုင်တဲ့ပွဲတွေမှာလည်း ဝန်ထမ်းများနဲ့အတူ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့တဲ့ ဆင်မလေးပဲဖြစ်ပါတယ်။

အောက်တိုဘာ ၁၉ ရက်မှာ မိုမိုချစ်သော၊ မိုမိုက ချစ်သော ပြည်သူများနဲ့အတူ သက်တော်ရှည်ဆင်မလေး မိုမိုရဲ့ (၆၁) နှစ်ပြည့်မွေးနေ့ပွဲကို တိရစ္ဆာန်ဥယျာဉ်၌ စည်ကားပျော်ရွှင်စွာ ဒုတိယအကြိမ်မြောက် ကျင်းပနေသည့်အတွက် စာရေးသူ သွားရောက်သတင်းရယူခဲ့ပါသည်။

ကယားပြည်နယ် လွိုင်ကော်မြို့မှ ဆင်မလေးမိုမိုကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ပို့ဆောင်ခဲ့သည့် မိုမိုရဲ့ ပထမဆုံး သခင် ဦးခွန်စန္ဒရဲ့အကြီးဆုံးမြေး ဒေါ်တင်တင်နွဲ့က "အဘိုးက ကယားပြည်နယ် သစ်လုပ်ငန်းမှာ တာဝန်ကျတော့ သစ်တောကြိုးဝိုင်းထဲမှာ ဒီမိုမိုဖြစ်လာမယ့် ဆင်လေး တောထဲမှာ အမေနဲ့ကွဲ မျက်စိလည်ပြီး အဘိုးနဲ့တွေ့တဲ့အခါ အဘိုးက သနားပြီးခေါ်ထားတယ်။ ဒါပေမယ့် ရေရှည်ကြတော့ မဖြစ်နိုင်ဘူး။ ပိုင်ရှင်လည်းမရှိတဲ့အခါကျတော့ တိရစ္ဆာန်ဥယျာဉ်မှာ သွားပြီးလှူမယ်ဆိုပြီး ရန်ကုန်ကို ကားနဲ့ သယ်လာတယ်၊ ဒီကိုရောက်တဲ့အခါကျတော့ နာမည်ဘယ်လို ပေးရင်ကောင်းမလဲဆိုပြီး တိရစ္ဆာန်ဥယျာဉ်မှ တာဝန်ရှိသူတွေကမေးတော့ အဘိုးက တောခေါင်ကြီးရဲ့ဇနီး ကရင်မလေး နော်မိုးမိုးနာမည်ကို ယူပြီး မိုးမိုလို့မှည့်ခဲ့တယ် အဲဒီက နေမှ မိုမိုဖြစ်လာတာပါ။

အခုဒီကိုလာတာ မိုမိုကို မွေးနေ့လက်ဆောင်ပေးရအောင်လာတာပါ။ ဘာပေးရမှန်းမသိလို့ မိုမိုအတွက် ကံကောင်းစေရန်အတွက် ရည်ရွယ်ပြီး ငွေ ၆ သောင်း လာလှူတာပါ" ဟုပြောပြခဲ့သည်။

မိုမိုရဲ့မွေးနေ့ကို မိသားစုနဲ့အတူ တက်ရောက်လာတဲ့ **အဆိုတော်ဟဲလေး**က "ဆင်မလေးမိုမိုကို ကျွန်တော် ငယ်ငယ်တည်းက သိခဲ့တာ သူက လိမ္မာတယ်။ အခု ၆၁ နှစ်ပြည့်ပြီဆိုတော့ တော်တော်အသက်ရှည်တယ်။ အခု ကျွန်တော့်သားလေးတွေကို မြင်ဖူးအောင်ပြချင်တာကြောင့် လာခဲ့တာပါ။ အသက်ရာကျော်တိုင်အောင် ကျန်းမာပါစေလို့ မိုမိုအတွက် ဆုတောင်းပေးပါတယ်။"

**ဒေါက်တာထွန်းမြင့်(ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထိန်းသိမ်းဆေးကု သုတေသနဌာနခွဲ)**

မိုမိုက အခုလက်ရှိတော့ ကျန်းမာရေးအခြေအနေကောင်းပါတယ်။ လွန်ခဲ့တဲ့ ၁၉၉၆ ခုနှစ်တုန်းကတော့ အစာအိမ်ရောဂါဖြစ်ခဲ့ပါတယ်။ ဆရာဝန်တွေ၊ ဝန်ထမ်းတွေရဲ့ ဂရုစိုက်မှုကြောင့် အခုနောက်ပိုင်း ဘာမှမဖြစ်တော့ပါဘူး။မိုမိုက အသက်ကြီးသွားပြီဖြစ်တဲ့အတွက် အစာကအစ ဂရုတစိုက်ကျွေးနေပါတယ်။ နောက်ပြီး မိုမိုက မုန်ကျတာလည်း တစ်ကြိမ်မှ မဖြစ်ဖူးပါဘူး။ ကျွန်တော်တို့ တိရစ္ဆာန်ဥယျာဉ်မှာ ဆရာဝန်နှစ်ယောက်နဲ့ အကြံပေးဆရာဝန်တစ်ယောက် စုစုပေါင်း သုံးယောက်ရှိပါတယ်။ ကြိုတင်ကာကွယ်ခြင်းနဲ့ ကုသခြင်းဆိုပြီး အပိုင်းနှစ်ပိုင်းနဲ့ လုပ်ဆောင်နေပါတယ်။ ဒီမှာရှိတဲ့ ဆရာဝန်တွေက မိုမိုအပါအဝင် တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးအတွက် တစ်နေ့သုံးကြိမ် စစ်ဆေးရေးတွေလုပ်ပါတယ်။ ဆောင်းတွင်းနဲ့ မိုးတွင်းမှာ ရောဂါဖြစ်တတ်လို့ ပိုပြီးဂရုစိုက်ပါတယ်။ ရောဂါ ဖြစ်တာတွေ့ရင် ချက်ချင်းကုသမှုတွေလုပ်ပါတယ်။

ဒီနေ့က မိုမိုရဲ့ အသက် ၆၁ နှစ်ပြည့်ဆိုတော့ သက်တမ်းအရှည်ဆုံးလို့ပြောလို့ရတာပေါ့။ သူက ပြည်သူ့အချစ်တော်လည်းဖြစ်တယ်။ လူတိုင်းကလည်း မိုမိုကို သိတယ်။ ဒါ့ကြောင့် မိုမိုကို အသက်ရှည်ပါစေကြောင်း ဆုတောင်းပေးကြပါလို့ပြောချင်ပါတယ်။

**ဦးမောင်မောင်(ဆင်ဦးစီး)**

မိုမိုဘာပဲဖြစ်ဖြစ် ကျွန်တော်နဲ့ဆိုင်တယ်။ ကျွန်တော်က မိုမိုကို အနီးကပ်ဆုံးကိုင်တွယ်ရတာလေ။ ဆင်ဦးစီးဆိုတာ ဆင်ရဲ့ကျန်းမာရေးကိုလည်း ဂရုစိုက်ရတယ်။ ဆင်ကို လိမ္မာယဉ်ကျေးအောင်လည်း သင်ပြရတယ်။ ပြီးတော့ ဆင်ကို မိမိရဲ့ သားသမီးလိုပဲ ထိန်းသိမ်းရပါတယ်။ နောက်ပြီး မိုမိုကိုထိန်းလာတာ ကျွန်တော်က လေးယောက်မြောက်လေ။ မိုမိုကို တခြားဆင်ထိန်းတွေ ရိုက်ရင် ကျွန်တော်က သိပ်မကြိုက်ချင်ဘူး။ နောက်ပရိသတ်ကိုလည်း ပြောချင်ပါတယ်။ ဆင်တွေကို မစကြပါနဲ့လို့။ မိုမိုက ကျွန်တော့်သားသမီးလေးလိုဖြစ်နေပါပြီ။ တကယ်တော့ မိုမိုက ကျွန်တော့်ထက် အသက်အားဖြင့်တော့ အများကြီး ကြီးပါတယ်။

**ဦးအေးလှိုင်(တိရစ္ဆာန်ထိန်းသိမ်းရေးတာဝန်ခံ)**

ဒီ (၆၁)နှစ်ပြည့်မွေးနေ့က ဒုတိယအကြိမ်ပေါ့နော်။ မနှစ်ကလည်း လုပ်ခဲ့တယ်။ မိုမိုက ဒီတိရစ္ဆာန်ရုံမှာနေလာတာ အကြာဆုံး၊ သက်တမ်းအရှည်ဆုံးလည်းဖြစ်တဲ့အတွက် တာဝန်လည်းကျေပွန်စွာထမ်းဆောင်ခဲ့လို့ သူ့ကို ဂုဏ်ပြုတဲ့ အနေနဲ့လုပ်ပေးတာပါ။ ဒီနှစ်မှာ ပိုပြီးစည်စည်ကားကား လုပ်ပေးချင်လို့ အားလုံးညှိနှိုင်းပြီး လုပ်ပေးကြတာပါ။ နောက်ပိုင်းအသက်အရွယ်နဲ့ လိုက်ဖက်မယ့်အကတွေကိုပဲ ဖျော်ဖြေခိုင်းပါတယ်။ ဆင်တွေရဲ့ သက်တမ်းက (၇၀/ ၈၀) တမ်းဆိုတော့ (၆၁) နှစ်ဆိုတာ အသက်ကြီးပြီလို့ ဆိုနိုင်ပါတယ်။ကျွန်တော်ကတော့ မိုမိုကို သက်တမ်းစေ့ ကျန်းမာစွာနေရပါစေလို့ ဆုတောင်းပေးပါတယ်။

**ဒေါ်ကေသီ(ရွှေပြည်သာ)**

ကျွန်မတို့ ငယ်ငယ်က မိုမိုနဲ့ အခုတွေ့ရတဲ့မိုမိုက မတူဘူး။ ဟိုတုန်းက သိပ်ကိုသွက်လက်တဲ့မိုမို အခုတော့ ပိန်သွားသလိုပဲ။ ဒါပေမယ့် ချစ်ဖို့တော့ကောင်းနေတုန်းပါပဲ။ အခု (၆၁) နှစ်မွေးနေ့ဆိုလို့ ကျွန်မရဲ့ ကလေးတွေကို လာပြတာပါ မိသားစု အကုန်လုံးလာကြတာလေ။

ဆင်မကြီးဖြစ်သွားပြီဖြစ်တဲ့ မိုမိုဟာ သူမရဲ့ မွေးနေ့ပွဲကို လာရောက်ကြတဲ့ ပရိသတ်အပေါင်းကို ငယ်စဉ်ကတည်းက နာမည်ကျော်လူကြိုက်များခဲ့တဲ့ မော်လမြိုင်ရေသဘင်အကကို သူမရဲ့ ကြီးမားလှတဲ့ တင်ပါးကြီးများလှုပ်ရမ်းကပြခဲ့တဲ့အပြင် ကိုယ်တိုင်ဘာဂျာမှုတ်၍လည်းဖျော်ဖြေရာ ပရိသတ်များရဲ့ အချစ်ကိုတိုး၍သာ ရယူသွားတာကို တွေ့မြင်ခဲ့ရပါတယ်။သူမ၏ မွေးနေ့အဖြစ် စာကလေး ၆၁ ကောင်ကို လွှတ်ပေးခြင်းဖြင့် ကုသိုလ်ကောင်းမှု ပြုခဲ့သည်ကိုလည်း တွေ့ရသည်။

သတင်း-သီသီမင်း
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

# မူဆယ်နှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ ရက်က မူဆယ်မြို့ ဟိုနားရပ်ကွက်နေ မနန်ဆန်၏ အိမ်အား ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား၈၈၀ သိမ်းဆည်းရမိသဖြင့် မနန်ဆန်(၄၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ အောက်တိုဘာ ၁၇ ရက်က မူးယစ်တပ်ဖွဲ့စု (၂၈) ကျိုင်းတုံမှတပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် နောင်တုံကန်ပတ်လမ်းနေ စိုင်းယီတစ်(ခ)စိုင်းကျောက်၏ အိမ်အား ရှာဖွေရာ ဘုန်းမြတ်သာ(ခ) မောင်ဘုန်းနှင့်စိုင်းလောင်မိန်း(ခ) ပီလောင်တို့အား ၎င်းနှင့်အတူ တွေ့ရှိပြီး အိမ်အောက်ထပ်စားပွဲပေါ်နှင့် ၎င်းတို့အိပ်ယာခေါင်းအုံးဘေးမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀ အား သိမ်းဆည်းရမိသဖြင့် တရားခံ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဖခင် အမည်မှန်**
မော်ဘီမြို့၊ အထက(၁)၊ ဒသမတန်း (I)မှ မောင်ကျော်ရှိန်း၏ဖခင် အမည်မှန်မှာ ဦးမောင်မောင်[၇/လပတ(နိုင်)၁၁၅၃၃၀] ဖြစ်ပါသည်။
ဦးမောင်မောင်

**ဖခင် အမည်မှန်**
မော်ဘီမြို့၊ အထက(၁)၊ ဒသမတန်း(E)မှ မဇာနည်နွယ်၏ဖခင် အမည်မှန်မှာ ဦးဇော်[၁၂/မဘန(နိုင်)၁၀၃၁၃၈] ဖြစ်ပါသည်။
ဦးဇော်











# ပြည်သူ့အသံ ပြည်သူ့အကြံ

**ခင်မောင်ထွေး**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (YESB)ကို ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းရန် သက်ဆိုင်ရာက စိစစ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်မှ ဦးစိုင်းကျော်ဇောသန်း၏ "ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆိုနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးအစီအစဉ်များဆောင်ရွက်နေမှု၊ ဓာတ်အားလိုင်းကြိုးများ ပြတ်ကျပါက ဓာတ်လိုက်ခံရမှုမရှိစေရန် ဆောင်ရွက်နေမှု၊ လဲလှယ်ရန်လိုအပ်သော ဓာတ်အားလိုင်းကြိုးများ၊ ဓာတ်အားလိုင်းကြိုးအဟောင်းများ၊ ကြွေသီးအဟောင်းများ၊ ဓာတ်ကာပစ္စည်းပါဝင်သော Insulated လိုင်းကြိုးများဖြင့် လဲလှယ်ခြင်း၊ သေးငယ်သောထရန်စဖော်မာအရွယ်အစားကို ရွေးချယ်သတ်မှတ်ပြီး အလုံးရေများများတပ်ဆင်ဓာတ်အားပေးသည့် Multi Transformer စနစ်ကို စတင်ဆောင်ရွက်နေမှု၊ ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများကို ကျွမ်းကျင်မှုသင်တန်းနှင့် ပညာပေးသင်တန်းများ ပို့ချဆောင်ရွက်သွားမည့်အစီအမံများနှင့် ဓာတ်အားသုံးစွဲသူများ ထိခိုက်မှုများကို လုံလောက်ထိုက်တန်သော လျော်ကြေးများပေးအပ်ရန်အတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

သို့ဖြင့် ယခုအပတ်ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ပစ္စက္ခလျှပ်စစ်ရေးရာအဖြာဖြာနှင့်စပ်လျဉ်းသည့် ပြည်သူအချို့၏ထင်မြင်ယူဆချက် ပြည်သူ့အသံများ ပြည်သူ့အကြံများကို ရွေးချယ်တင်ပြလိုက်ရပါသည်။

သဃ်န်းကျွန်းမြို့နယ်မှာ ၄၈ နှစ်၊ ၄၉ နှစ်ခန့်ရှိပြီဖြစ်တဲ့ ဓာတ်ကြိုးတွေ ရှိနေသေးတယ်။ အဓိကကတော့ သုဝဏ္ဏမြို့ ကောက်လျင်လမ်းက ကြိုးတွေကို လဲပစ်လိုက်ရင် အကောင်းဆုံးပဲ။ ကြေးကြိုးတွေမဟုတ်ဘဲ အလူမီနီယမ်ကြိုးတွေဖြစ်လို့ အင်မတန်စိုးရိမ်ရတယ်။ ဈေးတို့၊ ကျောင်းတို့ရှိတော့ အင်မတန်အန္တရာယ်များတယ်။ အဲဒီကြိုးတွေက မကောင်းဘူး။ အမြန်ဆုံးလဲဖို့ လိုအပ်တယ်။ ဓာတ်ကြိုးပြတ်ကျတာနဲ့ပတ်သက်ပြီးပြောရရင် အိမ်တွေက မီးအားဆွဲရင် ပြတ်ကျတတ်တယ်။ အရင်တုန်းက အိမ်တစ်အိမ်ကို မီးငါးလုံးပဲ သုံးတယ်။ အခု ယူနစ် ၂၀ လောက်သုံးတယ်။ သဃ်န်းကျွန်း နှင်းဆီကုန်းရပ်ကွက်ထဲမှာဆိုလည်း ကြိုးတွေက အသည်းယားစရာ၊ ကြောက်စရာလို့ ကျွန်တော်မြင်တယ်။ ကျွန်တော်တို့ရပ်ကွက်မှာဆိုရင် သုဝဏ္ဏ ကောက်လျင်လမ်း တကယ်အရေးကြီးတယ်။ ဈေးထိပ် နှံ့ပွားလမ်းနဲ့ ကောက်လျင်လမ်းဆုံက ကွမ်းရာဆိုင်နားမှာ မကြာခင်ပြတ်ကျတော့မယ်။ ပြတ်ကျဖို့လည်း ဟန်ပြင်နေပြီ။ နှစ်ပေါင်း အတော်ကြာနေတဲ့ အလူမီနီယမ်ကြိုးတွေလေ။ အခု လူတွေ ဓာတ်ကြိုးပြတ်ကျလို့သေတာ၊ ကြွေသီးတွေက မိုးနဲ့ဆိုတော့ ဓာတ်တိုင်က ကျောက်တိုင်ဆို အရေးမကြီးဘူး။ သံတိုင်ဆိုရင်တော့ ကြွေသီးက ပေါက်ပြီး ကြွေသီးကိုထိန်းထားတဲ့ တိုင်ငုတ်ကို သွားထိလိုက်တာနဲ့ ဓာတ်လိုက်ပြီ။ မီးက အောက်ကို ဆင်းလာတာ၊ ရေရှိရင် ရေကိုပြန့်သွားတယ်။ ရေကိုသွားထိလိုက်တာနဲ့ ဓာတ်လိုက်ပြီ။ ဒါကြောင့် သံတိုင်အစား ကွန်ကရစ်ဓာတ်တိုင်တွေ အသုံးပြုဖို့လိုတယ်။ ကြွေသီး လဲရမယ်။ ဓာတ်ကြိုးတွေ လဲရမယ်။ ကြွေသီးဆိုလည်း အတော်ကြာပြီ။ ဒါတောင် ဂျပန်ကြွေသီးတွေမို့လို့၊ နောက်လာတဲ့ ကြွေသီးတွေက မှုပ္ပန်ကြွေသီးတွေ မကောင်းဘူး။ ကြွေသီးက မနိုင်ဘူး။ ကြိုးက မကောင်းဘူးဆိုရင် မီးဆွဲလိုက်တာနဲ့ ဓာတ်ကြိုးပြတ်ကျမှာပဲ။ အချို့ ဆင်ခြေဖုံးရပ်ကွက်တွေမှာဆို နေ့တိုင်းပြတ်ကျနေတာ။ ည မီးဆွဲပြီဆိုရင် အလူမီနီယမ်ကြိုးက ကြေးကြိုးလို မဟုတ်တော့ ပျော့ပျော့ကျပြီး နောက်ဆုံးပါးပြီး ပြတ်ကျသွားတယ်။ မီးပါတဲ့ကြိုးကို လူက မသိတော့ သွားပြီပဲ။

ကြာတော့ အတော်ကြာပြီ။ လမ်းမတော် ဟိုဘက် ၁၆ လမ်းမီးပွိုင့်မှာ တက္ကသိုလ်ကျောင်းသူ ကောင်မလေးတစ်ယောက် ဓာတ်ကြိုးကပေါက်နေတော့ ဓာတ်လိုက်ပြီး တစ်ခါတည်းကပ်နေတာ။ ကျွန်တော်တွေ့တော့ ပုဆိုးကိုချွတ်ပြီး လည်ပင်းကိုဆွဲလိုက်တာ ကောင်မလေးလွတ်သွားတယ်။ နောက်သုံးမိနစ်လောက်ဆို သေပြီ။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ဓာတ်ကြိုးတွေပြတ်ကျရင် မကိုင်နဲ့။ နားလည်တတ်ကျွမ်းသူတွေကို အမြန်ဆုံးအကြောင်းကြားပါ။ ဓာတ်တိုင်ဆိုလည်း မကိုင်နဲ့။

လက်ရှိ လျှပ်စစ်ဝန်ထမ်းလေးတွေကလည်း ကျွမ်းကျင်သူနည်းသေးတယ်။ ဓာတ်တိုင်မှာ သံဘရက်ကက်ရှိတယ်။ BC လို့ခေါ်တယ်။ ဓာတ်တိုင်ကို တက်သွားရင် အဲဒီသံဘရက်ကက်ကို လှမ်းကိုင်တယ်။ လှမ်းကိုင်တော့ သေတာပေါ့။ နေ့စားဝန်ထမ်းလေးတွေ များတယ်။ နားမလည်ဘူး။ တစ်ခါက အဲဒီသံဘရက်ကက် လှမ်းကိုင်တော့ ဓာတ်လိုက်ပြီး ရေမြောင်းထဲပြုတ်ကြတယ်။ ကျွန်တော်က သူတို့လူကြီးကို ဒီကောင်လေးတွေကို ကြည့်ခိုင်း၊ နားမလည်ဘူး၊ ပြောနေတုန်း လှမ်းကိုင်တာ၊ ကြွေသီးတွေကလည်း နှစ်ပေါင်းများစွာကြာနေတော့ ပေါက်နေပြီ မိုးရေနဲ့ဆိုတော့ ဓာတ်လိုက်တာပေါ့။

**ဦးအောင်သူ**
**(ဖဆပလခေတ်မိုးကြိုးလျှပ်စစ်ကုမ္ပဏီ၊**
**လျှပ်စစ်ကျွမ်းကျင်သူ)**

အခုလက်ရှိတပ်ထားတဲ့ မီတာကကြာပါပြီ။ ခေတ်နဲ့အညီ ဒစ်ဂျစ်တယ်မီတာ တပ်မယ်ဆိုတာ ကောင်းပါတယ်။ ဒါပေမယ့် ကြားမိတာက ဒစ်ဂျစ်တယ်မီတာက မီတာတက်နှုန်း အင်မတန်မြန်တယ်လို့ကြားမိပါတယ်။ ဟုတ်၊ မဟုတ်တော့ သေချာမသိပါဘူး။ ကျွန်မတို့က အငြိမ်းစားဝန်ထမ်းဆိုတော့ ကိုယ်အမှန်တကယ် သုံးတာထက် ပိုပြီးကုန်မှာစိုးလို့ပါ။ ဒစ်ဂျစ်တယ်မီတာကို မတပ်မနေရ၊ တပ်ရမယ်ဆိုရင်တော့ တပ်မှာပါ။ မီးကိုတော့ မပြတ်ဖို့ရယ် ပုံမှန်ပေးဖို့ရယ်၊ မေတ္တာရပ်ခံ လိုပါတယ်။

**အငြိမ်းစားသူနာပြုဆရာမကြီးတစ်ဦး (ကျောက်မြောင်း)ရန်ကုန်မြို့**

ကျွန်တော်တို့ရပ်ကွက်က အဓိကလမ်းမကြီးတွေမှာတော့ သံဓာတ်တိုင်တွေအစား ကွန်ကရစ်ဓာတ်တိုင်တွေလဲပြီးပြီ၊ အချို့လမ်းမြောင်တွေမှာတော့ သံတိုင်မပြောနဲ့သစ်သားတိုင်တွေပဲရှိသေးတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ကန်ထရိုက်တိုက်က ဓာတ်ကြိုးနဲ့နီးနေတဲ့အခါကျတော့ သွားထိပြီး အလုပ်သမားတစ်ယောက် သေသွားတယ်။ တချို့ဆို သစ်သားတိုင်တွေနဲ့ အိမ်တွေကို တစ်ဆင့်သွယ်တာတွေ တွေ့ရတယ်။

**ကိုဗထူး (သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်)**

မနေ့ကပဲ သာကေတ(၈)ရပ်ကွက် ဧရာဝဏ်လမ်းမကြီးဘေး မြခွါညို အိမ်ရာအနီးမှာ သစ်ကိုင်းခုတ်ရင်း ဆားဗစ်ကြိုးကိုသွားထိလို့ လူတစ်ယောက် သေသွားတယ်။ အသက် (၄၉) နှစ် အရွယ်ဝန်းကျင်ပါ။ ဝန်ထမ်းနဲ့တူပါတယ်။ ကျွန်တော်တို့က သာကေတမြို့နယ် နာရေးကူညီမှုအသင်းအနေနဲ့ လမ်းဘေးက ပိုင်ရှင်မဲ့နာရေးတွေ၊ သေမှုသေခင်းနဲ့ဆိုင်တဲ့ နာရေးတွေကို ကူညီဆောင်ရွက်ပေးနေတော့ ကျွန်တော်ကိုယ်တိုင်ဆောင်ရွက်ပေးလိုက်ရပါတယ်။ ဆားဗစ်ကြိုးအဟောင်းတွေ၊ ဆားဗစ်ကြိုးနဲ့နီးတဲ့ သစ်ကိုင်းတွေကိုလည်း ကြိုရှင်းပေးစေလိုပါတယ်။ အန္တရာယ်မဖြစ်အောင်လည်း သတိထားလုပ်စေချင်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာတော့ လျှပ်စစ်ဌာနက အခုတော်တော်လေး လုပ်နေပါတယ်။ ဒီအတွက်လည်း ကျေးဇူးတင်ပါတယ်။ ပိုပြီးလုပ်ပေးစေချင်ပါတယ်။

**ဦးအောင်နိုင် (သာကေတမြို့နယ်၊ နာရေးကူညီမှုအသင်း)**

ဆင်ခြေဖုံးရပ်ကွက်တွေမှာ အိမ်တွေကိုဆက်သွယ်တဲ့ဓာတ်တိုင်က ဓာတ်ကြိုးတွေက ဝါးလုံးတွေနဲ့ အဆင်ပြေအောင်လုပ်တာတွေ့ရတယ်။ ဘေးပတ်ဝန်းကျင်မှာလည်း အိမ်တွေက ကပ်နေတော့ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေတယ်။ စနစ်တကျ သွယ်တန်းသင့်ပါတယ်။ လျှပ်စစ်ဌာနအနေနဲ့လည်း လဲလှယ်မှုလုပ်ဖို့ ပြည်သူတွေကို အသိပေးစေချင်တယ်။

**မဉမ္မာထွေး (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**

ကျွန်မတို့အိမ်ရှေ့က ဓာတ်တိုင်တွေဆို ကျွန်မတို့ငယ်ငယ်လေးကတည်းက ဖြစ်လို့ နှစ်ပေါင်း ၄၀ ကျော်နေပြီ။ ဓာတ်တိုင်အောက်ခြေမှာဆို သံချေးတွေ ကိုက်ပြီး ပွဲ့ရွဲ့နေပြီ။ ဓာတ်တိုင်ကိုသွားထိရင် ဓာတ်အားရှိနေတယ်။ ကလေးတွေအတွက် အန္တရာယ်အလွန်များပါတယ်။ အခုတော့ လျှပ်စစ်ဌာနက လာလဲနေတာ သိရပေမယ့် ကျွန်မတို့ဆီ မရောက်သေးဘူး။ ဓာတ်ကြိုးတွေ၊ တိုင်တွေကို စနစ်တကျ အချိန်ကာလသတ်မှတ်ပြီး လဲပေးရင် ပိုကောင်းတာပေါ့၊ တစ်ခါတလေ ဓာတ်ကြိုးပူးနေတာကြောင့် သတိထားနေရတယ်။

**ဒေါ်ခင်ခင်ဆွေ**
**ဆရာစံမြောက်/အနောက်ရပ်ကွက်၊**
**အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်**

## သစ်လုံးကားကြီးများကြောင့် ယာဉ်အန္တရာယ်နှင့် လမ်းပျက်စီးရ

**ပဲခူး အောက်တိုဘာ ၁၉**

ပဲခူးမြို့တွင် ပြည်သူများအသွားအလာများသော လမ်းတစ်ခုဖြစ်သည့် ဗန္ဓုလလမ်းမကြီးပေါ်တွင် သစ်လုံးကားကြီးများသည် ရှင်စောပုရပ်ကွက်အတွင်းရှိ သစ်စက်သို့ လာရောက်ပို့ဆောင်လျက်ရှိသည်။ ထိုသို့ သစ်လုံးကားကြီးများ လမ်းအတွင်းသို့ ဝင်/ထွက်ရာ ဗန္ဓုလလမ်းမှာ လမ်းကျဉ်းပြီး လူသွားလူလာများသဖြင့် မလိုလားအပ်သော ယာဉ်အန္တရာယ်များဖြစ်ပွားနိုင်သည့်အပြင် လမ်းမှာလည်း မိုးတွင်းအခါရေတိုက်စားမှုကြောင့် ပျက်စီးနေရာ သစ်လုံးကားကြီးများကြောင့် ပိုမိုပျက်စီးနေသဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းမပျက်စီးရေးအတွက် အလေးထားရန်လိုကြောင်း ရပ်ကွက်တွင်းနေပြည်သူများက ပြောသည်။ (ဝ၅)







# မြန်မာ့စောင်း

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

၁၉၅၀ ခုနှစ်ခန့်က ဂျပန်စာရေးဆရာ Michi Take Yama ၏ Original Story ကို ဂျပန်နိုင်ငံ Janus Film မှ ဒါရိုက်တာ Kon Lchi Kawa နှင့် မြန်မာနိုင်ငံ အေဝမ်း ဖလင်မှ ဒါရိုက်တာ အေဝမ်းဦးတင်မောင် ဦးဆောင်သော အဖွဲ့သားများ ပူးပေါင်းကူညီရိုက်ကူးပေးခဲ့သည်။

မြန်မာ့စောင်း ရုပ်ရှင်၊ ဗီဒီယိုခွေကို မကြာမီက ကြည့်လိုက်ရသည်။ မရှေးမနှောင်းပင် "စိတ်ကူးချိုချို" စာပေမှထုတ်ဝေသည့် "နန္ဒသူ" မြန်မာပြန်၊ "မြန်မာ့စောင်း" စာအုပ်ကိုလည်း ဖတ်လိုက်ရသည်။ ဝတ္ထုနှင့် ရုပ်ရှင်တစ်ထပ်တည်းတော့မကျ။ သို့သော် အဓိကရည်ရွယ်ချက်တူသည်။

တကယ့်ဖြစ်ရပ်မှန်ကတော့ ရိုးရိုးလေး။ မြန်မာ့မြေပေါ်မှ စစ်ရှုံး၍ တပ်ဆုတ်ပြန်သွားသည့် ဂျပန်များ မုဒုံတွင် ဗြိတိသျှတို့ထံ လက်နက်ချ၍ သင်္ဘောဖြင့် ဂျပန်သို့ ပြန်သွားကြသည်။ ထိုအချက်ကို ပင်မကျောရိုးထားကာ စာပေ၊ ရုပ်ရှင်ပညာရှင်များက စိတ်ကူးကောင်းကောင်းဖြင့် ဖန်တီးကြသည့်အခါ ဇာတ်လမ်းကောင်းတစ်ပုဒ်အဖြစ်သို့ ရောက်ရှိလေတော့သည်။ စစ်မဖြစ်လျှင် အကောင်းဆုံး၊ နိုင်သူလည်းမကောင်း၊ ရှုံးသူလည်းမကောင်း၊ စစ်မှာသရေမရှိ၊ ဖြစ်လာလျှင် ညာနေ၍မရ၊ လူသားအချင်းချင်း သတ်ဖြတ်ကြရသည်။ ထိုဇာတ်ကားတွင် လူအချင်းချင်း စာနာထောက်ထားသောစိတ်၊ လေးစားတန်ဖိုးထားသော စိတ်များထားရှိ၍ ငြိမ်းချမ်းသာယာသော လူ့ဘောင်လောက တည်ဆောက်သင့်ကြောင်း ဖော်ညွှန်းထားသည်။ မင်းသမီးမပါ။ ချစ်ကြိုက်ကွဲညား ဇာတ်လမ်းမျိုးမဟုတ်။ ရဲဘော်ရဲဘက်ချင်း သံယောဇဉ်ကြီးကြပုံကို အနုပညာရသမြောက်စွာ ခြယ်မှုန်းထားသည့်အတွက် ပရိသတ်ကိုဇာတ်လမ်း အစမှအဆုံးတိုင် ဆွဲခေါ်နိုင်စွမ်းရှိသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ရှေ့ပိုင်းဂျပန်များ ဘုန်းမီးနေလတောက်နေသည့်အချိန်၊ မြန်မာပြည်ကို နယ်ချဲ့ကျွန်ပြုထားသည့် အင်္ဂလိပ်တို့ကို တိုက်ထုတ်ရန် ဂျပန်တပ်များ မြန်မာ့မြေပေါ်သို့ ရောက်ခဲ့ကြသည်။ နောက်ပိုင်း ဂျပန်တို့သည် အမေရိကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကို မရှုမလှခံရပြီး မြန်မာပြည်တွင်လည်း ဂျပန်တပ်များ အခြေမလှ၊ ဗြိတိသျှများ၏ ထိုးစစ်ကြောင့် မြန်မာပြည်တွင်းရှိ ဂျပန်တပ်များ ကုန်းလမ်းခရီးမှ တပ်ဆုတ်ပြန်ကြရသည်။

၁၉၄၅ ခုနှစ် ဇူလိုင်လတွင် ဂျပန်တပ်ခွဲတစ်ခွဲ ထိုင်းနိုင်ငံကိုဖြတ်၍ ဂျပန်ပြည်သို့ပြန်ရန် ခရီးပြင်းနှင်ခဲ့ကြရာ ထိုတပ်စုတွင် တပ်ကြပ် "Mizu Shima မီးဇုရှိမ" လည်းပါသည်။ သူသည် မြန်မာ့စောင်းကို ကျွမ်းကျင်စွာ တီးခတ်တတ်၏။ စစ်သားဆိုသော်လည်း စိတ်ဓာတ်က နူးညံ့သည်။ စိတ်ရင်းကောင်းပြီး ခင်မင်ဖော်ရွေတတ်သော မြန်မာလူမျိုးများနှင့် ဘာသာသာသနာထွန်းကားပြီး သာယာလှပသော မြန်မာပြည်ကိုချစ်သည်။ စောင်းက သွားလေရာပါမြဲ။ တပ်ခွဲနားသည်နှင့် စောင်းတီးလေ့ရှိ၏။ "ဟန်းယုနော်ယာဒိုး သာယာသောအိမ်" အပါအဝင် ဂျပန်သီချင်းများကို "မီးဇုရှိမ" ကတီး၊ တပ်ခွဲမှူးနှင့် ရဲဘော်များက ဝိုင်းဆို၊ ဆိုလိုက်ကြ၊ တီးလိုက်ကြဖြင့် ငြီးငွေ့ဖွယ်အချိန်များကို ကျော်လွှားကြ၏။

အပြန်လမ်းဝယ် ရွာတစ်ရွာတွင် ခေတ္တဝင်ရောက်ရပ်နားစဉ် ဗြိတိသျှတပ်နှင့်ဆုံသည်။ ရန်ပြုလိုသော စိတ်ရှိ၊ မရှိစောင်းသံ၊ သီချင်းသံတို့ဖြင့် စမ်းသပ်ကြည့်ရာ ဗြိတိသျှတပ်က ငြိမ်းချမ်းလိုကြောင်း တေးသီချင်းသီဆို၍ ပြန်လည်အချက်ပြသည့်အတွက် ဂျပန်တပ်မှ လက်နက်ချလိုက်သည်။ စစ်သုံ့ပန်းအဖြစ်သို့ ရောက်ရှိသွားသည့်အတွက် မူလခရီးစဉ်ကိုဖျက်၍ မုဒုံသို့ သွားရတော့သည်။ တပ်ခွဲမှူးသည် မိမိတပ်ခွဲအတွက် အန္တရာယ်ကင်းသော်လည်း တြိဂံတောင်ကုန်းတွင်ရှိသော အခြားတပ်ခွဲအတွက် စိတ်ပူရသည်။ မလိုအပ်ဘဲ ဂျပန်ရဲဘော်များ ထပ်အသေမခံနိုင်။ စစ်ဒဏ်ကြောင့် ပျက်စီးသွားသည့် အမိဂျပန်ပြည် ပြန်လည်ထူထောင်ရေးမှာ ပါဝင်ကြရဦးမည်။ တြိဂံတောင်ကုန်းဒေသမှာ တပ်စွဲထားသော တပ်ခွဲတစ်ခွဲ လက်နက်ချမည့်အကြောင်း ဗြိတိသျှတပ်သို့ ကြိုသတင်းပို့ရန် တပ်ခွဲမှူးက "မီးဇုရှိမ"ကို တာဝန်ပေးသည်။ "နောက်ထပ်ဂျပန်ရဲဘော်တစ်ယောက်မှ မသေပါစေနဲ့" ဆိုသော တပ်ခွဲမှူး၏ အမှာစကားရင်ဝယ်ပိုက်ရင်း ဗြိတိသျှတပ်သို့ အပြေးအလွှား သွားရောက်သတင်းပို့သည်။ ဗြိတိသျှတပ်ကလည်း လက်ခံသည်။ သို့သော် အချိန်အကြာကြီးမပေး။

"မီးဇုရှိမ" ဝမ်းသာလုံးဆို့ပြီး တြိဂံတောင်ကုန်းသို့ ပြေးလေ၏။ မောရကျိုးမနပ်၊ ထိုတပ်က လက်နက်ချရန် ကိစ္စကိုလက်မခံ၊ "မီးဇုရှိမ" ကိုပင် "ငကြောက်" ဆိုပြီး



ရန်လုပ်မောင်းထုတ်သည်။ ထိုတပ်က တင်းခံနေသည့်အတွက် ဗြိတိသျှတပ်က တိုက်ခိုက်ရာ လက်နက်အင်အား၊ လူအင်အားချင်းမမျှ၍ အတုံးအရုံးကျဆုံးကုန်ကြသည်။ ထိုနေရာတွင် "မီးဇုရှိမ"လည်း သေနတ်ဒဏ်ရာရပြီး မေ့မြောသွားရာ သတိပြန်ရလာသောအခါ "မီးဇုရှိမ"သည် လူရိုင်းတို့၏ လက်ထဲမှာ။ သို့သော် သူ့ကိုဂရုစိုက်ပြုစုစောင့်ရှောက်နေသည်ကို သိလိုက်ရသည်။ ထို့နောက် လူရိုင်းတို့သည် "မီးဇုရှိမ" ကို သင်္ကန်းဝတ်ပေးလိုက်သည်။

လူရိုင်းတို့နယ်မြေမှ "မီးဇုရှိမ"သည် ပင်ပန်းကြီးစွာဖြင့် တောတောင်အထပ်ထပ်ကို ဖြတ်ကျော်၍ မုဒုံမြို့ဆီသို့ ဦးတည်လာခဲ့သည်။ မုဒုံဂျပန်စစ်သုံ့ပန်းစခန်းမှာတော့ သူ့ရဲဘော်များရှိလောက်မည်။ သူ့ကိုတွေ့ရင်တော့ သိပ်ဝမ်းသာသွားကြမည်ထင်၍ အတွေးပေါင်းများစွာဖြင့် မုဒုံသို့ ခရီးကြမ်းနှင်ရင်း အပြေးအလွှားလာခဲ့ရာ မုဒုံဘုန်းကြီးကျောင်းတစ်ကျောင်း၌ တစ်ထောက်နားရင်း သူ့ရဲဘော်များရှိရာသို့ လှမ်းလာခဲ့သည်။ လမ်းတွင် ဗြိတိသျှစစ်ဆေးရေးရုံးတစ်ရုံးနားသို့အရောက် ဝတ်ပြုဆုတောင်းသံများကြား၍ လှေ့လာကြည့်ရာ ဗြိတိသျှစစ်ဆေးရုံမှ ဆရာဝန်နှင့် ဆရာမများ ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်နေသည်ကို တွေ့လိုက်ရသည်။ စစ်ကြောင့်ဆေးရုံတွင် ဒဏ်ရာရသေဆုံးသွားသူများကို ဆေးရုံအတွင်းရှိ သင်္ချိုင်းတွင်မြှုပ်နှံသည်။ သေဆုံးသူများထဲတွင် ဗြိတိသျှများပါသလို၊ ဂျပန်များလည်း ပါသည်။ ဗြိတိသျှတို့သည် သူ့လူကိုယ့်လူမခွဲ၊ သေဆုံးသွားသမျှ လူသားဟုအသိအမှတ်ပြု၏။ ကောင်းမွန်စွာမြှုပ်နှံခြင်း၊ အလေးပြုခြင်း၊ ဝတ်ပြုဆုတောင်းပေးခြင်းများပြုလုပ်ပေးသည်။ ဂျပန်များအတွက် နေရာတစ်နေရာ သတ်မှတ်ပြီး မှတ်တိုင်တစ်ခုပြု၍ "အမည်မသိကျဆုံးသွားသူ ဂျပန်များ" စာတန်းထိုးထားသည်။ ထိုမြင်ကွင်းကိုကြည့်ပြီး "မီးဇုရှိမ" သူ့ကိုယ်သူအပြစ်တင်မဆုံး။

"ဩော်--- မဆိုင်တဲ့ ဗြိတိသျှလူမျိုးတွေကတောင် စစ်ကြောင့်သေဆုံးသူ တို့ဂျပန်တွေကို လူသားချင်းစာနာထောက်ထားတဲ့စိတ်နဲ့ အလေးဂရုပြုနေကြတာ၊ ငါဂျပန်တစ်ယောက်ဖြစ်ပါလျက် ငါ့လူမျိုးတွေရဲ့ အလောင်းတွေကို ဥပေက္ခာပြုပြီး ပစ်ထားခဲ့ရက်တာ၊ ငါ့လောက်ယုတ်ညံ့တဲ့လူ၊ ရက်စရာကောင်းတဲ့သူမရှိ" ဆိုသည့်အတွေးများဝင်လာကာ မုဒုံသို့ တက်လာရင်းအစီအစဉ်ကိုဖျက်၍ ခြေဦးကို နောက်ကြောင်းသို့ ပြန်လှည့်လိုက်လေတော့သည်။

ထိုသို့ နောက်ကြောင်းပြန်အလှည့်တံတားတစ်စင်းပေါ်မှာ သူ့ရဲဘော်ရဲဘက်များနှင့် မျက်နှာချင်းဆိုင်ဆုံသည်။ သူ့ရဲဘော်များက "မီးဇုရှိမ" ပျောက်သွားတာ သုံးလကျော်ကြာပြီဖြစ်၍ သေပြီဟုထင်မှတ်ရာမှ သင်္ကန်းဝတ်နှင့် "မီးဇုရှိမ"ကိုတွေ့လိုက်ရပြီး ဇဝေဇဝါ။ "မီးဇုရှိမ" ကလည်းသူသည် "မီးဇုရှိမ"ပါဟုဖွင့်မပြော။ သို့လောသို့လောဖြင့် ကျောခိုင်းသွားခဲ့ကြသည်။ တစ်ဖန် အလောင်းများကို ရှင်းလင်းနေရာမှ သူ့ရဲဘော်များကို သတိရ၍ ချောင်းမြောင်းကြည့်ရှုရန် မုဒုံသို့ပြန်တက်လာစဉ် ဗြိတိသျှတပ် အရိုးပြာသယ်ဆောင်သည့်အခမ်းအနားကို တွေ့လိုက်ရသည်။ ဗြိတိသျှတို့သည် သေဆုံးသူတို့၏ အရိုးပြာများကို လိုက်လံစုဆောင်း၍ အရိုးပြာများ နားခိုရာ (Repository) ခန်းမသို့ သယ်ဆောင်ကြသည်။ သူတို့သည် သေဆုံးသူတို့၏ ဝိညာဉ်ကိုလျစ်လျူရှုမထားပါ။ စစ်အတွင်းက ဂျပန်တို့သည် စစ်ရေးအရအရေးပေါ် မြန်မာ-ထိုင်း ရထားလမ်းဖောက်ရာတွင် ဗြိတိသျှစစ်သုံ့ပန်းများကို အများဆုံးအသုံးပြုခဲ့၏။ ကပ်ရောဂါဆိုက်၊ ဆေးဝါးမပြည့်စုံ၊ ကုသမည့် ဆရာဝန်ကမရှိ၊ ရိက္ခာမလောက်၊ သို့ဖြစ်၍ မသေသင့်ဘဲ သေခဲ့ကြရသည်။ ယခုအခါ ဗြိတိသျှတို့ တာဝန်ကျေသလို၊ ဂျပန်နိုင်ငံကလည်း တာဝန်ကျေချင်သည်။ လတ်တလော အခြေအနေအရ မည်သို့မျှမဖြစ်နိုင်။

"မီးဇုရှိမ" လက်လှမ်းမီသမျှ ဆက်လက်လုပ်ဆောင်မည်၊ သူ့ရဲဘော်များကို ချောင်းမြောင်းကြည့်ရုံမှတစ်ပါး အတွေ့ခံ၍မဖြစ်။ သူ့ရဲဘော်များကလည်း "မီးဇုရှိမ" အသက်ရှင်နေသေးသည်ဟု သံသယရှိလာသည်။ ရွာခံအဘွားအိုတစ်ဦး၏ အကူအညီဖြင့် သင်္ကန်းဝတ်သည်။ "မီးဇုရှိမ"ဟုတ်မဟုတ် စုံစမ်းသည်။ "မီးဇုရှိမ"မှာ ကြက်တူရွေးတစ်ကောင်ရှိသည်။ တပ်ခွဲမှူးကလည်း ကြက်တူရွေးနောက်တစ်ကောင်ရှာ၍ စကားသင်ပေးရာ "မီးဇုရှိမ"ကို "ငါတို့ ဂျပန်ပြန်ရအောင်" ပြောခိုင်းရန်ကြံသည်။ "မီးဇုရှိမ"ကလည်း သူ့ရည်ရွယ်ချက်နှင့်သူ ရှောင်နေသော်လည်း ကြေကွဲစွာခံစားရသလို၊ သူ့ရဲဘော်များကလည်း အဖြစ်မှန်မသိ၍ ဒေါသထွက်သူကထွက်၊ သို့သော် သံယောဇဉ်မပြတ်ကြ၊ ဂျပန်ကို အတူပြန်ချင်ကြသည်။ မြန်မာပြည်မှာ "မီးဇုရှိမ"ကို ချန်မထားခဲ့ချင်၊ သို့အတွက် တပ်ခွဲမှူးနှင့် ရဲဘော်များ ထိခိုက်ကြေကွဲကြရသည်။ "မီးဇုရှိမ"ကလည်း စိတ်ကိုတင်းထားပေမယ့် သူ့ရဲဘော်များ သီချင်းသီဆိုသံကြားရသောအခါ မနေနိုင်၊ ဗုဒ္ဓရုပ်ပွားတော်ဟောင်းကြီးနောက်ရှိ လိုဏ်ဂူထဲမှာ စောင်းဖြင့်လိုက်တီးသည်။ တံတားပေါ်တွင်ဆုံခဲ့သော၊ သင်္ကန်းဝတ်နှင့် ဘုန်းကြီးသည် "မီးဇုရှိမ"ဖြစ်ကြောင်း သိသွားကြပြီး လိုက်ရှာသောအခါ အတွေ့မခံ၊ တပ်ခွဲမှူးသည် သူသင်ကြားပေးထားသော ကြက်တူရွေးကို ရွာခံအဘွားကြီး၏ အကူအညီဖြင့် "မီးဇုရှိမ"ထံပို့ပေးသည်။ ထိုကြက်တူရွေးသည် "မီးဇုရှိမ"ဂျပန်ပြန်ကြရအောင်၊ ဆိုသောစကားကို ပီပီသသပြောတတ်၏။ ဂျပန်ပြန်ဖို့ရက်ကလည်း တဖြည်းဖြည်းနီးကပ်လာသည်။ ပြန်ခါနီးတစ်နေ့ ရဲဘော်များ သီချင်းဆိုနေခိုက် "မီးဇုရှိမ"အဝေးမှ လူယောင်ပြ၍ စောင်းတီးလိုက်သည်။ သူ့ပခုံးပေါ်မှာက ကြက်တူရွေးနှစ်ကောင်၊ သူ့ရဲဘော်များသည် စစ်သုံ့ပန်းစခန်းအတွင်းမှ အပြင်ထွက်မရ၊ သံဆူးကြိုးများ ကာရံထားသည်။ "မီးဇုရှိမ-ဂျပန်ကို တို့အတူပြန်ကြရအောင်" အားရဝမ်းသာလှမ်းခေါ်ကြသည်။ "မီးဇုရှိမ" ထိခိုက်ကြေကွဲခြင်းများစွာဖြင့် သူ့ရဲဘော်များကို အဝေးမှနှုတ်ဆက်အလေးပြုပြီး ပြန်လှည့်သွားတော့သည်။ နောက်တစ်နေ့ ရဲဘော်များထံ ရွာခံအဘွားကြီးယူလာ၍ ကြက်တူရွေးတစ်ကောင် ရောက်လာသည်။ "ဂျပန်မပြန်ဘူး"စကားကို ထပ်ခါတလဲလဲပြော၏။ "မီးဇုရှိမ"ထံမှ ကြက်တူရွေးဖြစ်သည်၊ ရဲဘော်များပြန်ရန် အထုပ်အပိုးပြင်ကြပြီ။ ထိုစဉ် "မီးဇုရှိမ" ထံမှ စာတစ်စောင်ရောက်လာသည်။ ဖတ်ချိန်မရ၊ သင်္ဘောပေါ်ရောက်မှ တပ်ခွဲမှူးက ဖတ်ပြသည်။

တြိဂံတပ်ခွဲ လက်နက်ချရန်ကိစ္စ ရှေ့ပြေးသွားရာမှ နောက်ဆုံးအချိန်ထိ ဖြစ်ပျက်ခဲ့ပုံများကို အသေးစိတ်ရေးပြထားသည်။ သူ့တိုင်းပြည်နှင့် သူ့ရဲဘော်များကို ချစ်သော်လည်း သူ့နိုင်ငံသား ရဲဘော်တို့၏ အလောင်းများကို သူပစ်မထားနိုင်၊ မြေမြှုပ်ခြင်း၊ သင်္ဂြိုဟ်ခြင်း၊ အလေးပြုခြင်းတို့ပြုလုပ်ရဦးမည်။ သူ့ရည်ရွယ်ချက်မပြီးသရွေ့ ဂျပန်သို့မပြန်၊ တံတားပေါ်တွင်ဆုံစဉ်က "မီးဇုရှိမ" ပါဟု ဖွင့်မပြောခဲ့ခြင်းမှာ သစ္စာမဲ့၍မဟုတ်၊ စစ်သုံ့ပန်းအဖြစ်မခံနိုင်၊ စစ်သုံ့ပန်းဖြစ်သွားပါက သူ့ရည်ရွယ်ချက်များ ဆက်လုပ်၍မရ၊ ကိစ္စများပြီးပါက ဂျပန်သို့ပြန်လာပြီး စစ်ဒဏ်ခံခဲ့ရသည့်၊ စစ်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဂျပန်နိုင်ငံကြီး ပြန်လည်ထူထောင်ရေးမှာပါဝင်မည်။ အကယ်၍ လုပ်ဆောင်ရမည့်လုပ်ငန်းများ မပြီးပြတ်ပါက သင်္ကန်းဝတ်ဖြင့်ပင် မြန်မာပြည်မှာ အခြေချနေထိုင်သွားမည်ဖြစ်ကြောင်း အမိတိုင်းပြည်နှင့် မိတ်ဆွေရဲဘော်များကို သတိရပါက စောင်းတီးရင်းအလွမ်းဖြေပါမည်ဟု စာကို အဆုံးသတ်ထားသည်။ တပ်ခွဲမှူးနှင့်အတူ ရဲဘော်များသည် စာဆုံးသည်နှင့် "မီးဇုရှိမ"အပေါ် နားလည်သွားကြပြီး သူ့အတွက်ဝမ်းနည်းကြေကွဲမှု မဖြစ်ကြတော့ပေ။ "မီးဇုရှိမ" သည် မြန်မာ့မြေပေါ်တွင် ကျဆုံးသွားကြသော သူ့နိုင်ငံသား ရဲဘော်များကို ဦးညွှတ်ရန်အတွက် အရာရာကို စွန့်လွှတ်ခဲ့လေပြီ၊ "မီးဇုရှိမ"၏ မြင့်မြတ်သော စိတ်ဓာတ်ကို တပ်ခွဲမှူးနဲ့ သူ့ရဲဘော်များ မလေးစားဘဲမနေနိုင်။

စစ်ပြန်ရဲဘော်များတင်ဆောင်လာသည့် ပင်လယ်ကူးသင်္ဘောကြီးကား ဂျပန်သို့ဦးတည်ခုတ်မောင်းလျက် သင်္ဘောပေါ်တွင် လိုက်ပါလာသော "မီးဇုရှိမ"၏ ရဲဘော်များသည် စာဖတ်ပြီးနောက်စည်းဝါးကိုက်ထားသည်သို့ ငြိမ်ချက်သားကောင်းနေ၏။ ထိုစဉ် မြန်မာ့စောင်းဖြင့် တီးခတ်ထားသည့် "ဟန်းယုနော်ယာဒိုး"သီချင်းကို အားလုံးကြားနေသယောင်. . .။ ။

# Billboard Woman of the Year ဆု

# တေလာဆွတ်ဖ် ဒုတိယအကြိမ်မြောက်ဆွတ်ခူး

၂၀၁၃ ခုနှစ်အတွင်း အမျိုးသမီးဂီတပညာရှင်များ၏ ဂီတလောကအတွင်း ဆန်းသစ်တီထွင်ဖန်တီးမှု၊ ခေါင်းဆောင်မှုနှင့် အောင်မြင်မှုများအပေါ် သုံးသပ်ဆုံးဖြတ်ကာ အပ်နှင်းသည့် Billboard Woman of the Year 2014 ဆု ကန်းထရီးတေးသံရှင်မလေး တေလာဆွတ်ဖ်က ဒုတိယအကြိမ်မြောက်အဖြစ် ဆွတ်ခူးရရှိခဲ့ကြောင်း သိရ သည်။

ယင်းသို့ ဆွတ်ခူးနိုင်ခဲ့ခြင်းသည် ဂရမ်မီ ခုနစ်ဆုပိုင်ရှင် တေးသံရှင် တေလာဆွတ်ဖ်အနေဖြင့် ပထမဆုံးအကြိမ် အနုပညာရှင်တစ်ဦးတည်းက နှစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်ကာ ၂၀၁၁ ခုနှစ်က တစ်ကြိမ်၊ ယခုတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

တေလာဆွတ်ဖ်အနေဖြင့် လာမည့် ဒီဇင်ဘာ ၁၂ ရက်တွင် နယူးယောက်မြို့၌ကျင်းပမည့် Billboard Women in Music အခမ်းအနားတွင် ၎င်း၏ ဒုတိယမြောက် Billboard Woman of the Year ဆုကို လက်ခံရယူသွားမည်ဖြစ်ကြောင်းသိရသည်။

(ဖြိုးဇင်)



သင့်စီးပွားရေး
အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင်
ကြော်ငြာစို့

# ဖြူးမြို့နယ်၌ စိတ်မနံ့သူက ဓားဖြင့်ခုတ်၍ လူသေမှုဖြစ်ပွား

**ဖြူး အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ဖြူးအရှေ့အုတ်ဖြတ်ကျေးရွာအုပ်စု အိုးဘိုကုန်းကျေးရွာတွင် စိတ်ဖောက်ပြန်နေသူက မိခင်၊ ညီမနှင့် သံဃာတော်တစ်ပါးအား ကိုင်းခုတ်ဓားမဖြင့်ခုတ်၍ လူသေမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် အုတ်ဖြတ်ကျေးရွာအုပ်စု အိုးဘိုကုန်းရွာနေ ဒေါ်သန်းနွဲ့ (၆၇)နှစ်နှင့် သမီးဖြစ်သူ မနီနီဝင်း(၂၃)နှစ်တို့သည် နေအိမ်တွင်ရှိနေကြစဉ် အတူနေသားဖြစ်သူ ငမျိုး(ခ)မျိုးသိန်း (၃၃)နှစ်သည် စိတ်ဖောက်ပြန်လာပြီး မိခင် ဒေါ်သန်းနွဲ့နှင့် ညီမ မနီနီဝင်းတို့အား ဓားမ၊ ပေါက်တူးတို့ဖြင့်ခုတ်၍ ဒေါ်သန်းနွဲ့၏ ဝဲနဖူး ပြတ်ရှဒဏ်ရာတစ်ချက်၊ မနီနီဝင်း၏ ဦးခေါင်းနောက်စေ့တွင် ပြတ်ရှဒဏ်ရာတစ်ချက်ရရှိသေဆုံးခဲ့ပြီး ငမျိုး(ခ)မျိုးသိန်းမှာ ရွာလမ်းအတိုင်း ထွက်ပြေးရာ ရွာဦးဘုန်းတော်ကြီး မြရောင်ခြည်ကျောင်းမုခ်ဦး တန်းလျားတွင် ထိုင်နေသော ဦးပညာသာမိ(ခ) ဦးမြသန်း(၅၅)နှစ် သုံးဝါကို ဆက်လက်ခုတ်သဖြင့် ဦးခေါင်းနောက်စေ့အောက် ပြတ်ရှဒဏ်ရာတစ်ချက်ရရှိသေဆုံးသွားသည်။

ပြစ်မှုကျူးလွန်သူ ငမျိုး(ခ)မျိုးသိန်းမှာ လွန်ခဲ့သည့် ငါးနှစ်ခန့်က ဦးခေါင်းခွဲစိတ်ခံထားရပြီး စိတ်ဖောက်ပြန်နေသူတစ်ဦးဖြစ်ကြောင်း စုံစမ်းသိရပြီး အမှုကို ဖြူးမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူးစံလှ၊ အုတ်ဖြတ်ရဲကင်းစခန်းမှူး ရဲအုပ်သန်းမင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်တို့က တရားခံဖမ်းဆီးရမိရေးကို အချိန်နှင့်တစ်ပြေးညီ လိုက်လံစုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူအား ထိုနေ့ည ၁၀ နာရီခန့်တွင် ရွာအရှေ့ဘက်တစ်မိုင်ခန့် လယ်ကွင်းထဲ၌ ဒဏ်ရာများဖြင့်လဲနေသည်ကို တွေ့ရှိပြီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ဖြူးမြင့်ဦး)**

# ကိုယ်ခန္ဓာတွင် ဝတ်ဆင်ထားသော ဘောင်းဘီတိုအတွင်းမှ ဘိန်းဖြူ မှုန့်များ သိမ်းဆည်းရမိ

**နောင်ချို အောက်တိုဘာ ၁၉**

အမှတ်(၂၄) မူးယစ်တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (လားရှိုး)မှ နောင်ချိုလှုပ်ရှားဆွယ် ရဲအုပ် ဇော်လင်းကျော်ဦးစီးသော တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီခန့်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး လားရှိုးဘက်မှ မိုးကုတ်ဘက်သို့ ငွေနန်းစိုးယာဉ်လိုင်းမှ ယာဉ်မောင်းဝင်းထွန်းအောင် မောင်းနှင်လာသည့်(ဘင်-ယာဉ်အမှတ် ၃က/----)ယာဉ်အားရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်း၌ စီးနင်းလိုက်ပါလာသူ စိုင်းနောင်၏ ကိုယ်ခန္ဓာအားစစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် VDLOWG တံဆိပ်ပါ ခဲရောင်အတွင်းခံဘောင်းဘီတိုအတွင်းမှ ပင်နီဆီလင်ပုလင်းဖြင့်ထည့်ထားသော ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန်(သုညဒသမ ၂)ဂရမ်ပါ တစ်ပုလင်းအား ရှာဖွေတွေ့ရှိရပြီး ၎င်းလက်ဖြင့်ကိုင်ဆောင်ထားသည့် BONENO တံဆိပ်ပါ အညိုရောင်ကျောပိုးအိတ်အတွင်းမှ ရောင်စုံဆပ်ပြာခွက်အတွင်းတွင် ပလပ်စတစ်အကြည်စဖြင့် ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၁၁ ဂရမ်ပါ ဆပ်ပြာခွက်နှစ်ခွက် စုစုပေါင်း အလေးချိန် (၂၂ ဒသမ ၂)ဂရမ်အား သိမ်းဆည်းရမိကြောင်း သိရသည်။

(၂၄၂)

မူးယစ်ကိုပစ်ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်



# စဥ့်အိုးတန်းဆိပ်ကမ်း ဝင်/ထွက်ပေါက်၌ မော်တော်ယာဉ်တစ်စီး မီးလောင်

**ရန်ကုန် အောက်တိုဘာ ၁၉**

ဆိပ်ကမ်းမြို့နယ်အတွင်း အောက်တိုဘာ ၁၈ ရက် ညပိုင်းက မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆိပ်ကမ်းမြို့နယ် စဥ့်အိုးတန်းဆိပ်ကမ်းဝင်/ထွက်ပေါက် ကွန်ကရစ်လမ်းမပေါ်၌ အောက်တိုဘာ ၁၈ ရက် ည ၇ နာရီက ကျောက်တံတားမြို့နယ်နေ ကိုအောင်မြင့်ရှင်းသန့်မောင်းနှင်လာသော Porte အမျိုးအစား (လိုင်စင်ပြုလုပ်ဆဲ) ယာဉ်သည် အဆိုပါနေရာသို့အရောက်တွင် ဝါယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသိရကာ ယာဉ်တစ်စီးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် မီးသတ်ယာဉ်များရောက်ရှိ ငြိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွား ခဲ့ကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

# နောင်တရား၌ ဘိန်းခင်းများ ကွင်းဆင်းဖျက်ဆီး

**နောင်တရား အောက်တိုဘာ ၁၉**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုအား တိုက်ဖျက်ရန် ရည်ရွယ်ချက်ဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့မှ နယ်မြေစိုးမိုးရေးစခန်းမှူး ရဲအုပ်မင်းသိန်းထူးဦးဆောင်၍ နောင်တရားမြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက်က ဘိန်းခင်းများ ရှာဖွေဖျက်ဆီးရန် နောင်ပီကျေးရွာအုပ်စုသို့ ထွက်ခွာခဲ့ရာ နောင်ပီအုပ်စု နောင်ပီရွာသို့ ရောက်ရှိပြီး ရွာလူကြီးဦးဆွန်ပါရွာသား ၃၃ ဦးနှင့် ပူးပေါင်း၍ နောင်ပီရွာ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ နှစ်ပေခန့်သီးပွင့်ဆဲ ဘိန်းခင်း ၁၉ ဧကအား မြက်ရိတ်စက်ငါးလုံးဖြင့် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ခရီးသည်တင်ယာဉ်ပေါ်မှ အေးခဲဘဲသားနှင့် ပင်လယ်စာများ သိမ်းဆည်းရမိ

**နောင်ချို အောက်တိုဘာ ၁၉**

စားသုံးသူကာကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင် ဦးစီးသော အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းမီဒီယာများ ပါဝင်သည့် ပူးပေါင်းအဖွဲ့တို့သည် အောက်တိုဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီက နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်တွင် အဆင်း/အတက် ယာဉ်များအား စစ်ဆေးစဉ် မူဆယ်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးစိုင်းဦးမောင်းနှင်သော ယာဉ်အမှတ် 5F/----ခရီးသည်တင် ယာဉ်ပေါ်မှ အကောက်ခွန်မဲ့ တစ်ဖက်နိုင်ငံထုတ် အေးခဲဘဲသားနှင့် ရေခဲရိုက်ထားသည့် ပင်လယ်စာများတွေ့ရှိသဖြင့် ပြည်သူများ စားသုံးရန် မသင့်လျော်သည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့တို့က မီးရှို့ဖျက်ဆီးလိုက်ကြောင်း သိရသည်။

**(စိုးဝင်း-နောင်ချို)**


## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေဦးလှဝင်း-ဒေါ်အေးအေးခိုင်(ကောင်းရသာငရုတ်ပွဲရုံနှင့်အမှုန့်အမျိုးမျိုးကြိတ်ခွဲဖြန့်ဖြူးရောင်းဝယ်ရေး)တို့၏သားကြီး

### ဗိုလ်ကြီး မျိုးကိုကိုဝင်း
**M.B.B.S(DSMA)**

နှင့်

နေပြည်တော်နေ ဗိုလ်ချုပ် အောင်ရဲဝင်း-ဒေါ်နွယ်နွယ်ဦးတို့၏တစ်ဦးတည်းသောသမီး

### မပန်းနွယ်ဝင်း
**B.E(Information Technology)**

တို့၏ ၁၈-၁၀-၂၀၁၄ရက်(စနေနေ့)တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှအားလည်းကောင်း၊ နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ပွဲရုံလုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းရှင်များအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် ဇနီး ဒေါ်ခင်ခင်မင်းအားလည်းကောင်း၊ ၁၆-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ဓမ္မစေတီရွှေကျောင်း၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများတွင် အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ပေးပါသော မောင်ထွန်းမင်း၊ ဦးကျော်စိုးဦး၊ ကိုစိန်လင်းနှင့် မတင်မိုးလွင်တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်တေး သီဆိုပေးပါသော အကယ်ဒမီများရှင် ဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာများနှင့် တီးခတ်ပေးပါသော အလင်္ကာဝတ်ရည်နှင့် ဝတ်မှုန်တေးဂီတအဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော နန်းခင်ဇေယျာ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော နန်းသူဇာ၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော နန်းမြတ်ဖြိုးသင်း၊ မင်္ဂလာသတို့သားအရံများဖြစ်သော ဗိုလ်ကြီးဇော်လင်းမောင်နှင့် ဗိုလ်ကြီးသူရိန်ဦး၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော မဆုဝေလင်းနှင့် ဆုမွန်ရည်အေးတို့အားလည်းကောင်း၊ မင်္ဂလာပန်းအလှဆင်ပေးပါသော Aroma(Zulu Studio)နှင့် Royal Silkတို့အားလည်းကောင်း၊ သတို့သမီး မင်္ဂလာဝတ်စုံဖန်တီးချုပ်လုပ်ပေးပါသော သီတဂူ(သစ်ခွဲခြံ)နှင့် ဆံပင်၊ မိတ်ကပ်အလှဆင်ယင်ပေးပါသော လင်းလင်း(Artist)နှင့်အဖွဲ့၊ မေတ္တာဖြင့် Pre Wedding Photos ရိုက်ကူးပေးခြင်းနှင့် မင်္ဂလာညစာစားပွဲဝတ်စုံလက်ဖွဲ့ပေးပါသော Aroma (Zulu Studio) မှ ကိုအောင်မြတ်သူနှင့် ကိုစိန်လင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဦးအောင်ဇေယျာလွင်နှင့် ဒေါ်ကလျာပြည့်ဝေသျှန်(ပြည့်ဝေသျှန်ရတနာဆိုင်)အားလည်းကောင်း၊ အနုပညာရှင်များနှင့်အတူ ပါဝင်ကူညီပေးပါသော ကိုဝေမင်းမောင် Media 7၊ မင်္ဂလာမှတ်တမ်းတင် ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော Aroma(Zulu Studio)နှင့် မြဝတီရုပ်မြင်သံကြားအဖွဲ့သားများအားလည်းကောင်း၊ LED၊ Lighting နှင့် Stage Effect များပြုလုပ်ပေးပါသော 17 Stars LED၊ S.B.S(Lighting)နှင့် Royal Myanmar(Effect)တို့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon Printing & Invitation အားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာစားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးပါသော ဆွေမျိုးမိတ်သင်္ဂဟ များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီး မျိုးကိုကိုဝင်း + မပန်းနွယ်ဝင်း















# သက်ကြီးကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကွင်းဆင်းဆောင်ရွက်

**မောက်မယ်၊ အောက်တိုဘာ ၁၉**

မောက်မယ်မြို့နယ်အတွင်းရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က အောက်တိုဘာ ၁၇ ရက်တွင် မောက်မယ်မြို့နယ်၊ တောင်မြို့ရပ်ကွက် ဓမ္မာရုံ၌ မိုးရာသီတွင် ဖြစ်တတ်သော သွေးလွန်တုတ်ကွေးရောဂါအကြောင်းနှင့် ကာကွယ်ရန်နည်းလမ်းများ အသိပညာပေးဟောပြောပွဲနှင့် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

မောက်မယ်မြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရန် ရည်ရွယ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေးကို အချိန်အဟုန်မြှင့်တင်ကာကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလွင်က သွေးလွန်တုတ်ကွေးရောဂါအကြောင်းနှင့် ကာကွယ်ရန်နည်းလမ်းများကို အသိပညာပေးဟောပြောပြီး ဒေါ်နန်းညိုမြက ရှမ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျန်းမာရေးဝန်ထမ်းများက သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို သက်ကြီးရွယ်အို ၄၀ ကျော်အား အခမဲ့ဆေးကုသပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများပြုလုပ်ပြီး လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အရန်သားဖွားလက်တွေ့ ကွင်းဆင်းနေသော သင်တန်းသူများကလည်း လိုက်ပါကွင်းဆင်း၍ ပါဝင်ကူညီကြကြောင်း သိရသည်။

**စိုင်းမျိုးသန့် (ပြန်/ဆက်)**

## နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေလုပ်ငန်းများရေးမြို့တွင် ကွင်းဆင်းဆောင်ရွက်

**မော်လမြိုင်၊ အောက်တိုဘာ ၁၉**

ပြည်နယ်၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(မော်လမြိုင်)မှ ဒေသကြီးကြပ်ရေးမှူး ဦးခင်မောင်ကြည်သည် အောက်တိုဘာ ၁၀ရက်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများမှ ရေးမြို့နယ် ဘေးလမိုင်းကျေးရွာ အသေးစား ရေအားလျှပ်စစ်စက်ရုံနှင့် မီးရရှိမှု အခြေအနေများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထို့ပြင် ကဗျာ-ကဗျာဝ လမ်းပေါ်ရှိ ၃၇၅ ပေ ကွန်ကရစ်တံတားတည်ဆောက်မှု အခြေအနေများအားလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရေး-ဖလံချောင်းဝ-ကျုံကွီးလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ၃၀ စင်း ၁၀၆၀ ပေ အနက် ငါးပေတစ်စင်း၊ ၁၀ ပေ တစ်စင်း၊ ၄၀ ပေလေးစင်းနှင့် ၈၅ ပေတစ်စင်းတို့၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ခင်မောင်ကြည်**

## စပါးဆစ်ပိုးကာကွယ်ရန် ဝက်လက်မြို့လုံးကျွတ် မီးထောင်ချောက်များထွန်းညှိ

**ဝက်လက်၊ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခင်နှစ်က စပါးဆစ်ပိုးများကျခဲ့သည့်အတွက် ယခုနှစ်မိုးစပါးတွင်ဆစ်ပိုးများမကျစေရန်အတွက် မီးထောင်ချောက်များ ထွန်းညှိခြင်းကို အောက်တိုဘာ ၁၁ ရက်မှစ၍ တစ်မြို့နယ်လုံးရှိ စပါးစိုက်ခင်းများတွင် ထွန်းညှိခဲ့ကြသည်။

ယင်းလုပ်ငန်းအားဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးနှင့်မြေစာရင်းဦးစီးဌာနဝန်ထမ်းများက တာဝန်ကျရာကျေးရွာအုပ်စုများအလိုက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့် ပူးပေါင်း၍ အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ ၄၅ ရက်တာကာလကို ဘက်စုံပိုးမွှားရောဂါကာကွယ်ရေးကာလအဖြစ် သတ်မှတ်ပြီး အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

**နန်းမြင့်**

# နေပြည်တော်ကောင်စီနယ်မြေတွင် စိုက်ပျိုးထားသော ပုလဲသွယ် F-1 မျိုးစေ့ဝတ်မှုန်ကူးခြင်းစတင်

**နေပြည်တော်၊ အောက်တိုဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၊ ဟိုတယ်ဇုန်အနီးအဆင့်မြင့်လယ်ယာဧက ၃၀၀၀ အတွင်း စိုက်ပျိုးရေးဦးစီးဌာနက ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်လုပ်ရေး ဧက ၁၀၀ သတ်မှတ်ထားရှိရာ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါစပ်မျိုးစပါးများ (အဖို၊ အမ) ပန်းပွင့်ချိန်ကိုက်ညီမှုရှိလာပြီဖြစ်သည့်အတွက် ဝတ်မှုန်ကူးခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံး၏ စားနပ်ရိက္ခာဖူလုံရုံသာမက တစ်ကမ္ဘာလုံးစားနပ်ရိက္ခာဖူလုံစေရေးအတွက် မြန်မာ့လယ်ယာကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အရည်အသွေးကောင်းမျိုးစေ့များနှင့် ခေတ်မီနည်းပညာရပ်များ ပေါင်းစပ်မျိုးထုတ်လုပ်နိုင်မည်ဆိုပါက မကြာခင် တောင်သူဦးကြီးတို့၏ လူမှုစီးပွားဘဝသည်လည်း ပြောင်းလဲတိုးတက်လာမည်ဖြစ်သည်။

ထိုသို့ ဝတ်မှုန်ကူးရာတွင် အဖိုလိုင်း (R) မှာ ဝတ်မှုန်များပေါက်ချိန်နှင့် အမလိုင်း (A) မှ ဝတ်မှုန်ကို လက်ခံနိုင်ချိန် (Peak-Time) ကို အမိအရစောင့်ကြပ်ကြည့်ရှု၍ (A) လိုင်းမှ စပါးပန်းပွင့်များ သန္ဓေတည်နိုင်စေရန် စီမံဆောင်ရွက်ရသည်ဖြစ်ရာ (R) လိုင်းမှ ဝတ်မှုန်များ အများဆုံးပေါက်ကွဲချိန်နှင့် (A) လိုင်း၏ ဝတ်မှုန်ကို အကောင်းဆုံးလက်ခံနိုင်ချိန်မှာ နံနက် ၁၀ နာရီမှ ၁၁ နာရီ မိနစ် ၃၀ အချိန်သည် အကောင်းဆုံးဖြစ်ကြောင်း ဒုတိယဦးစီးမှူးပညာရှင် ဦးအောင်မြင့်ထွေးက ပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၂၁ ရက်က အနံ့သန္ဓေလောင်း (အဖို၊ အမ) အောင်မြင်မှုအဆင့် (၁) (Stage-1) ကို ရရှိပြီးချိန်မှ ရက် ၃၀ အကြာတွင် ဝတ်မှုန်ကူးခြင်းအဆင့် ရောက်ရှိမည်ဖြစ်ခြင်းကြောင့် ယင်းနေ့တွင် ဝတ်မှုန်ကူးခြင်း ပထမနေ့ဖြစ်ကြောင်း သိရသည်။

မကြာမီကာလတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တောင်သူဦးကြီးများ လက်ဝယ်သို့ အောင်မြင်သော အထွက်တိုးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် မြေမှန်၊ မျိုးမှန် စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်လျှင် ဝင်ငွေ နှစ်ဆတိုး ရရှိမည်ဖြစ်ကြောင်းသိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**






### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ II အိမ်ရာ၊တိုက် (ဒီ-၈)၊ အခန်း (၅၀၉)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးခင်မောင်လွင်[၁၂/ရပသ(နိုင်)၀၀၂၂၂၄]ထံမှ စာချုပ် စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်သန်းသန်းဆင့်[၁၂/ကမရ(နိုင်)၀၁၅၄၈၅]က ပိုင်ရှင် အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက် အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန



သွေးသည် အသက်






## ဆေးဒါနကုသိုလ်အဖြစ် အထူးကုဆရာဝန်များမှ အိုရင်း(စံပြ)ကျေးရွာ၌ အခမဲ့ဆေးကုသပေး

**မြိုင်၊ အောက်တိုဘာ ၁၉**

အိုရင်း(စံပြ)ကျေးရွာဇာတိဖြစ်သော ဒေါ်သိန်းညွန့်၊ လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု-ငြိမ်း)နှင့် တပည့်သား၊ သမီးများဖြစ်ကြသော ဝန်ထမ်းများက ဆေးဒါနကုသိုလ်အဖြစ် အခမဲ့ကျန်းမာရေးဆေးကုသပေးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက်တွင် အိုရင်းကျေးရွာ၊ အလယ်တန်းကျောင်း(ခွဲ)၌ ဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။

မြိုင်မြို့နယ်၊ အိုရင်း(စံပြ)ကျေးရွာတွင် အိမ်ထောင်စု ၃၄၀ ခန့်နှင့် လူဦးရေ ၁၈၀၀၀ ကျော်ရှိပြီး အဆိုပါအခမဲ့ဆေးကုသမှုတွင် ဆေးကုသမှုခံယူသူ ၂၀၆ ဦးရှိကြောင်းသိရသည်။

အလှူရှင်၏ကျန်းမာရေးဆေးဝါးဒါနပြုလှူဒါန်းခြင်းအတွက် အထွေထွေရောဂါကုဆရာဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဦးအောင်သန်း၊ ဒေါက်တာဦးဌေးလှိုင်၊ သွားနှင့်ခံတွင်းကုသရေး ဆရာဝန်ကြီးဒေါက်တာဦးကြည်မင်း နှင့် သူနာပြုဆရာမများက လုပ်အားဒါနပြုကုသပေးခဲ့ကြသည်။

ပခုက္ကူမြို့၊ အမှတ်(၆) ရပ်ကွက်ရှိ ဒေါ်သိန်းညွန့်၏ ကိုယ်ပိုင်မြေနှင့် အဆောက်အအုံအား ပခုက္ကူမြို့၊ ညွန့်မေတ္တာရိပ်မြုံ ဆေးခန်းအဖြစ်အသုံးပြုရန် လှူဒါန်းပြီးဖြစ်ကြောင်းသိရသည်။

**အောင်(မန်းတက္ကသိုလ်)**

## လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးတောင်သူများဆည်ရေသောက် မိုးစပါးများ အထွက်နှုန်း ကောင်း

**နေပြည်တော်၊ အောက်တိုဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများမှာ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်မှုမရှိခြင်းကြောင့် တောင်သူများအနေဖြင့် ဆည်ရေသောက်ကိုသာ အားထားနေရပြီး မိုးကောင်းသောက်အနေဖြင့် သီးနှံများအထွက်နှုန်းကောင်းမွန်ရေးအတွက် မိုးနှောင်းကိုမျှော်လင့်နေရကြောင်း ယင်းတောင်သူများက ပြောသည်။

လယ်ဝေးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအနေဖြင့် မိုးစပါးစိုက်ပျိုးနေမှုများကို မိုးကောင်းသောက်၊ ဆည်ရေသောက်ဟူ၍ သီးနှံများစိုက်ပျိုးလျက်ရှိပြီး တစ်နှစ်လျှင် မိုးစပါး ၊ နွေစပါး ၊ မတ်ပဲ သုံးသီးစားစိုက်ပျိုးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်းရှိ ရှမ်းစုကျေးရွာအုပ်စု ကန်လှကျေးရွာတောင်သူများအနေဖြင့် စိုက်မျိုးစပါး ရေဆင်းသုခအုပ်စုများသာ အစိုက်များပြီး စိုက်ပျိုးရာသီမှာ ဝါဆို၊ ဝါခေါင်လများဖြစ်ကြောင်းသိရသည်။

မြေဩဇာပတ်ဖျန်းချိန်များမှာ ကောက်ပင်လှန်ချိန်၊ ဝတ်ရည်ဖူးချိန်၊ ဖုံးပြီးလုံးပြီးအချိန်များ၌ သုံးချိန်ပတ်ဖျန်းပေးပြီး တန်ဆောင်မုန်းလဆန်းပိုင်းတွင် ရိတ်သိမ်းလျက်ရှိသည်။

ဆည်ရေသောက်အနေဖြင့် ကြံသားစိုက်၊ ရွှေပြောင်းစိုက် နှစ်မျိုးစိုက်ပျိုးလျက်ရှိရာ ကြံသားစိုက်အနေဖြင့် အထွက်နှုန်းပိုကောင်းမွန်လျက်ရှိကြောင်း ယခင်နှစ်က တစ်ဧကလျှင် ပျမ်းမျှတင်း ၉၀ ထွက်ရှိကြောင်း တောင်သူ ကိုဇော်မျိုးမင်းက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြင်းမူမြို့နယ်၊ ပုလဲတန်ရွာတွင် ကိုယ့်အားကိုယ်ကိုး ၂၄နာရီ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပြီးစီး

**မြင်းမူ၊ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ပုလဲတန်ကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြရာ အောက်တိုဘာ ၈ ရက်မှ စတင်၍ ကျေးရွာအတွင်း၌ လျှပ်စစ်မီးများ စတင်ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပုလဲတန်ကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးလင်းရေးအတွက် ယခုနှစ် ဇန်နဝါရီလမှ စတင်၍ (11 KV) ဓာတ်အားလိုင်း တစ်မိုင်ခွဲ သွယ်တန်းခြင်း၊ (200 KVA) ထရန်စဖော်မာတစ်လုံး တည်ဆောက် တပ်ဆင်ခြင်း၊ ကျေးရွာအတွင်း လျှပ်စစ်မီးလိုင်းများ သွယ်တန်းခြင်း၊ နေအိမ်များသို့မီးကြိုးသွယ်တန်းခြင်းနှင့် အိမ်သုံးမီတာများ တပ်ဆင်ခြင်းလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ခဲ့ကြသည်။

ကျေးရွာအတွင်းနှင့် နေအိမ်များသို့ လျှပ်စစ်မီးများ သွယ်တန်းထားရှိမှုများကို အောက်တိုဘာ ၇ ရက်က တိုင်းဒေသကြီးစက်မှုကြီးကြပ် စစ်ဆေးရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးနိုင်ဝင်းနှင့်အဖွဲ့က ကြည့်ရှု စစ်ဆေးပြီး အောက်တိုဘာ ၈ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်နှင့် မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ဝင်းဦးတို့က ကျေးရွာအတွင်း လျှပ်စစ်မီးများ စတင်ဖြန့်ဖြူးပေးခဲ့သည်။

"လျှပ်စစ်မီးရရှိအောင် ရွာသူရွာသားများအားလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့ကြပါတယ်။ လျှပ်စစ်မီးလင်းပြီဖြစ်လို့ တစ်ရွာလုံးလည်း ဝမ်းသာနေကြတယ်။ လျှပ်စစ်မီးနဲ့ ရွာမှာ အသေးစား စက်မှုလုပ်ငန်းတွေလည်း လုပ်ကိုင်နိုင်ကြတော့မှာပါ။ မီးမရခင်ကဆိုရင် ရွာရဲ့ ထုတ်ကုန်တစ်မျိုးဖြစ်တဲ့ မုန့်တီမုန့်ဖတ်လုပ်ငန်းမှာ မုန့်ဖတ်လုပ်ဖို့ အလုပ်သမားနှစ်ယောက်က တစ်နေကုန် လုပ်ကြရတယ်။ အခု လျှပ်စစ်မီးနဲ့ လုပ်တာ အချိန် ၁၅ မိနစ်ပဲ ကြာတယ်။ အချိန်ကုန်၊ ငွေကုန်သက်သာသလို လူလည်း မပင်ပန်းတော့ပါဘူး။ ဒါကြောင့် ထုတ်ကုန်တွေကိုလည်း ပိုမိုထုတ်နိုင်တော့မှာပါ" ဟု ပုလဲတန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းဆွေက ပြောသည်။



မြင်းမူမြို့နယ်၊ ပုလဲတန်ကျေးရွာတွင် အိမ်ခြေ ၁၈၀ ခန့်ရှိရာ အိမ်ခြေ ၁၆၀ ကို လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိပြီး ၅၂ အိမ်တွင် အိမ်သုံးမီတာများ တပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

**ဖိုးခါး**

## ပဲခူးတွင်လမ်းဖြတ်ကူးသူနှစ်ဦးအား ယာဉ်တစ်စီးက တိုက်မိ

**ပဲခူး၊ အောက်တိုဘာ ၁၉**

ပဲခူးမြို့တွင် အောက်တိုဘာ ၁၅ ရက် ည ၉ နာရီ ၅၀ မိနစ်က လမ်းဖြတ်ကူးသူနှစ်ဦးအား ယာဉ်တစ်စီးက တိုက်မိခဲ့ပြီး တစ်ဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သတင်းအရ ပဲခူးမြို့မစခန်းမှ တာဝန်မှူး ဒုရဲအုပ်ဝင်းမင်းသန်းနှင့်အတူ သွားရောက်စစ်ဆေးရာ ပဲခူးမြို့လွှတ်တော်အဆောက်အအုံ လုပ်ငန်းခွင်အနီး ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင် ၅၀/၄ နှင့် ၅၀/၅ ကြား၌ ပိန်းကွေ့ရွာ ကင်ပွန်းခြုံအုပ်စု အုတ်ဖိုမြို့နယ်နေ အောင်မျိုးဇော်(ခ) ဝတုတ်အသက် ၃၃ နှစ်နှင့် အုတ်တွင်းမြို့နယ်နေ ဆလိုင်းနေလင်းအောင်အသက် ၂၁ နှစ်တို့နှစ်ဦးသည် လွှတ်တော်အဆောက်အအုံဘက်မှ မြို့စားကြီးလက်ဖက်ရည်ဆိုင်ဘက်သို့ လမ်းဖြတ်ကူးလာစဉ် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ်နေ ယာဉ်မောင်းသောင်းမြင့်ကြည် အသက် ၂၁ မောင်းနှင်လာသော (TOYOTA ALPHARD) မီးခိုးရောင်ယာဉ် မှ တိုက်သွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် အောင်မျိုးဇော်မှာ ဝဲဘက်ဦးခေါင်းခွံ ကွဲအက်ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

ဆလိုင်းနေလင်းအောင်မှာ ဝဲဘက်မျက်ခုံးပေါက်ပြဲ၊ ဝဲဘက်ပေါင်ပေါက်ပြဲ၊ ဝဲဘက်ပါးပေါက်ပြဲ၊ ဒဏ်ရာများ ရရှိခဲ့ပြီးသေဆုံးသူနှင့် ဒဏ်ရာရရှိသူအား ရဲဆေးစာနှင့်အတူ ပဲခူးဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။

ယာဉ်မှာ ရှေ့မီးကြီးများကွဲပြီး ဘောနက်ဖုံး ပိန်သွားကာ ဘန်ကာပိန်ချိုင့်သွားသည်။ ယာဉ်မဆင်မခြင် မောင်းနှင်သူ သောင်းမြင့်ကြည်အား တာဝန်မှူးယာဉ်ထိန်း ဒုရဲအုပ် စန်းယုမှ တရားလိုပြုလုပ်ကာ တိုင်တန်းခဲ့ပြီး ပဲခူးမြို့မစခန်းမှ ပြစ်မှုဆိုင်ရာ ပုဒ်မ ၃၀၄ (က)၊ ၃၃၈ ဖြင့် အရေးယူထားကြောင်း သိရသည်။

**ကိုလတ် (ပဲခူး)**

## မြိုင်၌ အဝီစိရေတွင်းတူးဖော်လှူဒါန်း

**မြိုင်၊ အောက်တိုဘာ ၁၉**

မန္တလေးမြို့၊ မြောက် ပြင်၊ အိုးဘိုရပ်နေ ဦးလှဝင်းမောင်+ဒေါ်ဝါဝါ (ကြိုက်ကောင်း-ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး )မိသားစုတို့မှ အိုရင်း(စံပြ)ကျေးရွာ နေပြည်သူများအတွက်အဝီစိသောက်ရေ တွင်းအနက်ပေ ၇၂၂ ပေ မှ ကောင်းမွန်သောသောက်သုံးရေအား တူးဖော်လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါရွာ၌ သောက်သုံးရေအခက်အခဲဖြစ်ခြင်းနှင့် ၎င်းကျေးရွာရှိ ပြည်သူများ မိုးအခါရရှိသည့်ရေကန်မှ ရေများ သောက်သုံးရခြင်းတို့မှ ကင်းလွတ်ရန်အတွက် တူးဖော်ခဲ့ခြင်းဖြစ်သည်။

အဝီစိသောက်သုံးရေတွင်း တူးဖော်ခြင်းအတွက် ကျပ် ၁၁၃ သိန်းကုန်ကျခဲ့ပြီး ဒေါ်သိန်းညွန့်မှ သောက်သုံးရေတွင်းအတွက် စက်နှင့်လိုအပ်သောပစ္စည်းများ ဝယ်ယူရန်ငွေကျပ်ရှစ်သိန်းနှင့် ဦးတင်ဝင်း ဇနီး ဒေါ်ကြွယ် မိသားစု တို့က နှစ်လက်မရေပိုက် ၁၅ လုံးတို့ကို ဝယ်ယူပေးပို့လှူဒါန်းခဲ့ကြောင်းသိရသည်။

**အောင်(မန်းတက္ကသိုလ်)**

SAYA-TONY
IELTS/TOEFL
GMAT, BBA, MBA, EMBA

# (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲနှင့် တတိယအကြိမ်မြောက် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး၊ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲနှင့် တတိယအကြိမ်မြောက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ၂၁ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။



ဆုချီးမြှင့်ပွဲတွင် အခြေခံပညာ အဆင့် (၅-၁၀) အဆို ကာလပေါ် အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် အခြေခံပညာအဆင့်(၁၀-၁၅) အဆိုကာလပေါ် အမျိုးသား၊ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ပြည်နယ်ကျန်းမာရေးဦးစီးမှူးကဆုချီးမြှင့်၍လည်းကောင်း၊ အခြေခံပညာအဆင့် (၁၀-၁၅) ကာလပေါ် အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများနှင့် အခြေခံပညာအဆင့် (၁၀-၁၅) အဆို မဟာဂီတ အမျိုးသား၊ ပထမ၊ ဒုတိယ ဆုရရှိသူများကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးကလည်းကောင်း ဆုများချီးမြှင့်ပေးခဲ့သည်။

အခြေခံပညာအဆင့် (၅-၁၀) အဆို မဟာဂီတ အမျိုးသမီး ပထမ၊ ဒုတိယ ဆုရရှိသူများနှင့် အခြေခံပညာ အဆင့် (၁၀-၁၅) အဆို မဟာဂီတ အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဦးစီးဗိုလ်မှူးကြီး မိုးကျော်သူကလည်းကောင်း၊ အခြေခံပညာအဆင့် (၁၅-၂၀) အဆို ကာလပေါ် အမျိုးသား ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများနှင့် အခြေခံပညာအဆင့် (၁၅-၂၀) အဆို ကာလပေါ် အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက လည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

အခြေခံပညာအဆင့် (၁၅-၂၀) မဟာဂီတ အမျိုးသား ပထမ၊ အဆင့်မြင့်ပညာအဆင့် အဆို ခေတ်ဟောင်းကာလပေါ် အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အဆို မဟာဂီတ အမျိုးသမီး ပထမ၊ အဆိုခေတ်အကြိုက် အမျိုးသား၊ အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ပြည်နယ်စာရင်းစစ်ချုပ်ကလည်းကောင်း၊ ဝါသနာရှင်အဆင့် ဒုတိယတန်းအဆို မဟာဂီတ အမျိုးသား၊ အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ဗမာတိုင်းရင်းသားရေးရာဝန်ကြီးကလည်းကောင်း၊ ဝါသနာရှင်အဆင့် ပထမတန်း အဆိုခေတ်ဟောင်း ကာလပေါ် အမျိုးသား ပထမနှင့် ဒုတိယတန်း အဆိုခေတ်ဟောင်း ကာလ ပေါ် အမျိုးသား၊ အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ကချင်တိုင်းရင်းသားရေးရာ ဝန်ကြီးကလည်းကောင်း၊ ဝါသနာရှင်အဆို ခေတ်အကြိုက် အမျိုးသား၊ အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ပြည်နယ်ဥပဒေချုပ်ကလည်းကောင်း ဆုချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ အဆိုပြိုင်ပွဲ ဆုရရှိသူများထဲမှ ဖျော်ဖြေတင်ဆက်ရာ အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ် အမျိုးသား ကာလပေါ် အဆို ပထမဆုရရှိသူ မောင်ကျော်ဆုဟိန်းက ဖျော်ဖြေ တင်ဆက်ပြီး၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ရာ အခြေခံပညာအဆင့် (၅-၁၀)၊ (၁၀-၁၅) အက အမျိုးသား၊ အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ပြည်နယ်လူမှုရေး ဝန်ကြီးကလည်းကောင်း၊ အခြေခံပညာအဆင့် (၁၀-၁၅)၊ (၁၅-၂၀) အက အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယနှင့် (၁၅-၂၀) တစ်ပင်တိုင်အက အမျိုးသမီးဆုရရှိသူများကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးကလည်းကောင်း အသီးသီးဆုများချီးမြှင့်ပေးပြီး အကပြိုင်ပွဲဆုရရှိသူများထဲမှ အခြေခံပညာအဆင့် အသက် (၁၀-၁၅) နှစ် အမျိုးသမီးအကပြိုင်ပွဲ ပထမရရှိသူ မစုယွန်းရွှေရည် (ခ)မစကားဝါဝတ်ရည်က အကဖြင့်ကပြဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။

ထို့နောက် ကဗျာလွတ်အကပြိုင်ပွဲ ဆုရရှိသူများဆုချီးမြှင့်ရာ အခြေခံပညာအဆင့် ယိမ်းအက ကဗျာလွတ် အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယ၊ အခြေခံပညာအဆင့်(၁၀-၁၅) ကဗျာလွတ်ယိမ်းအက အမျိုးသား ပထမနှင့် အဆင့်မြင့်ပညာအဆင့် (၁၆-၂၅) ကဗျာလွတ် အမျိုးသမီးယိမ်းအက ပထမ၊ ဂုဏ်ပြုဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ကဆုချီးမြှင်ပေးပြီး၊ ကဗျာလွတ်အကပြိုင်ပွဲ ဆုရရှိသူများထဲမှ ဖျော်ဖြေတင်ဆက်ရာ အခြေခံပညာအဆင့် (၁၀-၁၅) အမျိုးသမီး ကဗျာလွတ် ၁၆ ဦး ယိမ်းအကပြိုင်ပွဲ ပထမရရှိသော ကျောက်မဲခရိုင်ကိုယ်စားပြု ကဗျာလွတ်ယိမ်းအဖွဲ့က ကပြဖျော်ဖြေခဲ့သည်။

ဇင်းနောက် ခရိုင်များအား ထောက်ပံ့ငွေပေးအပ်ရာ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်တို့အား ငွေကျပ် ငါးသိန်းစီ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆက်ခရိုင်တို့အား ငွေကျပ် ၁၀ သိန်းစီ၊ လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ လောက်ကိုင်၊ ဟိုပန်ခရိုင်တို့အား ငွေကျပ် ခုနစ်သိန်းစီတို့ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် အရေး၊ အတီး၊ တိုင်းရင်းသား အကပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ရာ အဆင့်မြင့်ပညာအဆင့် အက တစ်ပင်တိုင် အမျိုးသမီး ပထမ၊ ဒုတိယ၊ အဆင့်မြင့်ပညာအဆင့်အက အမျိုးသား ပထမနှင့် အမျိုးသမီး ပထမ၊ ဒုတိယ ဆုရရှိသူများကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လည်းကောင်း၊ ဝါသနာရှင်အဆင့် ဒုတိယတန်းအမျိုးသား၊ အမျိုးသမီး အက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ပြည်နယ်သစ်တောနှင့် သတ္တုတွင်းဝန်ကြီးကလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

ဝါသနာရှင်အဆင့် ဒုတိယတန်းအက တစ်ပင်တိုင် အမျိုးသမီး ပထမ၊ ဒုတိယနှင့် ဝါသနာရှင်အဆင့် ဒုတိယတန်း အရေး၊ အမျိုးသား ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးကလည်းကောင်း၊ အခြေခံပညာအဆင့် (၅-၁၀) စန္ဒယားအတီး အမျိုးသား၊ အမျိုးသမီး ပထမနှင့် (၁၀-၁၅) စန္ဒရားအတီး အမျိုးသား၊ အမျိုးသမီး ပထမ၊ ဒုတိယဆုရရှိသူများကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးကလည်းကောင်း၊ အခြေခံပညာအဆင့် (၁၅-၂၀) အမျိုးသား စန္ဒရားအတီး ပထမနှင့် ဝါသနာရှင်အဆင့် ဒုတိယတန်း အမျိုးသား စန္ဒရားအတီး ပထမ၊ ဒုတိယ၊ တတိယ ဂုဏ်ပြုဆု၊ ပညာရှင်အဆင့် အမျိုးသမီး စန္ဒရားအတီး ပထမဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

အခြေခံပညာအဆင့်(၁၀-၁၅) နှင့် ဝါသနာရှင်အဆင့် ဒုတိယတန်းအမျိုးသား တယောတီး ပထမဆုရရှိသူနှင့် အခြေခံပညာအဆင့် (၁၀-၁၅) အမျိုးသမီး ပတ္တလားအတီး ပထမ၊ ဝါသနာရှင်အဆင့် ဒုတိယတန်း အမျိုးသား ဒုံမင်းအတီး၊ ပထမ၊ ဒုတိယ၊ ဝါသနာရှင်အဆင့် ဒုတိယတန်း အမျိုးသား မယ်ဒလင်အတီး ပထမဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးဒေါ်ဖြူဖြူညွန့်က ဆုများ အသီးသီးချီးမြှင့်ပေးခဲ့သည်။

ထို့နောက် ဒိုင်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တတိယအကြိမ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အသင်းအား ဆုချီးမြှင့်ရာ လားဟူ ရိုးရာယဉ်ကျေးမှုအက၊ ကိုးကန့် ယဉ်ကျေးမှုအက၊ ကျိုင်းတုံ လမ်းဝုန်းအက၊ လွိုင်လင်ခရိုင်မှ ရှမ်းဗုံ၊ မောင်းအက၊ ပအိုဝ်း ရိုးရာယဉ်ကျေးမှုအက၊ တအာန်းပလောင် တိုင်းရင်းသားရိုးရာ အကတို့အား ဂုဏ်ပြုဆုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အေးဝင်းက ဆုချီးမြှင့်ပေးခဲ့သည်။

တောင်ကြီးခရိုင် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လားရှိုးခရိုင်၊ တာချီလိတ်ခရိုင် ယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုဆုကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်ကလည်းကောင်း၊ တတိယဆုရ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယဆုရ ကျောက်မဲခရိုင်၊ ပထမဆုရ လင်းခေးခရိုင်တို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အသီးသီး ဆုများချီးမြှင့်ပေးကြသည်။

ဆုရရှိသူအဖွဲ့ များမှ ပြန်လည်ကပြဖျော်ဖြေပြီး ပထမဆုရရှိသော လင်းခေးခရိုင်အား ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဖြူဖြူညွန့်နှင့် ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းတို့က ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**






**ဖခင်အမည်မှန်**

အထက(နမ္မတီး)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဝေဇင်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးတိုးညွန့်ထွေး ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၁) ဒသမတန်း(G1)မှ မောင်လာမောရွှေ၏ ဖခင်အမည်မှန်မှာ ဦးအလေးဖာ ဖြစ်ပါသည်။

**မိခင်အမည်မှန်**

အထက(နမ္မတီး) ဒသမတန်း (B)မှ မလှအဥ္ဆလီချစ်၏ မိခင်အမည်မှန်မှာ ဒေါ်မအေးပွဲ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ဟိုပင်မြို့၊ တကွင်းအထက(ခွဲ)နဝမတန်းမှ မနန်းယုဝေ၊ သတ္တမတန်း(B)မှ မဇင်မာအေး၊ အဋ္ဌမတန်း(B)မှ မောင်ဝေထက်လင်း၊ အမက(စုစည်း)တတိယတန်းမှ မောင်ငြိမ်းချမ်းအေးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းမြင့် ဖြစ်ပါသည်။

**အမည်ပြောင်း**

ဦးလှငွေး၏သား၊ မြစ်ကြီးနားမြို့၊ အထက(၄) သတ္တမတန်း(B)မှ မောင်နိုင်မင်းဦးအား မောင်လှမျိုးဆက်ဟု ပြောင်းလဲခေါ်ပါရန်။

**ခြံရောင်းမည်**

မိုးကောင်းလမ်း၊ ဓမ္မာရုံလမ်းထိပ်၊ ကျောက်ကုန်း ပေ(၄၀×၈၀)ခြံ ဖုန်း-၀၉-၅၀၁၅၁၀၄

# မြန်မာ့ကွမ်းသီးများ အိန္ဒိယသို့ တမူးနယ်စပ်၏ အဓိကပို့ကုန်အဖြစ်တင်ပို့

**တမူး၊ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်စာရင်းတွင် ပါဝင်သည့်မြန်မာ့ကွမ်းသီးသည် တစ်ဖက်နိုင်ငံ အိန္ဒိယ၏ ကွမ်းပေါင်းများအသုံးပြုရန် ကုန်ကြမ်းအဖြစ် ဝယ်ယူစုဆောင်းမှု မြင့်တက်လာသည့်အတွက် တမူးနယ်စပ်မှတင်ပို့မှုအားလည်း ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

"မြန်မာကွမ်းသီးကတော့ တမူးနယ်စပ်ရဲ့ အဓိကပို့ကုန်ဖြစ်ပါတယ်။ နှစ်စဉ်ပုံမှန်တင်ပို့နေရတာ ၁၀ နှစ်ကျော်ပြီ။ ကွမ်းသီးတွေက ဂန့်ဂေါ၊ ယောဒေသနဲ့ မင်းကင်း၊ မော်လိုက်နယ် ဘက်ကနေ ကွမ်းသီးစိုတွေထွက်တယ်။ နောက်ပြီး မြိတ်၊ ထားဝယ်၊ ကော့သောင်းဘက်မှာတော့ ကွမ်းသီးပုပ်တွေ အများဆုံးထွက်ပါတယ်။ တမူးဘက်ကနေ မိုးရေးနှင့်အင်ဖာရ်မြို့ကို တိုက်ရိုက်ပို့တယ်။ အိန္ဒိယဘက်ကတော့ ကွမ်းပေါင်းပြန်လုပ်ဖို့ဝယ်ကြတာ။ ကွမ်းသီးကလည်း အမျိုးအစားအလိုက် ဈေးကွာတယ်။ အိန္ဒိယဘက်ကတော့ အသားကျစ်ပြီး အလုံးသေး တဲ့ ကွမ်းသီးကို ပိုကြိုက်ကြတယ်" ဟု ဒေသခံကုန်သည်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအရပ်ရပ်မှ ထွက်ရှိသော ကွမ်းသီးများကိုတစ်ဖက်နိုင်ငံမှဝယ်ယူရာတွင် တမူးနယ်စပ်ဈေးနှင့် ရိဒ်နယ်စပ်ဈေးနှစ်ခုလုံးမှ ဝယ်ယူမှုရှိသော်လည်း ကွမ်းသီးစိုနှင့် ကွမ်းသီး ပုပ်ကိုတမူးနယ်စပ်မဏိပူရ်ကသည်းကုန်သည်များကသာ အများဆုံးဝယ်ယူကြကြောင်း သိရသည်။ **ချင်းတွင်းသား**



# Public Digital Library Service

# မန္တလေးဘူတာကြီးတွင် Wi-Fi ဖြင့်တပ်ဆင်

**မန္တလေး၊ အောက်တိုဘာ ၁၉**

မန္တလေးဘူတာကြီးခရီးသည်များ နားနေဆောင်နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး(မန္တလေး)ရှိ ယာဉ်မောင်းလိုင်စင်ထုတ်ပေးသောဌာနတို့တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ Internet မလိုဘဲ Wi-Fi ဖြင့် မီတာ ၆၅၀ အတွင်း မိုဘိုင်းလ်တယ်လီဖုန်းများဖြင့် ဖမ်းယူဖတ်ရှုနိုင်သော စာအုပ် ၆၀၀၀ ပါ Digital Library အား အောက်တိုဘာ ၁၂ ရက်၌ တပ်ဆင်ထားရှိပြီးဖြစ်ကြောင်းသိရသည်။

မန္တလေးဘူတာကြီး ခရီးသည်များနားနေဆောင်နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး(မန္တလေး)ရှိ ယာဉ်မောင်းလိုင်စင်ထုတ်ပေးသောဌာနတို့တွင်ခရီးသွား ပြည်သူများနှင့် လုပ်ငန်းလာရောက်ဆောင်ရွက်သော ပြည်သူများ အပန်းပြေစေရေးနှင့် ဗဟုသုတရရှိစေရေးအတွက် မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီ၊ SkyNet ရုပ်သံလိုင်းများအပြင် စာပေရေချမ်းစင်နှင့် သတင်းဂျာနယ်စာအုပ်စင်များ ထားရှိဆောင်ရွက်ပေးလျက်ရှိသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရွှေစာရံရှိအမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် ၆၈ လမ်းရှိမန္တလေးပညာရေးကောလိပ် ကျောင်းသားကျောင်းသူများ မိုဘိုင်းဖုန်းဖြင့်ဗဟုသုတစာအုပ် ၆၀၀၀ အား အခမဲ့ဖတ်ရှုနိုင်ရန် ဝိုင်ဖိုင်စနစ်သုံး Digital Library စက်များတပ်ဆင်ပေးထားကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# မြဝတီမြို့တွင် မီးသတ်နှင့် စည်ပင်အဖွဲ့တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်မှု လက်တွေ့သရုပ်ပြသ

**မြဝတီ၊ အောက်တိုဘာ ၁၉**

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူပေါင်းကျင်းပသည့် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီက ဘုရင့်နောင်ဈေးကြီးရှေ့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အစီအစဉ်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမင်းခင်မောင်ဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် လောင်စာဆီမှ မီးလောင်မှု၊ လျှပ်စစ်မှမီးလောင်မှု၊ ဂတ်(စ်)မှမီးလောင်မှု စသည့် မီးလောင်မှု သုံးမျိုးကို ထိရောက်စွာ မီးငြိမ်းသတ်နိုင်စေရေးအတွက် DCP မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြသခဲ့သည်။

အဆိုပါ လက်တွေ့သရုပ်ပြသပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးအောင်ငွေနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ၊ထားဝယ်မြို့နယ်အတွင်းတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲကျင်းပ

**ထားဝယ်၊ အောက်တိုဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကော်မတီများ၏ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက ထားဝယ်မြို့၊မြောက်ရွာ ရပ်ကွက်၊အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

၎င်းအခမ်းအနားတွင် ထားဝယ်မြို့နယ် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ခင်နွယ်ထွန်းက ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာလုပ်ငန်းများ အကြောင်းကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး ကျန်းမာရေးမှူး(၁) ဦးတင်မောင်စိန်က ပျိုဖော်ဝင်စလူငယ်လူရွယ်များအကြောင်းကိုလည်းကောင်း၊ ထားဝယ်မြို့နယ် ဥပဒေအရာရှိ ဒေါ်ဝါဝါချိုက ကလေးသူငယ်စောင့်ရှောက်မှုဆိုင်ရာ ဥပဒေအကြောင်းကိုလည်းကောင်း အသိပညာပေးဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေး များဆိုင်ရာကော်မတီအဖွဲ့ဝင် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်မူမူအေးက စာပေဖတ်ရှုခြင်းဖြင့် ရရှိသော ဗဟုသုတများ အကြောင်းနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အကြောင်း သိကောင်းစရာများကို ပြောကြားကာ အသိပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ထားဝယ်ခရိုင် ပြန်/ဆက်)**



နေ့ခင်းအချိန်မှာလဲ မီးလင်းနေသည့် တောင်ကြီးမြို့ ဗိုလ်တထောင်လမ်းမပေါ်က လမ်းမီးတိုင် တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းမပေါ်ရှိ လမ်းမီးတိုင် အချို့တို့တွင် နေ့လယ်ပိုင်းအချိန်များမှာပင် လမ်းမီးများ လင်းနေလျက်ရှိနေသည်ကို အောက်တိုဘာ ၁၅ ရက် နေ့လယ် ၂ နာရီခွဲဝန်းကျင်အချိန်ခန့်က မြင်တွေ့နေရစဉ်။
KZLM (တောင်ကြီး)




**SEVEN စံ**
**မြေကွက်ရောင်းဝယ်ရေး**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါသလား? SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက်ငွေပေးချေသည်။
* ပွဲခလုံးဝမယူပါ *
ဖုန်း-၀၁-၂၀၅၇၄၈၊
၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၉၅၈၉၅၈

**အင်္ဂလိပ်စာ**
**အထူးသီးသန့်စာသင်ဝိုင်း**
Grade (8), (9), (10)
ဆက်သွယ်ရန်-
ခြံအမှတ်(၁)၊ သီရိမွန်ပလာဇာ၊ (၉) လမ်း၊ သီရိမွန်လုံးချင်းအိမ်ရာ၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း- ၀၁-၆၈၀၉၈၉၊
၀၉-၂၅၀၉၃၃၃၆၃၊
၀၉-၄၂၀၀၃၈၆၂၃



# ကွန်ပျူတာဝယ်ယူသူများဈေးနှုန်းသက်သာစေရန် ကွန်ပျူတာပြပွဲနှင့် ဈေးရောင်းပွဲတော် မန္တလေးတွင်ပြုလုပ်



**မန္တလေး၊ အောက်တိုဘာ ၁၉**

အိုင်စီတီနည်းပညာများ လူငယ်လူရွယ်များကြား ပိုမိုစိမ့်ဝင်လာပြီး အိုင်စီတီနည်းပညာများ ရှင်သန်ထွန်းကားလာစေရန်နှင့် ကွန်ပျူတာ ဝယ်ယူသုံးစွဲသူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်လျက်မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့က ကြီးမှူးကျင်းပသော မန္တလေး ကွန်ပျူတာပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ မြို့တော်ခန်းမတွင် အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွန်ပျူတာနည်းပညာပြပွဲတွင် ကုမ္ပဏီ ၄၅ ခုက ဆိုင်ခန်းပေါင်း ၈၀ ခန်းဖွင့်လှစ်လျက် နောက်ဆုံး ပေါ် Notebook ကွန်ပျူတာများ၊ Desktop ကွန်ပျူတာများ၊ ပရင်တာများ၊ Projector များ၊ ကင်မရာများ၊ ကွန်ပျူတာနည်းပညာ သင်ကြားရေးအထောက်အကူပြု စာအုပ်များ၊ မိုဘိုင်းဖုန်းအမျိုးမျိုး Memory Strick အမျိုးမျိုးတို့ကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

ထိုင်းနိုင်ငံမှ တင်သွင်းသော HP အမှတ်တံဆိပ် Notebook ကွန်ပျူတာများ၊ Acer၊ MSI အမှတ်တံဆိပ် Notebookကွန်ပြူတာများ၊ Graphic Card များ၊ Motherboard များကိုလည်း အာမခံဖြင့် ရောင်းချပေးလျက်ရှိသည်။

Canon၊ Nikon ကင်မရာကုမ္ပဏီများကလည်း ကွန်ပျူတာပြပွဲနှင့် ဈေးရောင်းပွဲတော် ပြပွဲကာလအတွင်း အထူးနှုန်းဖြင့် ရောင်းချပေးသည့် အပြင် လက်ဆောင်ပစ္စည်း များပေး၍ ရောင်းချပေး လျက်ရှိသည်။

စာစီစာရိုက်၊ အီးမေးလ်ပို့ခြင်း၊ အချက်အလက်များ တိုက်ရိုက်ကြည့်ရှုနိုင်သော ဂျပန်နိုင်ငံမှ အသုံးပြုပြီးသော တစ်ပတ်ရစ်လက်တော့ပ်များလည်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျပ်ခြောက်သောင်း ဝန်းကျင်ဖြင့် ရောင်းချပေးလျက်ရှိသည်။

တရုတ်နိုင်ငံမှ ထုတ်လုပ်သောတံဆိပ်မျိုးစုံ လက်ကိုင်ဖုန်းများလည်း အပြိုင်အဆိုင် လက်ဆောင်ပစ္စည်းများ၊ တန်ဖိုးနည်းလိုင်းကတ်များ လက်ဆောင်ပေး၍ ရောင်းချပေးလျက်ရှိရာ ကွန်ပျူတာပညာ လေ့လာသူများ၊ လာရောက်ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## ကလေးမြို့၏အနောက်မြောက်လမ်း ကျေးရွာချင်းဆက်လမ်းပိုင်းကျောက်ခင်းခြင်းဆောင်ရွက်

**ကလေး၊ အောက်တိုဘာ ၁၉**

ကလေးမြို့၏ အနောက်မြောက်လမ်း ကျေးရွာချင်းဆက်လမ်းဖြစ်သောစံပြလမ်းမ၏ နတ်ကြီးကုန်း(ပျဉ်း)ကျေးရွာမှပျဉ်းတောဦးကျေးရွာသို့သွားရာ လမ်းပိုင်းအရှည် ၆ မိုင် ၂ ဖာလုံအားကျေးလက်နေပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန် အ မာခံကျောက် ချောလမ်းခင်းခြင်းလုပ်ငန်းကိုဆောင်ရွက်နေကြောင်းသိရသည်။ယင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၁၇၅ သန်းအကုန်အကျခံကာအမာခံကျောက်ချောလမ်းခင်းခြင်း ဖြစ်ကြောင်းသိရသည်။

အမာခံကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ထက်ရတနာထွန်းကုမ္ပဏီကဆောင်ရွက်ခြင်းဖြစ်သည်။ ယခုအချိန်တွင် ကျောက်ချောလမ်းခင်းပြီးသောလမ်းပိုင်း၏ လမ်းကြောင်းများကို စက်ယန္တရားကြီးများဖြင့် လမ်းသားမြေညှိခြင်းလုပ်ငန်းများဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ **ဂျူနိုင်း**

## လယ်ဝေးမြို့နယ်ဝန်ထမ်းများအားလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေးဆွေးနွေး

**လယ်ဝေး၊ အောက်တိုဘာ ၁၉**

နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဇော်သည် အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက လယ်ဝေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဌာန၏ ရည်မှန်းချက်လုပ်ငန်းများကို ကျေပွန်စွာ ဆောင်ရွက်ကြရန်နှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင်တည်ဆောက်ရေးတာဝန်ကြီးလေးရပ်၊ ကျင့်စဉ် ခြောက်ပါး၊ စံငါးရပ်တို့ဖြင့်ကြိုးကြိုးစားစားဆောင်ရွက်ကြရန် လိုအပ်ကြောင်းမှာကြားခဲ့သည်။ **မင်းမင်းလတ်(ရှပဗေဒ)**

## ကျေးရွာများအရောက်စာအုပ်စာစောင်များငှားရမ်း

**နေပြည်တော်၊ အောက်တိုဘာ – ၁၉**

နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ပြည်သူများလက်ဝယ်အရောက် စာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးနေလျက်ရှိရာ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ဒက္ခိဏခရိုင် ဒုတိယဦးစီးမှူး ဒေါ်ဖြူသွယ်ထွန်းနှင့် ဝန်ထမ်းများသည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု၊ မဲဒီးကျေးရွာသို့သွားရောက်၍ ကျေးလက်နေပြည်သူများအတွက် ရွေ့လျားစာကြည့်တိုက်ဖွင့်လှစ်၍ စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါရွေ့လျားစာကြည့်တိုက်တွင် သုတ/ရသ စာအုပ်စာစောင်များ ၂၀၀ ကျော်ကို ပြသငှားရမ်း ပေးခဲ့ပြီး ငှားရမ်းပေးခဲ့သည့် စာအုပ်များကို ရက်သတ္တပတ်တစ်ပတ်ပြည့်လျှင် ပြန်လည်သိမ်းယူ၍ စာအုပ်အသစ်များဖြင့် အဆက်မပြတ်လဲလှယ်ငှားရမ်း သွားမည်ဖြစ်ကြောင်းသိရသည်။ **ရွှေကုက္ကို**

## မြင်းခြံမြို့အဝေးပြေးယာဉ်ရပ်နားစခန်းတွင် Public Digital Library Service စက်အားတပ်ဆင်ပေး

**မြင်းခြံ၊ အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်နှင်းရည်နှင့် ဝန်ထမ်းများသည် မြင်းခြံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ ပြည်တော်အေး မော်တော်ယာဉ်ရပ်နား စခန်းတွင် Public Digital Library Service စက်အား အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

"အခုလို Public Digital Library Service စက် တပ်ဆင်ပေးတဲ့အတွက် ခရီးသွားပြည်သူတွေနဲ့ အလုပ်သမားတွေ စာပေကို အလွယ်တကူ ဖတ်ရှုနိုင်တော့အသိပညာ ဗဟုသုတတိုးပွားလာမှာဖြစ်လို့ အခုလို လာရောက်တပ်ဆင်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်" ဟု ပြည်တော်အေး မော်တော်ယာဉ်အသင်း အုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းက ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ အသိပညာ ဗဟုသုတ တိုးတက်ရေးအတွက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည် တည်တံ့ခိုင်မြဲရေး၊ စာပေရေချမ်းစင်များ၊ Book Corner များ၊ Public Digital Library Service စက်များကို လူစည်ကားရာနေရာများဖြစ်သော တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဆေးရုံကြီး၊ ကားဂိတ်၊ ဘူတာရုံ၊ ဈေး၊ လက်ဘက်ရည်ဆိုင်များ၊ ရပ်ကွက်၊ ကျေးရွာများရှိ စာကြည့်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများ၌ တပ်ဆင်ပေးလျက်ရှိပြီးအောက်တိုဘာ ၁၂ ရက်ကလည်း မန္တလေးဘူတာကြီးတွင် PublicDigital Library တပ်ဆင်ခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**








# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် SSPP/SSA မှ အထွေထွေအတွင်းရေးမှူး ဦးစဝ်ခွန်ဆိုင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ် လားရှိုးမြို့အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

## ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ဆဋ္ဌမနေ့ရောင်းချပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ဆဋ္ဌမနေ့ရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ပြည်တွင်းရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအပြင်နှင့် အတွင်းတွင် နေရာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လိုက်လံကြည့်ရှုလေ့လာကြပြီး မိမိတို့ဝယ်ယူလိုသော ကျောက်စိမ်းအတွဲများကို လေ့လာမှတ်သားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များသည် မိမိတို့ဝယ်ယူရန် သတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

အဆိုပါ ရောင်းချပွဲကို အောက်တိုဘာ ၂၀ ရက်အထိ ဆက်လက်ပြသရောင်းချသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**



# ရေလုပ်ငန်းသည် အင်းသားတို့၏ ဒုတိယအားထားရသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်

**အင်းလေး အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ပြင်မှထွက်ရှိသော ငါးသလောက်ကဲ့သို့ ပေါင်းစား၊ ချက်စား၍ ကောင်းသော နာမည်ကြီးငါးဖိန်းငါးမျိုးအပြင် ငါးရံ့၊ ငါးခူ၊ ငါးခုံးမ၊ ငါးဖယ်၊ ငါးလူး၊ ငါးတောင်နွယ်၊ ငါးသဖွဲ(ခေါ်)ငါးပေါက်ကလေးများနှင့် ပုစွန်ငယ်လေးများလည်း အင်းလေးကန်မှ ထွက်ရှိနေရာ ရှမ်းပြည်နယ်ရှိ မြို့နယ်အနှံ့အပြားသို့သာမက အခြားသောဒေသများသို့ တင်ပို့လျက်ရှိသောကြောင့် ရေလုပ်ငန်းသည် အင်းသားတို့၏ ဒုတိယ အဓိကထားအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ကြောင်း သိရသည်။ အင်းလေးကန်အတွင်း ယခင်ငါးအမျိုး ၄၀ ကျော်ခန့်ရှိပြီး ငါးခူခေါင်းနှင့် ငါးပတ်ကိုယ်ရှိသော ၁၉၆၈ ခုနှစ်က အင်းပေါ်ခုံရွာတွင်

**စာမျက်နှာ ၉ ကော်လံ ၆ သို့ ❖**

## ယနေ့ မာတိကာ


ညောင်ဦး၌ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ — စာမျက်နှာ - ၂

မျက်နှာဖုံးတပ် ပြေးခဲ့ရသည့် ပေကျင်းမာရသွန် — စာမျက်နှာ - ၅

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ ဇုန်ဝင်ကြေး တိုးမြှင့်ကောက်ခံမည် — စာမျက်နှာ - ၆

မျက်မမြင်များ ဟင်းချက်ပြိုင်ပွဲကျင်းပ — စာမျက်နှာ - ၇


# အာရှယူ-၁၉ ဆီမီးပြိုင်ပွဲအတွက် သတင်းစာရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ ပြိုင်ပွဲမှာ ဆီမီးအဆင့်သို့ရောက်ရှိနေပြီဖြစ်ပြီး အောက်တိုဘာ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို သုဝဏ္ဏကွင်း၌သာ တစ်ရက်တည်းယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် ဥဇဘက်ကစ္စတန်အသင်းနှင့် မြောက်ကိုရီးယားအသင်း၊ ည ၇ နာရီတွင် အိမ်ရှင်မြန်မာအသင်းနှင့် ကာတာအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။ မြန်မာအသင်းနည်းပြချုပ်ဂတ်ဖရိုင်းဒရစ်က "မိမိတို့၏ အလိုချင်ဆုံးဖြစ်သည့် ကမ္ဘာ့ဖလားဝင်ခွင့်ကို ရရှိထားပြီးဖြစ်တာကြောင့် ဖိအားမရှိတော့ကြောင်း၊ သို့သော် ကြီးမားသည့် အပိုဆုအဖြစ်ချန်ပီယံဆုရရှိရန်အထိ

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

သတင်းနှင့်ဓာတ်ပုံ ရှိန်းထက်ဇော်



**နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင်မိုးထစ်ချုန်း ရွာနိုင်သည်။**




George English Training Centre

JOB OPPORTUNITY

English Language Instructors for Young Learners

ဝန်ထမ်းအလိုရှိသည်

Photo Shop၊ E-mail၊ Internet Website

Innovative Inspiration Idea Construction Co., Ltd.

Bldg No.(5/7),Room No.(32),4th Floor,
Yan Aung 6th St, Yankin, Yangon
Office Phone: 559861

1.Site Engineers (5)Posts
BE(Civil),B.Tech(Civil),A.G.T.I(Civil)

2.Quantity Surveyors (2)Posts
BE(Civil),B.Tech(Civil),A.G.T.I(Civil)
Microsoft Office Auto CAD

3.Accountant (2)Posts
B.Com(or)LCCI Level III
Microsoft Office

4.Office Staff (2)Posts
Microsoft Office

ကျောင်းကားယာဉ်မောင်း အမြန်အလိုရှိသည်

ကျောင်းကား Ferry အလိုရှိသည်။

HIACE
AIR-CON

FASHION

Marketing - 6 (female)

**Moe Ma Kha**
**Beauty Saloon**
**ဝန်ထမ်းအလိုရှိသည်**

ဆံပင်ညှပ်ကျွမ်းကျင် မ(၁)ဦး
Shampooကျွမ်းကျင် မ(၂)ဦး
Foot Massage ကျွမ်းကျင် မ(၃)ဦး
အလိုရှိသည်။ လစာညှိနှိုင်းပေးမည်။

**အမှတ် (၇၆)၊ ဝါးတန်းလမ်း၊**
**အောက်ဘလောက်။**
**ဖုန်း-၇၃၂၃၈၈၀၀**

**ဝန်ထမ်းအလိုရှိသည်**

- အထည်ချုပ်လုပ်ငန်းအတွေ့အကြုံရှိသူ တာဝန်ခံ (၁) ဦး
- ရှပ်အင်္ကျီချုပ် ကျွမ်းကျင် (၅) ဦး
- မော်တာစက်ချုပ် ကျွမ်းကျင် (၅) ဦး

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၁-၂၉၈၅၀၂၊ ၀၉-၇၃၀၈၄၄၉၅**

ဝန်ထမ်းအလိုရှိသည်

Marketing - မ (၅) ဦး

CV

NEW LIGHT

ဝန်ထမ်းအလိုရှိသည်

1. Computer Operator
Word, Excel, Adobe PageMaker, Power Point

2. Store Assistant

3. Marketing Staff

4. Marketing Supervisor
Distribution & Marketing

5. Marketing Executive
Distribution & Marketing

**ဝန်ထမ်းအလိုရှိသည်(အမြန်)**

၁။ ဘွဲ့ရ ကျား(သို့)မ (၁) ဦး
၂။ လုပ်သား (၁) ဦး

၃-၁၁-၂၀၁၄ရက်နောက်ဆုံးထားလျှောက်ထားရန်။

**င/၇၀၊ ငုဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်။**
**Ph:09-421002593**

**Singapore Home Caregiver**

သူနာပြု၊ သူနာပြုအကူ၊ သားဖွားသူနာပြု၊ Caregiver များ အလိုရှိသည်။
Agent Fee ပေးရန်မလို။ လခ(၅၅၀၀၀၀-၇၀၀၀၀၀) နေ/စား စရိတ်ငြိမ်း။
English/Chinese စကားပြောနိုင်သူ၊ www.activeglobalcaregiver.sg/apply တွင် Online လျှောက်ထားနိုင်သည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၄၂၅၆၃၅၆**

ဝန်ထမ်း အမြန်အလိုရှိသည်

ဝန်ထမ်းအလိုရှိသည်

Bag Collection

Tel: 01-205058, 205059, 203352

ဝန်ထမ်းအလိုရှိသည်

Marketing - ကျား/မ (၁၀) ဦး

CV

Universe Induction Group Co.,Ltd

**ဝန်ထမ်းအလိုရှိသည်**

ရန်ကုန်တွင် တာဝန်ထမ်းဆောင်ရန်

1.Sale & Marketing -Male(5)Posts (Any Graduate)

CV Form အပြည့်အစုံ၊ ထောက်ခံစာ၊ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ နံနက်၁၀နာရီမှ ညနေ၃နာရီအတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ - အမှတ်(၉)၊ သီရိမင်္ဂလာ(၁)လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၃၀၆၂၃၈

**ရွှေဦးရောင်ခြည်**
**ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

**B-136.မုဒိတာ(၁) မရမ်းကုန်း၊ B119.မုဒိတာ(၂)အင်းစိန်**
**Ph:09-420080127, 09-255752743**

**(1) Site အင်ဂျင်နီယာ ကျား/မ (၃) ဦး**
**B.E (Civil), B.Tech(Civil), A.G.T.I(Civil)**

ကိုယ်ရေးအကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ လိုင်စင်ပုံ(၂)ပုံနှင့်အတူ ၅-၁၁-၂၀၁၄ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

## N-Car Co.,Ltd

1. Office Staff မ(၁)ဦး
2. Sales and Marketing ကျား/မ
3. Engineer ကျား
   (ကိုရီးယားကား ကျွမ်းကျင်စွာပြင်တတ်သူကို ဦးစားပေးမည်။)
   အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၆)၊ A1 လမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်။
ဆက်သွယ်ရန်ဖုန်း - 09-250869601

**ဝန်ထမ်းအလိုရှိသည်။ (ရန်ကုန်/မန္တလေးတွင် တာဝန်ထမ်းဆောင်ရန်)**
**Max Auto Car Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန်**
**အောက်ပါဝန်ထမ်းများ အလိုရှိသည်။**

(1) Office Staff (ကွန်ပျူတာနှင့်အင်္ဂလိပ်စကားပြော ကျွမ်းကျင်သူ)
(2) အစိုးရရုံးများသို့ သွားရောက်၍ လုပ်ငန်းကိစ္စများလုပ်ကိုင်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်ရှိသူ၊ အင်္ဂလိပ်/ကိုရီးယားစကားကျွမ်းကျင်စွာပြောဆိုနိုင်သူ
(3) Sale & Marketing (အတွေ့အကြုံရှိသူ၊ ယာဉ်မောင်းလိုင်စင်ရှိသူ)
(4) ကိုရီးယားကားစက်ပြင် ကျွမ်းကျင် (Mechanic) (အတွေ့အကြုံရှိသူ)
(5) ကားသန့်ရှင်းရေး ကျွမ်းကျင်စွာလုပ်ကိုင်နိုင်သူ

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ph:09-5165165, 09-425292947

## အမျိုးသမီးအရောင်းဝန်ထမ်း အလိုရှိသည်

- နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။
- နယ်ဘက်မှအလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါသွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

မှတ်ချက် - ဆိုင်ခန်းတွင်သာခန့်ထားရန်။
ဆက်သွယ်ရန် - ၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁
(ရုံးချိန်အတွင်းသာ)

## ROSE HILL HOSPITAL

**အမှတ်(၂၀-A)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၅၅၈၄၀၁၊ ၅၅၂၅၄၇**

(1) Cashier ဘွဲ့ရ မ (၅) ဦး
(2) Trained Nurse ကျား/မ(၃) ဦး
    (B.N.Sc(OR) Dip Nursing)
(3) B.Pharm ဘွဲ့ရ မ(၃) ဦး
(4) သူနာပြုအကူ(ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဆင်း) (၅) ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ (၁၀)ရက်အတွင်းရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါ။
(နံနက် ၁၀နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။)

## ဝန်ထမ်းအလိုရှိသည်

1. Company Assistant
Computer Typing
2. Accountant
LCCI (I,II,III)
Microsoft Word, Excel
Internet Email
3. Driver

## ဝန်ထမ်းအလိုရှိသည်

**FONECLUB (ဖုန်းပြုပြင်ရေးသုံးပစ္စည်းဖြန့်ချိရေး)**

1. Accountant မ(၁) ဦး
   - Microsoft Excel ကျွမ်းကျင်စွာအသုံးပြုနိုင်သူ၊ LCCI Level 3 အောင်မြင်ပြီးသူ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိသူ။
2. Cashier မ(၂) ဦး
   - ဘွဲ့ရ၊ Microsoft Excel ကျွမ်းကျင်စွာအသုံးပြုနိုင်သူ၊ LCCI Level 2 အောင်မြင်ပြီးသူ(သို့) Cashier လုပ်ငန်းအတွေ့အကြုံရှိသူ။
3. Mobile Service Reception မ(၂) ဦး
   - ဘွဲ့ရ၊ Mobile Phone Service စိတ်ပါဝင်စားသူ၊ ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူ၊ ဆက်ဆံရေးယဉ်ကျေးပျူငှာသူ။
4. ပစ္စည်းပို့ ကျား(၃) ဦး
   - တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ အင်္ဂလိပ်စာအခြေခံအသင့်အတင့်ရှိသူ။
5. Purchase (၂) ဦး
   - တရုတ်စကားအပြော၊ အရေး၊ Excel ကျွမ်းကျင်၊ အင်တာနက်ကျွမ်းကျင်၊ ဖုန်း စိတ်ဝင်စားသူ။

ရုံးချိန်= နံနက် ၉နာရီမှ ညနေ ၆နာရီ တစ်ပတ်တစ်ရက်နား၊ နေ့လယ်စာငြိမ်း၊ ရက်မှန်ကြေးနှင့် Over Time ကြေးခံစားခွင့်ရှိသည်၊ Bonus ခံစားခွင့်ရှိသည်၊ လုပ်ငန်းကျွမ်းကျင်အောင် Training ပေးမည်။ လစာညှိနှိုင်း။

CV Form၊ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာနှင့်တကွ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
လိပ်စာ- တိုက်(၈)၊ အခန်း(၆)၊ ပထမထပ်၊ နှင်းဆီလမ်း၊ မင်္ဂလာတောင်ညွန့်၊ ယုဇနပလာဇာ ဘေး၊ ကိုနေမျိုး 09-444009919

## EUGENIA STAR Tours & Travels

**(ဝန်ထမ်းအလိုရှိသည်)**

နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။
- Office Staff ကျား/မ (၂)ဦး
- Tour Operator ကျား/မ (၂)ဦး
(လုပ်သက် ၅ နှစ်နှင့် အထက်)

ဖုန်း-၀၉-၂၅၀၃၈၇၅၂၀၊
၀၉-၂၅၀၃၉၀၀၂၀၊
၀၉-၂၅၀၅၃၆၁၁၀

## ဝန်ထမ်းအလိုရှိသည်

Manager (HR/ Admin) ကျား (၁)ဦး
Office Staff

## ဝန်ထမ်းအလိုရှိသည်။

(Origin) Myanmar Origin Hair Treatment Co., Ltd မှ Sales and Marketing

## ဝန်ထမ်းအလိုရှိသည်

(1) Auditor ကျား/မ (၁)ဦး
- စာရင်းစစ်အတွေ့အကြုံ(၅)နှစ်ရှိရမည်။

(2) Chief Accountant ကျား/မ (၁)ဦး
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
- အသက်(၃၀) မှ (၅၀)အတွင်း ဖြစ်ရမည်။

(3) Sale & Marketing Manager ကျား/မ (၁)ဦး
- Sale & Marketing အတွေ့အကြုံ(၃)နှစ်အထက်ရှိသူ
- အသက်(၃၀) မှ (၅၀)အတွင်း ဖြစ်ရမည်။

(4) Sale & Marketing Supervisor ကျား/မ (၅)ဦး
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်အထက်ရှိသူ
- Sale Team တစ်ခုကို ဦးဆောင်နိုင်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- နယ်သို့ခရီးထွက်နိုင်ရမည်။

လျှောက်ထားလိုသူသည် ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် အမှတ်(၄၂/A)၊ ပထမထပ်၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
- Centralstar2010@gmail.com သို့လည်း လျှောက်ထားနိုင်ပါသည်။

## SUPER RICH MAN

**Swimming Pool & Construction Company**

**ဝန်ထမ်းအလိုရှိသည်**

## ဝန်ထမ်းအလိုရှိသည်

## Cosmos Novel Tech Co., Ltd

Room (802), Diamond Condo, Tower (A), Pyi Road, Kamayut Tsp, Yangon.

Junior Engineer ကျား/မ (၂၀)ဦး
- B.E(သို့) B.Tech (E.C, E.P, M.C)
- Automation Product

## Moe Kyaw Group of Company

**တိုက်အမှတ်(၁/၈)၊ မြနန္ဒာလမ်း၊ (၆၂×၆၃လမ်းကြား) (၂၇×၂၈လမ်းကြား)**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၈၆၂၄၀၉၇၊ ၀၉-၄၂၁၀၆၉၆၉၂၊ ၀၉-၂၅၀၂၇၃၄၂၈**

လုပ်ငန်းခွင်အင်ဂျင်နီယာ(Site Engineer) ကျား(၅)ဦး
- BE/B.Tech/AGTI (Civil) လက်မှတ်ရရှိပြီးသူဖြစ်ရမည်။
- အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိသူဖြစ်ရမည်။
- Estimate တွက်ချက်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form နှင့်အတူ Pass Port ဓာတ်ပုံ(၃)ပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် အခြားကျွမ်းကျင်မှုဆိုင်ရာ Certificate များတင်ပြ၍ မျှော်မှန်းလစာတို့ကို ပြည့်စုံစွာဖော်ပြပြီး ၃၁-၁၀-၂၀၁၄ ရက်နောက်ဆုံးထား၍ လျှောက်လွှာများ ပေးပို့နိုင်သည်။

## Full-time Consultant (၂) ဦးအလိုရှိသည်

Building 14, Room-601, Myanmar ICT Park, Universities' Hlaing Campus, Hlaing Township, Yangon.
Tel: 01 2305206, 09 5029577.

## အသိပေးဖိတ်ခေါ်ခြင်း

မန္တလေး(G.T.I)ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ (ရန်ကုန်)လူမှုကူညီရေးအသင်းအား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဖွဲ့စည်း တည်ထောင်ပြီး လူမှုဖွံ့ဖြိုးရေး၊ သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါ၍ ကျန်ရှိနေသော အသင်းမဝင်ရသေးသူများမှ အသင်းဝင်များအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန် အသိပေးဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်**

**ဦးကျော်ဇံ 09-250190983** **ဦးခင်မောင်လွင် 09-254418042**
**ဦးမျိုးလွင် 09-254008142** **ဦးစံလွင် 09-254126292**
**ဦးညွန့်မောင် 09-5026098** **ဒေါ်ညိုညိုဝင်း 09-73060972**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဦးသန့်ဇင်[၉/မထလ(နိုင်)၁၃၁၉၃၇]ကိုင်ဆောင်သူ၏ နိုင်ငံသားမှတ်ပုံတင်နှင့် CB Bank ငွေစုစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
**Ph : 09-5111838, 09-450064987, 09-31958581**

# သီရိကြာဖြူ သတင်းတိုက်

## ဖိတ်ကြားခြင်း

ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၁၆/၈၄) သာရေး/နာရေးအဖွဲ့ ရန်ကုန်၏ ပထမအကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသားများအား အာဟာရဒါန(နံနက်/နေ့လယ်/ညနေ) ကျွေးမွေးလှူဒါန်းမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၂၈-၁၀-၂၀၁၄ရက်(အင်္ဂါနေ့)
အချိန်။ ။ နံနက် ၁၀း၀၀နာရီ
နေရာ။ ။ ရတနာပုံရိပ်မြိမ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သုမင်္ဂလာလမ်း၊ (၁၄/၁၅လမ်းဆုံအနီး) ကျိုက္ကဆံ အနောက်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ပါဝင်လှူဒါန်းလိုသူများအောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဦးကျော်ဝင်း(ဥက္ကဋ္ဌ) ၀၉-၂၅၀၂၉၀၁၉၄**
**ဦးဇော်ဝင်း(အတွင်းရေးမှူး) ၀၉-၄၃၀၃၃၉၄၉**
**ဦးနေဝင်း(စ. စ. စ)(ငြိမ်း) ၀၉-၅၁၉၉၃၄၂**
**ဦးကျော်ကျော်သက် ၀၉-၅၁၂၈၂၁၁**
**ဦးကျော်ကျော်လင်း ၀၉-၄၂၁၀၈၃၅၆၅**

# ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဦးသန်းလွင်(ရန်ကုန်တိုင်းဒေသကြီးမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်စန်းစန်းဝင်း(အလယ်တန်းပြ-ငြိမ်း)တို့၏သားကြီး

## မောင်ဇေယျာထက်လွင်

**B.E(Electronic)**
**Managing Director (Orient Crane Co., Ltd)**

နှင့်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နေ
ဗိုလ်မှူးကြီးကြည်စိန်(ငြိမ်း)-ဒေါ်ခင်မေမြတ်(စိန်သိန်းသန်းစိုး သတ္တုတူးဖော်ရေးကုမ္ပဏီ)တို့၏တစ်ဦးတည်းသောသမီး
ဦးထင်ကျော်-ဒေါ်လှလှထူး(Hotel Royal Luxury Inle)တို့၏တူမ

## မသီရိမွန်

**B.A(English) YUFL,**
**Diploma in Tourism Management, Singapore**
**Director (Orient Crane Travels & Tours)**

တို့သည် ၁၈. ၁၀. ၂၀၁၄ ရက်တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇေယျာထက်လွင်- မသီရိမွန်**

## မြေညီ+ပထပ်အရောင်း

ကျောက်မြောင်းဈေးကားဂိတ်
15' x 50' သိန်း ၃၈၀၀
**Ph:09-5152759, 09-253306481**

## ဝယ်လိုသည်

- ကားအပ်ပြီးစလစ်၊
- ယာဉ်အိုယာဉ်ဟောင်းအပ်ကား၊
- စက်မှုဇုန်ထုတ်အပ်ကား

**Ph:09-448007377**

## စက်ရုံငှားရန်ရှိသည်

၁။ လှိုင်သာယာစက်မှုဇုန်
၂။ ဝါးတရာစက်မှုဇုန်
၃။ ပဲခူးဟံသာဝတီစက်မှုဇုန်

**ဆက်သွယ်ရန်ဖုန်း-၀၉-၃၁၆၅၆၄၀၇၊ ၀၉-၇၃၂၃၆၅၅၉**


# ဂုဏ်မြင့်သူ
## ဆံပင်သန်၊ ဆံပင်ပေါက်ဆေး





# MIC
# Myanmar Imperial College

edexcel



- Diploma in Business
- Diploma in Advertising & Branding
- Diploma in Hospitality & Tourism
- B.A (Hons) Business Management
- B.A (Hons) Marketing Management

# MBA

Enroll Now! 09 73210001/01 537562


## အမျိုးသမီးသီးသန့် အလှပြုပြင်ရေး-သင်တန်း

ဘာသာစုံ-ပညာဒါနသင်တန်းကြေး(၂)သိန်း
**Ph:09-32116047, 09-73226041**


# ၁၂-ရာသီဖော်ကိန်း

Samsung
GALAXY Note 4

SAMSUNG

စတင်ရောင်းချခြင်း အထူးအစီအစဉ်

အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့်အပြင်

• Original S View Cover (၁)ခု • Note 4 အတွက် Discount (၁၀၀၀၀)ကျပ်

• MAB Visa Card (၁) ကတ် တို့ကို
မေတ္တာတုံ့ပြန်မှုအနေဖြင့် ပေးအပ်သွားမည် ဖြစ်ပါသည်

အောက်တိုဘာ ၂၆ တစ်ရက် တည်းသာ

တစ်ပြိုင်တည်း ရောင်းချပေးမည့် အစီအစဉ်

ရန်ကုန်မြို့ ပင်းရဲ့ခကျစ်ရွာလမ်း ( UMFCCI ) ခန်းမ
နံနက် (၉)နာရီမှ ညနေ (၅)နာရီထိ

မန္တလေးမြို့ SkyWalk Shopping Centre
( Promotion Area ) နံနက် (၉)နာရီမှ ညနေ (၅)နာရီထိ



Do you Note?

Customer Contact Center 01-2399 888

samsungmyanmar

NEW MOTION TRAVELS & TOURS
escape From Everyday Life

Bali Gaya Korea
Japan America Malaysia S'pore-Malay
Singapore Vietnam Hong Kong
Chiang Mai (1st Roadway) Bangkok (1st Roadway)

No.19, Kyun Taw Road, Sanchaung Township, Yangon
508124, 527254, 515255, 09731480953-44-55-66

562829, 09-73198239
569782, 09-43033237

WINTER 2014 PROMOTION!
Sales & Travel period: NOW until 31 DEC 2014

| | | |
|---|---|---|
| BANGKOK 111++ | | THAILAND DOMESTIC 196++ |
| SINGAPORE KUALA LUMPUR 213++ | INDO-CHINA 234++ | CHINA 277++ |
| HONG KONG 206++ | KOREA 306++ | JAPAN 356++ |
| AUSTRALIA 605++ | EUROPE 747++ | LOS ANGELES 747++ |

Columbus TRAVELS T: 229245, 216245, 378535, 378549

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့




# NOKIA 108

PREMIUM KEYPAD PHONE FOR MYANMAR

- Myanmar font ထပ်ပါဝင်ခြင်း
- MP3 player ပါရှိခြင်း
- ကင်မရာပါရှိခြင်း
- Dual Sim (GSM)
- 1 Year Official Warranty
- Free 4GB Micro SD Card!

https://www.facebook.com/nokiamyanmar

**Nokia Showroom & Service Center:** 153A, Shwe Gone Taing Road, Bahan Township, Yangon; Ph Nos: 09 31873054 (Retail), 09 421143000 (Wholesales)
**Official Nokia Phones available at the following major shops in Myanmar: Yangon:** Jaymart, KMD, Orbit, e-city, Lugyimin, Mr Fone, Elite, Mobile mother **Pathein:** Sun Mobile, Mobile Zone **Pyay:** Wise Power, NSM, Zaw **Bago:** 342 Mobile, Junction Mobile **Myeik:** Elite **Dawei:** DCom **Pha An:** Treasure Net, Zenith, **Mawlamyine:** Mobile Zone, KMD, UOK, Shwe Phone Mon **Taungoo:** Tae Kabar, Hello, Dr G, Mobile house **Nay Pyi Daw:** 3D, KMD, e-city **Meiktila:** KMD **Mandalay:** KMD, e-city, YK, Pink **Loikaw:** Orbit **Magway:** Orbit, KMD **Lasho:** KMD **Myitkyina:** Elite **Taunggyi:** i-Angel



# F&N Foods Pte Ltd Myanmar Branch

- Brand Manager / Executives
- Marketing Service Manager
- Business Development Manager / Executive
- Route to Market Manager / Executive
- Finance & Admin Manager
- Supply Chain Manager / Executive

We are Expanding

Qualification for all the above:
- Minimum Bachelor Degree or equivalent
- Relevant experience in similar scope of work with minimum 5-6 years
- Highly passionate with a strong sense of teamwork
- Strong desire to learn and not afraid to try!
- Highly motivated with fighting spirit and a self-starter
- Focused & Energetic

Applicants are invited to forward their resume to



100 PLUS

F&N SEASONS

pure enjoyment . pure goodness F&N




# တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲနှင့် မြို့လုံးကျွတ် မဟာဘုံကထိန် လှည့်လည်ပွဲတော်များအား ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၃၀ရက် (၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ရက်)မှ နိုဝင်ဘာလ ၇ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်အထိ) အဝေယာမီးပုံးပျံ ပြိုင်ကွင်းတွင် ကျင်းပမည်ဖြစ်ပါသည်။ ပွဲတော်ကာလအတွင်း နေ့/ည မီးပုံးပျံပြိုင်ပွဲများ (နေ့လွှတ်အရုပ်မျိုးစုံ/ညမီးကြီး/စိန်နားပန်)၊ မီးပဒေသာလှည့်လည်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ Miss တန်ဆောင်တိုင်ရွေးပွဲ၊ အလွတ်တန်းခတ်ပုံပြိုင်ပွဲနှင့် ဈေးပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သည် ၁၉၄၁ခုနှစ်ခန့်ကပင် စတင်လွှတ်တင်ခဲ့ပြီး ၁၉၅၃-၅၄ ခုလောက်တွင် ပြိုင်ပွဲအသွင် တဖြည်းဖြည်းစည်းကားလာခဲ့သည်မှာ ယနေ့ဆိုပါလျှင် နှစ်ပေါင်း(၇၃)နှစ်တိုင်ခဲ့ပြီး ကမ္ဘာသိ၊ မြန်မာသိ ပွဲတော်ကြီးတစ်ခုပင်ဖြစ်နေပါသည်။ မြို့လုံးကျွတ် ဘုံကထိန်ပွဲတော်မှာလည်း လွတ်လပ်ရေးမရမီကပင် စတင်ကျင်းပလာခဲ့ပြီး ၂၀၀၁ခုနှစ်မှစတင်ပြီး ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးကျင်းပလာခဲ့သည်မှာ ယနေ့ထိတိုင် ကြာမြင့်ခဲ့ပြီး အလွန်ပင်စည်းကားသိုက်မြိုက်လှသည့်ပွဲတော်ကြီးအား ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ လာရောက်လည်ပတ်ရင်း အတူတကွ ပါဝင်နွှဲပျော်ကြပါရန် သတင်းကောင်းပါးအပ်ပါသည်။

**တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ**






## ဝါကျွတ်အထူးဈေးရောင်းပွဲတော်

ဧကဝင်းစင်တာ ဝါကျွတ်အထူးဈေးရောင်းပွဲတော်၌ အဝတ်အထည်များ လူသုံးကုန်ပစ္စည်းများ စားသောက်ကုန်များကို ဆိုင်ခန်းများမှ လျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ပါသဖြင့် ဆိုင်ခန်းမှ လျှော့ဈေးများသည် (၂၄) ရက်အောက်တိုဘာ နောက်ဆုံးထား၍ ဧကဝင်းစင်တာ Promotion & Customer Services Counter တွင် ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

28th 29th 30th 31th

အောက်တိုဘာလ (၃၁) ရက်နေ့ ညနေ (၆) နာရီမှစတင်၍ " JAM it " ဖျော်ဖြေမှုနှင့် အတူ ရင်ခုန်ဖျော်ရွှင်မှုများ Halloween Costume ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ပါသဖြင့် ပါဝင်ဆင်နွှဲနိုင်ပါသည်။

OCT OBER 2014

အမှတ် (၄၅)၊ ပြည်လမ်း ... ဖုန်း - ၀၁၆၈၀၁၁ ... - ၂၂၂၂

THE LINS Travels & Tours Co., Ltd.

We Care Your Trip

... → (Nov - 6,22,29,), (Dec-6,25) 30,000
... Hotel Max → (Oct -25), (Dec-20) 75,000
... Yamonaroo → (Oct -31), (Nov-14) 76,000

Private Tour ...

အမှတ် (47) ...
ဖုန်း - 01-281784, 01-281785, 01-298531, ...
Email - thelinstravel@gmail.com, info.thelinstravel@gmail.com

YUZANA GARDEN

Contact : 249561~2

Organized by
AVSS Myanmar

YANGON
25th Oct 2014
(SATURDAY)
9 a.m to 5 p.m
Grand Ballroom
PARKROYAL Hotel

FREE ENTRY

MANDALAY
26th Oct 2014
(SUNDAY)
1 p.m to 5 p.m
Ballroom
Swan Hotel

၂၀၁၄ ခုနှစ်
ဩစတြေးလျ ပညာရေးပြပွဲကြီး

... Post Study Work Right Visa ...

FOR MORE INFORMATION
YANGON : No. 127(A), 1st Floor, West Shwe Gone Daing Rd., Bahan Tsp., Yangon, Myanmar
MANDALAY : ... Mandalay, Myanmar

GS MEDICAL CENTER
Physical & Rehabilitation Therapy
MACHINE AND SKILL COME FROM KOREA



GSMC ... GS Medical Center ...

မြို့ရှာတစ်ခွင် သာစေချင် မီးတွင် မပေါ်နိုင်
















**အမည်ပြောင်း**

ဦးကျော်ဦး၏သမီး ပြွန်တန်ဆာမြို့ လင်းရောင်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်း(င)တွင် ပညာသင်ကြားနေသော မဆုတုံချစ်အား မမြတ်ပန်းမြင့်မိုရ် ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။ **မမြတ်ပန်းမြင့်မိုရ်**









သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့




**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုအောင်ကျော်ထက်[၁၄/လပတ(နိုင်)၁၇၂၇၃၀]၏ PP No. M750096 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၂၅၀၃၅၉၉၉၂**

















မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင်မပေါ့နှင့်














သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

# SOC Strand Office Complex

# OPENING SOON !




Modernized Office Space

## Available




**Please Contact us :**

**09-253372122**
**09-253372123**

No-53, Strand Road, Between Bo Soon Pat Street & 32nd Street, Pabedan Township, Yangon.
Fax : 01-378110. Email : strandofficecomplex@gmail.com, geraldyangster@gmail.com